# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၀)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## နိုင်ငံတစ်ဝန်းလုံး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်
## ဈေးကွက်နှင့်ကိုက်ညီသော သီးနှံပုံစံနှင့် သီးနှံအမယ်များ ရွေးချယ်စိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စံပြစိုက်ကွင်း၌ စိုက်ပျိုးရေးပညာရှင်များ၊ ကောက်စိုက်လုံမေများနှင့်အတူ ပျိုးခင်းအတွင်းရှိ ပျိုးပေါင်များပေါ်တွင် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို မျိုးစေ့ချပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု ချောင်းမငယ်ဆည်ရေသောက် အဆင့်မြင့်လယ်ယာမြေ ဧက ၂၀၀ စိုက်ခင်း၌ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး ဧက ၂၀၀ စံပြစိုက်ကွင်း စိုက်ပျိုးပွဲနှင့် ပျိုးကြဲပွဲအခမ်းအနားသို့ တက်ရောက်၍ စိုက်ပျိုးရေးပညာရှင်များ၊ ကောက်စိုက်လုံမေများနှင့်အတူ ပျိုးခင်းအတွင်းရှိ ပျိုးပေါင်များပေါ်တွင် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို မျိုးစေ့ချပေးကြပြီး စိုက်ကွင်းအတွင်းရှိ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသည့် ၁၀ ရက်သားရှိ စိမ်းစိုသန်စွမ်းနေသော ပျိုးခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တောင်သူနည်းပညာပေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ မိမိတို့နိုင်ငံ၏ ဝမ်းစာဖူလုံရေးသည် အဓိကအချက်ဖြစ်ပြီး လယ်စိုက်ခြင်းဖြင့် အကျိုးအမြတ်နည်းပါး၍ စိုက်လိုအား လျော့နည်းခြင်း၊ လယ်မြေဧကများ လျော့နည်းလာခြင်းတို့ကြောင့် ရှိသည့်လယ်မြေပေါ်တွင် အထွက်နှုန်းတိုးတက်လာစေရန် ပုလဲသွယ်စပ်မျိုးစပါးများကို ပြောင်းလဲ၍ သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် ဆောင်ရွက်ပေးနေကြောင်း။

ထိုသို့ ဆောင်ရွက်ပေးခြင်းဖြင့် လယ်မဲ့၊ ယာမဲ့များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး ကောက်စိုက်လုံမေများလည်း ဝင်ငွေတိုးတက်ရရှိစေကာ ***စာမျက်နှာ ၃ ကော်လံ ၁*** ❐

**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ တတိယအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များအား တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**

## နိုင်ငံတော်အစိုးရ၏ကိုယ်စား ကျေးလက်နေပြည်သူများအား စောင့်ရှောက်
## ပြည်သူလူထု၏အခက်အခဲများကို ထိရောက်စွာ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ တတိယအကြိမ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကျေးလက်ဒေသ ***စာမျက်နှာ ၆ ကော်လံ ၁*** ❍

## ပြည်ပတင်ပို့ဆန်ဈေးကွက် အလားအလာကောင်းလာ

**သတင်းမှတ်စုနှင့်**
**ဓာတ်ပုံ**
**ခင်လေးမြင့်အောင်**

***ရန်ကုန် ဇူလိုင် ၂၀***

*မြန်မာနိုင်ငံမှထွက်ရှိသည့် ၂၅ မှတ်ဆန်များအား ပြည်ပနိုင်ငံအများစုမှ မှာယူရန် ကမ်းလှမ်းမှုများ၊ လှေ့လာမှုများ ပြုလုပ်လာလျက်ရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်းမှ သိရှိရသည်။*

*“၂၅ မှတ်ဆန်ကို နိုင်ငံတကာဈေးကွက်မှာ အိန္ဒိယက အဓိကရယူထားပေမယ့် အခုအချိန်က အိန္ဒိယနိုင်ငံမှာလည်း ရွေးကောက်ပွဲကာလဖြစ်နေတာနဲ့ ငွေကြေးတန်ဖိုးမြင့်တက်နေတာတွေရယ်ကြောင့် မြန်မာ့ဆန်ကိုတင်သွင်းဖို့ စဉ်းစားလာကြတာ ဖြစ်ပါတယ်။အရင်ကလည်း အိပ်စ်ပို့ဆန်ဈေးကွက်မှာ အိန္ဒိယကဈေးသက်သာပြီး အရည်အသွေးပိုင်းက တိကျတဲ့အတွက် ဈေးကွက်နေရာရထားပေမယ့် အခုလပိုင်းမှာ အခြေအနေက မြန်မာ့ဆန်အတွက် အခွင့်အရေးတွေ ပြန်ရလာပါတယ်။ ယခုလမှာကိုပဲ ဆန်တွေတင်ပို့ဖို့အတွက် စီစဉ်ထားပါတယ်”ဟု မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။*

*နှစ်ဆန်းပိုင်းမှစတင်ကာ မြန်မာ့ဆန်ဈေးကွက်ရောင်းအားအများစုကို အိန္ဒိယနိုင်ငံသို့ ဆန်တင်ပို့မှုမှရယူခဲ့ပြီး ယခုလမှစတင်ကာ ပိုမိုအမှာများလျက်ရှိကာ အများစုမှာ အာဖရိကနိုင်ငံများမှ ဝယ်လက်များဖြစ်ကြောင်း သိရှိရသည်။*

*“ဒီနှစ်ဆန်းပိုင်းကတော့ အိန္ဒိယက ဆန်အိပ်စ်ပို့မူဝါဒတွေလည်း ပြောင်းခဲ့တဲ့အတွက် သူတို့ရဲ့တင်ပို့မှုက အားပိုကောင်းလာတော့ မြန်မာ့ဆန်ဈေးကွက်မှာ တင်ပို့မှုလျော့ကျခဲ့ရတယ်။ အခုချိန်မှာတော့ ပြန်လည်အားကောင်းလာခဲ့ပါပြီ။* ***စာမျက်နှာ ၈ ကော်လံ ၃*** ❖

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇူလိုင် ၂၁ ရက်)

# ချမ်းသာခြင်း အကြောင်းတရားများ

ဤလောက၌ ဆင်းရဲခြင်းဒုက္ခကို မည်သူမျှ အလိုရှိကြမည်မဟုတ်ချေ။ ချမ်းသာခြင်းသုခကိုသာ အလိုရှိကြကုန်၏။ ချမ်းသာခြင်းသည် အမျိုးမျိုးရှိ၏။ စည်းစိမ်ဥစ္စာရတနာများ ချမ်းသာကြွယ်ဝခြင်းသည် ချမ်းသာခြင်းအစစ်အမှန် မဟုတ်ပေ။ ရှေးကပြုဖူးသော ကုသိုလ်ကောင်းမှုနှင့် လက်ရှိဘဝ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ပေါ်လာရသော ချမ်းသာခြင်းသာဖြစ်၏။ ဤချမ်းသာမှုသည် ရေပွက်ပမာသာ ဖြစ်၏။

ဤသို့ဆိုလျှင် ချမ်းသာခြင်းအစစ်အမှန်သည်ကား အဘယ်သို့နည်း။ ချမ်းသာခြင်းအစစ်အမှန်သည် ရှိ၏။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။ ဤကား ဓမ္မပဒအလိုပင် ဖြစ်ပေသတည်း။

သီလဟူသည် ကိုယ်နှုတ်စောင့်စည်းခြင်းပင်ဖြစ်ပြီး သူတော်ကောင်းဥစ္စာ ခုနစ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်၏။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့အနေဖြင့် ဆရာတော် သံဃာတော်များထံမှောက်၌ ပဉ္စသီလံ ဓမ္မံယာစာမိအစချီ၍ ငါးပါးသီလကို ခံယူကြသည့်အလျောက် မကောင်းမှုအလုပ်များ ရှောင်ရှားကြမည်ဆိုလျှင် စစ်မှန်သော ချမ်းသာခြင်း၊ ငြိမ်းအေးသောချမ်းသာခြင်းကို ရရှိမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထို့အပြင် အခိုင်အမြဲတည်ရှိသော သဒ္ဓါတရားသည် ချမ်းသာခြင်းအကြောင်းတရားဟု ဆိုထားသည့်အလျောက် ဤကောင်းမှုပြုလျှင် ဤကောင်းကျိုးကိုရမည်ဟု စွဲမြဲစွာယုံကြည်ခြင်းအပြည့်အဝဖြင့် လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင်လည်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းအကြောင်းကို ဖြစ်စေနိုင်ပေသည်။ လူအချင်းချင်း ရိုင်းပင်းကူညီခြင်း၊ တတ်စွမ်းသမျှ ပေးကမ်းစွန့်ကြဲခြင်းအမှုတို့သည်လည်း ကောင်းမွန်သော အကြောင်းတရားများပင်ဖြစ်၏။

တစ်ဖန် အသိဉာဏ်ပညာကိုရခြင်းသည် ချမ်းသာခြင်းအကြောင်းတရားဟုဆိုသည့်အလျောက် လူတို့အနေဖြင့် အသိဉာဏ်ပညာပွားများအောင် ကြိုးစားအားထုတ်သင့်၏။ အသိဉာဏ်ပညာပွားများနိုင်သော အဓိကအကြောင်းတရားမှာ စာပေဗဟုသုတများ ရှာမှီးခြင်းပင်ဖြစ်၏။ စာများများဖတ်မှသာ အသိဉာဏ်ပညာကိုရနိုင်၏။ လူငယ်လူရွယ်တို့အနေဖြင့် စာများများဖတ်သင့်၏။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးကြောင့် ဤအရာတော့လုပ်သင့်သည်၊ ထိုအရာတော့မလုပ်သင့်ဆိုသည့် အတွေးအခေါ်အယူအဆကောင်းများ ရရှိလာ၍ ချမ်းသာခြင်းအကြောင်းကို ဖြစ်စေနိုင်ပေသည်။

နောက်ဆုံးတစ်ခုအနေဖြင့် မကောင်းမှုကို မပြုခြင်းသည် ချမ်းသာရာရ၏ဟု ဆိုထားသည်။ သံမှဖြစ်သော သံချေးသည် ထိုသံကို ဖျက်ဆီးဘိသကဲ့သို့ မကောင်းမှုပြုသောသူသည် ထိုမကောင်းမှုကပင် သူ့ဘဝကို ပျက်စီးစေနိုင်၏။ ထို့ကြောင့် မကောင်းမှုမှရှောင်ကြဉ်ခြင်းသည်သာ ချမ်းသာခြင်းအကြောင်းတရားပင် ဖြစ်၏။

သို့ဖြစ်ပါ၍ လူတို့အနေဖြင့် ချမ်းသာခြင်းအစစ်အမှန်ကို ရရှိလိုပါလျှင် အထက်ဖော်ပြပါ အကြောင်းတရားလေးပါးကို ဆင်ခြင်သုံးသပ်သတိချပ်လျက် ကျင့်ကြံကြိုးစားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

## ရေကြည်မြို့နယ် ဒိုးကုန်းကျေးရွာ၌ အမကကျောင်းဆောင်သစ်ဖွင့်

**ပုသိမ် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဒိုးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်နှင့် တိုင်းဒေသကြီးပညာရေးမှူး ဦးစိုးမြင့်တို့က အမှာစကားပြောကြားကြသည်။ထို့နောက် အလှူရှင်ဦးကိုကိုအေးက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော မှတ်တမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ရေကြည်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်အေးကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးမှူး၊ အလှူရှင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်လွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောင်းဆောင်သစ်ကို ရန်ကုန်မြို့ ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီ လီမိတက် အထွေထွေမန်နေဂျာ ဦးကိုကိုအေးနှင့် ဦးရန်နိုင်လွင် မိသားစုတို့က ငွေကျပ်သိန်းသုံးရာနှစ်ဆယ့်ခြောက်သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်သစ်ဖြစ်ပြီး အလျား ပေ ၉၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေ ရှိ R.C ကွန်ကရစ်အဆင့်မြင့် ကျောင်းဆောင်သစ်ဖြစ်ကြောင်းသိရှိရသည်။ **(၀၉၃)**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## အိမ်မဲမြို့နယ်၌ ဂီတအစည်းအရုံးဖွဲ့စည်းတာဝန်ပေးအပ်

**အိမ်မဲ ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်းရှိ ခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရာဇာဝင်းက အမှာစကားပြောကြားပြီး ဖွဲ့စည်းရေး အဖွဲ့ခေါင်းဆောင် ဂီတအစည်းအရုံး ဗဟိုကော်မတီဝင် ပျဉ်းမနားဦးမြင့်လှိုင်က မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းသည်။ ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အိမ်မဲမြို့နယ်ဂီတအစည်းအရုံး တာဝန်ပေးအပ်ထားသည့် အမှုဆောင်စာရင်းကို ဂီတအစည်းအရုံး ဗဟိုကော်မတီဝင် ဦးတင်ဦးလေးက ဖတ်ကြားကြေညာသည်။ အိမ်မဲမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးစန်းယု၊ အတွင်းရေးမှူး ဦးအောင်ကျော်စိုးနှင့် အမှုဆောင်ကော်မတီ ကိုးဦးတို့ဖြင့် တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၄၃)**

## ပညာသင်ထောက်ပံ့ကြေး ဒဂုံမြို့သစ်၌ ပေးအပ်

**ရန်ကုန် ဇူလိုင် ၂၀**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်ကမြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်က ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ငွေကျပ်၁၀၅၅၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၀၄၅)**

## သမဝါယမနှစ်အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်

**မကွေး ဇူလိုင် ၂၀**

၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက စီစဉ်ကျင်းပသည့် စာစီစာကုံး၊ ကျပန်းစကားပြော၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်းနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ အသင်းဖွဲ့စည်းရေး အကောင်းဆုံးဆု၊ CB ဘဏ်အစုရှယ်ယာအစုပြည့်ထည့်ဝင်မှုဆု၊ တိုင်းဒေသကြီး သမဝါယမဝန်ထမ်းများ၏ သားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးနှင့်အထက်ရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီခွဲက မကွေးမြို့ သမဝါယမသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင်ဆုရရှိသူများနှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်းသိရှိရသည်။**(မြို့နယ် သ/မ)**

## မိုးရာသီကာလ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရေကြည် ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ချင်းကုန်းကျေးရွာမှ လင်သတ်ကွင်းကျေးရွာအထိ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးရီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ကျောင်းသား ကျောင်းသူများနှင့်ဒေသခံပြည်သူများက ကျွန်းပင် ၉၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **မင်းဇော်ဦး(ရေကြည်)**

## မင်းလှမြို့နယ်၌ အခွန်ဆိုင်ရာဟောပြော

**မင်းလှ ဇူလိုင် ၂၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် မင်းလှမြို့နယ် ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပသည့် အခွန်ဆိုင်ရာပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက်က အထက(ခွဲ)စိန်ကန့်လန့်ကျေးရွာနှင့် မွန်းလွဲပိုင်းတွင် အလက သရက်တပင်ကျေးရွာတို့၌ ကျင်းပသည်။

ဟောပြောပွဲတွင် မင်းလှမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းက မြန်မာနိုင်ငံ အခွန်စနစ်အကြောင်း၊ အခွန်ကောက်ခံရခြင်းရည်ရွယ်ချက်၊ အခွန်စနစ်ပေါ်ပေါက်လာပုံ၊ နိုင်ငံသားတိုင်းအခွန်ထမ်းဆောင်ရန် တာဝန်ရှိပုံနှင့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို တက်ရောက်လာသူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပြည်တွင်းအခွန်)**

## ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုး

**သနပ်ပင် ဇူလိုင် ၂၀**

သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ကျောင်းရှေ့မျက်နှာစာနှင့်ကျောင်းဝန်းကျင်ရှိ သတ်မှတ်နေရာများတွင် ဇူလိုင် ၈ ရက် နံနက် ၇ နာရီက သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးလှစိုးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပဲခူးမြို့နယ်သစ်တောအုပ်ကြီးဦးသိန်းရွှေနှင့် သစ်တောဝန်ထမ်းများက ကျွန်းပင်၊ ပျဉ်းမပင်၊ ခရေပင်၊ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ မလေးရှား၊ အော်ရီးရှား၊ တည်ပင်၊ မဲဇလီနှင့် အခြားစားပင်သီးပင်များ အပါအဝင် ပျိုးပင်ပေါင်း ၂၈၀ ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်သစ်တော)**

## ထူးချွန် ကျောင်းသားများအား မိုးမောက်၌ ဂုဏ်ပြု

**မိုးမောက် ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထက ပညာရတနာခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးဒေါ်မလန်ရွယ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ငါးဘာသာဂုဏ်ထူးရ တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ လေးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ၄၆ ဦးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ဆုငွေများပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ထွေ/အုပ်)**

## ပျော်ဘွယ်မြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

**ပျော်ဘွယ် ဇူလိုင် ၂၀**

ပျော်ဘွယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက သစ်ဆိမ့်ပင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးလှမြင့်အောင်က တောင်သူများအား စပါးတစ်ဧက တင်း ၁၀၀နှုန်းနှင့်အထက်ထွက်ရန် လိုက်နာလုပ်ဆောင်ရမည့် သီပွံနည်းကျစိုက်နည်းစနစ်(၁၄)ချက်ကို ရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် ချောင်းမကြီးကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာ တောင်သူဦးကျော်ဝင်း၏ ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်း စံကွက်ကြီး ၁၀ ဧကတွင် စံကွက်ရိတ်သိမ်းရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့်တောင်သူများ တက်ရောက်လေ့လာကြသည်။ **(ဝဲပုံ)** အဆိုပါစံကွက်မှ တစ်ဧက ပျမ်းမျှခြောက်သွေ့ပြီးစပါး ၁၇၁ ဒသမ ၆၈ တင်းနှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(၄၄၈)**

❑ ရှေ့ဖုံးမှ

လယ်ပိုင်ရှင်များလည်း မိမိတို့စိုက်သလောက် ထိထိမိမိ အကျိုးရရှိခံစားရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများတွက်ခြေကိုက်ဝင်ငွေတိုး၍ အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသစ်ကာလ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရန် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ မြို့နယ်အသီးသီးကို ကွက်လပ်မကျန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို လက်တွေ့အောင်မြင်အောင်ဆောင်ရွက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

စပါးအပါအဝင် တွက်ခြေကိုက်ဝင်ငွေတိုးစေမည့် နေကြာ၊ မြေပဲနှင့် အစေ့ထုတ်ပြောင်းသီးနှံများကိုလည်း စိုက်ပျိုးနိုင်ရန် တောင်သူပညာပေးပြသခြင်းများကို ဆောင်ရွက်ထားရှိနေကြောင်း၊ တောင်သူလယ်သမားများ နိုးကြားတက်ကြွစွာဖြင့် တောင်သူအချင်းချင်းလက်ဆင့်ကမ်း၍ ပျံ့နှံ့အောင် ဆောင်ရွက်ကြရန်တို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ဆည်ရေသောက်စနစ် တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ကွင်းသို့ရောက်ရှိရာ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဧရာဟသ်ာကုမ္ပဏီများအုပ်စုမှ အထွေထွေမန်နေဂျာက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးများရှိ ပုလဲသွယ်စပါးများကို တင်း ၁၀၀ လျှင် ငွေကျပ်လေးသိန်းဈေးဖြင့် ကြိုတင်ငွေ တစ်ဧကငွေကျပ်နှစ်သိန်း ပေးချေဝယ်ယူနေမှု၊ ဆက်လက်၍လည်း ဝယ်ယူသွားမည့်အစီအစဉ်နှင့် ယခုရန်အောင်မြင်ဆည်ရေသောက် ပုလဲသွယ်စပ်မျိုးစပါး ၂၆၂ ဧက စိုက်ခင်းမှ ရိတ်သိမ်းထွက်ရှိမည့် စပါးများကို စိုက်ကွင်းအတွင်း လက်ငင်းငွေချေသယ်ယူရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီနယ်မြေ၌ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်လူနေမှုဘဝတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အတိုင်း တောင်သူများကိုယ်တိုင် တစ်ဦးချင်း တိုးတက်ကြီးပွားလိုစိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးပညာရှင်များအနေဖြင့် စိုက်ပျိုးရေးပညာရပ်များကို လယ်ကွင်းထဲအရောက် ပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရမည်ဖြစ်ကြောင်း လမ်းညွှန်မိန့်ကြားထားမှုရှိကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့်အညီ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိကြောင်း။

နေပြည်တော်ကောင်စီသည် တစ်နိုင်ငံလုံး၏ ဗဟိုချက်ဖြစ်၍ ပထမအဆင့် (၈)မြို့နယ်လုံး ဟန်ချက်ညီ တစ်ချိန်တည်းတစ်ပြိုင်တည်း တိုးတက်လာစေရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များမှ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်ပေးနေသည်မှာ ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ကျန်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များက စံနမူနာယူ နိုးကြားလာကြပြီး နိုင်ငံတစ်ဝန်းလုံး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ဆန်စပါးသီးနှံအပါအဝင် တောင်သူလယ်သမားများစိုက်ပျိုးသည့်သီးနှံများ ဝင်ငွေတွက်ခြေကိုက်ရေးအတွက် ဈေးကွက်နှင့်ကိုက်ညီသော သီးနှံပုံစံနှင့် သီးနှံအမယ်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း။

မြေ(၁)ဧက၏ အသုံးချတန်ဖိုးပေါ်မူတည်၍ (၁)ဧကဝင်ငွေ မည်မျှသေချာစွာရမည်ကို တွက်ချက်၍ ရွေးချယ်စိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်း၊ စပါးသီးနှံအပါအဝင် သီးနှံအမယ်အလိုက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြစ်သည့် (၁) ဧကတွင် အသုံးပြုရမည့်မျိုးစေ့ပမာဏ၊ အပင်အရေအတွက် စသည်တို့ကို အလေးထားလိုက်နာဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး အပင်အသီးပိုမိုရရှိစေပြီး ဝင်ငွေတွက်ခြေကိုက်မည် ဖြစ်ကြောင်း။

ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပြီး အလေအလွင့်လျော့နည်းစေရန် အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံများရိတ်သိမ်းချိန်တွင် စနစ်တကျဆောင်ရွက်မှုမရှိခြင်းကြောင့် လေလွင့်ဆုံးရှုံးမှု ၂၀ ရာခိုင်နှုန်းနှင့်အထက် ဖြစ်ပေါ်နေသည်ကို သတိပြု၍ ယခုမိုးကာလ၌ နေသာသည့် နေ့ရက်များကိုရွေးချယ်၍ စက်များဖြင့်တလင်းပျောက် ရိတ်သိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

အဓိကသော့ချက်ဖြစ်သည့် တောင်သူလယ်သမားများက ကိုယ်တိုင်နိုးကြားစွာ ပါဝင်ဆောင်ရွက်ကြပြီး မိမိတို့ရရှိခံစားရသည့် အကျိုးကျေးဇူးများအား အခြားသူများကိုလည်း ရရှိခံစားနိုင်ကြစေရန် တောင်သူအချင်းချင်းလက်ဆင့်ကမ်း စည်းရုံးပညာပေးခြင်းဖြင့် နိုင်ငံတစ်ခုလုံးပျံ့နှံ့သွားစေရေး ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

**ဇူလိုင် ၁၄ ရက်က သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကျောက်ရေတွင်းကျေးရွာ အထက(ခွဲ)၌ အခွန်ဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပရာ သန်လျင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်သိန်းက အခွန်ဆိုင်ရာ သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောစဉ်။** (၀၄၉)

● ကျောဖုံးမှ

လမ်းသွား လမ်းလာအားလုံး ပလက်ဖောင်းစကြံပေါ်မှဆင်း၍ ကားလမ်းမကြီး၏ နံဘေးက ကပ်ပြီး သွားလာခဲ့ရတဲ့အဖြစ်အပျက်. . . .။

ဒလဟောစီးဆင်းလာတဲ့ မိုးရေများက ကားလမ်းပေါ်မှာ စီးဆင်းနေကြပါတယ်။ အချို့နေရာများဆိုရင် ပလက်ဖောင်းကိုကျော်တက်လို့၊ အချို့နေရာများကျပြန်တော့ ကားလမ်းတစ်ဝက်နီးပါး ရေများဖုံးအုပ်ထားပြန်ပါတယ်။ တစ်ခါတစ်ရံ ဘေးနားက ကားက အရှိန်မထိန်းဘဲဖြတ်သွားရင် သကြံန်ရေပက်လိုက်သလို ခံလိုက်ရပါသေးတယ်။

ပိုလို့ဆိုးတဲ့နေရာကတော့ ဗိုလ်အောင်ကျော်လမ်းနဲ့ မဟာဗန္ဓုလလမ်းဆုံမှာပါ။ ဗိုလ်အောင်ကျော်လမ်းထဲမှာလည်း ရေတွေကပြည့်နေသလို မဟာဗန္ဓုလလမ်းမကြီးပေါ်မှာလည်း ရေတွေလျှံတက်နေပါတယ်။

မှတ်မှတ်ရရမြင်ကွင်းက ဝန်ကြီးများရုံးဟောင်းအနားမှာပါ။ "ရေပတ်လည်ဝိုင်းရံလျက်ရှိသောကုန်းမြေကို ဝန်ကြီးများရုံးဟုခေါ်ပါသည်" ဟု ငယ်ငယ်က ဖတ်စာလေးကို ပြန်မြင်ရင်းဆိုလိုက်ချင်ပါတယ်။

ဝန်ကြီးများရုံးဟောင်းရဲ့ ပတ်ပတ်လည်လမ်းတွေဖြစ်တဲ့ ဗိုလ်အောင်ကျော်လမ်း၊ မဟာဗန္ဓုလလမ်း၊ သိမ်ဖြူလမ်း၊ အနော်ရထာလမ်းတို့ရဲ့ ကားလမ်းတစ်ဝက်စီမှာ မိုးရေတွေက ချောင်းသဖွယ်စီးဆင်းနေပါတယ်။ ကားတွေက တစ်လိမ့်ချင်းလိမ့်နေရသလို ခရီးသွားအများက ရေထဲမှာတွင်း၊ ချိုင့်၊ မြောင်း စမ်းတဝါးဝါးနဲ့မို့ "မြို့လယ်ကောင်ရေတွေကြီးပါလို့ ခရီးကမတွင်" လို့ အမှတ်မထင်ကြုံတွေ့လာတဲ့ သတင်းလေးတစ်ပုဒ်အဖြစ် တင်ပြလိုက်ရပါတယ်။

# ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား မြန်မာ့မီးရထားမှ ထပ်ဆင့်ဂုဏ်ပြုဆုငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားရှိ ဌာနအသီးသီးမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သားသမီးများအတွက် ဌာနတာဝန်ခံများသို့ ထပ်ဆင့်ဂုဏ်ပြုလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထား နေပြည်တော်ဘူတာကြီးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အမှာစကားပြောကြားပြီး ဌာနတာဝန်ခံများသို့ ဂုဏ်ပြုဆုငွေများ လွှဲပြောင်းပေးအပ်သည်။

ယနေ့ ဂုဏ်ပြုဆုငွေလွှဲပြောင်းပေးအပ်ပွဲတွင် မြန်မာ့မီးရထားဝန်ထမ်းများ၏ သားသမီးများမှ ရိုးရိုးအောင် ၃၁၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၀၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀ စုစုပေါင်း ၄၃၆ ဦး အတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဆော၌ကျင်းပ

**ဆော ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီက ဆောမြို့နယ် မင်းလယ်ကျေးရွာအောင်သိဒ္ဓိဘုရားကုန်းအနီး မြေနေရာ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးရွာပြည်သူများအား စိုက်ပျိုးမည့် ကျွန်း၊ ကုက္ကိုမန်ကျည်း၊ ယူကလစ်အပါအဝင် ပျိုးပင်ပေါင်း အပင် ၆၅၀၀ ကို ဖြန့်ဝေပေးပြီး စိုက်ပျိုးခဲ့ကြကြောင်းနှင့် မြို့နယ်အတွင်း ၂၀၁၂ ခုနှစ် မိုးရာသီ၌ သစ်ပင်ပွဲတော်အပါအဝင် လူထု ဖြန့်ပျိုးပင် ၅၉၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(အောက်ပုံ) (မြို့နယ်သစ်တော)**

**ဇူလိုင် ၆ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မူခင်းကျဆင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပရာ သုဝဏ္ဏရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်အောင်ကြီးက မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားစဉ်။**

(စမ်းစမ်းကြည်-သဃ်န်းကျွန်း)

* ကျောဖုံးမှ

*တစ်ဖန် ယင်းအာကာသအဝေးကြည့်မှန်ပြောင်းတွင် မီဂါ ပီဆယ် ၅၇၆ သန်းရှိသော ကင်မရာတပ်ဆင်ထားရာ အာကာသရှိ ထူးခြားသော ကြယ်တာရာအစုအဝေးများကို လေ့လာသွားနိုင်မည်ဖြစ်သည်။ အဆိုပါအာကာသအဝေးကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အာကာသယာဉ်သည် ထူးခြားသော ကြယ်တာရာအစုအဝေးများကို လေ့လာနေသည့် အာကာသသိပ္ပံပညာရှင်များအတွက်လည်း အထောက်အကူပေးနိုင်မည်ဖြစ်သည်။ ယခု အာကာသအဝေးကြည့်မှန်ပြောင်းသည် ဟူဘယ် အာကာသအဝေးကြည့်မှန်ပြောင်းကဲ့သို့ ဂြိုဟ်နှင့် ကြယ်တာရာများ၏ အကောင်းဆုံးပုံရိပ်များကို ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။*

*၎င်းအာကာသ အဝေးကြည့်မှန်ပြောင်းတွင်တပ်ဆင်ထားသော မှန်ဘီလူးတစ်ခုမှာ အလင်းလှိုင်းများကို တုံ့ပြန်နိုင်ရာ အလင်းစူးရှသော အချို့ကြယ်တာရာများ၏ပုံရိပ်များကို အကောင်းဆုံးထုတ်ပြန်ပေးနိုင်မည် ဖြစ်သည်။*

***(အင်တာနက်)***

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွေးလှအား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မိုးရာသီနှင့် ရွှေဈေးကွက်

**သတင်းနှင့်ဓာတ်ပုံ-ရွှေဘုံသား**

**ရန်ကုန် ဇူလိုင် ၂၀**

မိုးများဖြိုင်ဖြိုင်ကျလာပြီဖြစ်သည့်အတွက် အခြားအခြားသော အရောင်းအဝယ်လုပ်ငန်းများနည်းတူ ရွှေအရောင်းဆိုင်များလည်း "မိုးနဲ့အတူ အေးလာကြောင်း" ရွှေဘုံသာလမ်းမှ ရွှေဆိုင်ကြီးတစ်ဆိုင်မှ ဆိုလာသည်။ **(အောက်ပုံ)**

ရွှေတူး၊ ရွှေကျင်လုပ်ငန်းများလည်း မိုးကြောင့် လုပ်ငန်းနားလာကြသဖြင့် ရန်ကုန်သို့ ရွှေအဝင် နည်းလာကြောင်း သိရသည်။

ရွှေအဝင်နည်းပြီး အရောင်းအဝယ်အေးသော်လည်း လုပ်ငန်းမထိခိုက်ကြောင်း ရွှေသန့်စင်သည့် ဆရာတစ်ဦးက ဆိုသည်။

သို့သော် ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရုံးခန်း၌မူ ကမ္ဘာ့ရွှေဈေးသတင်းကိုကြည့်၍ ရောင်းသူဝယ်သူဖြင့် စည်ကားလျက်ရှိနေဆဲပင်။

**တစ်ပတ်အတွင်း မြန်မာ့ရွှေဈေး၊ ကမ္ဘာ့ရွှေဈေး**

| ရက်စွဲ | အဖွင့်ဈေး(အခေါက်) တစ်ကျပ်သား | အပိတ်ဈေး(အခေါက်) တစ်ကျပ်သား | ကမ္ဘာ့ရွှေ တစ်အောင်စ |
|---|---|---|---|
| ၁၆-၇-၂၀၁၂ | ၇၃၁၀၀၀ ကျပ် | ၇၃၀၀၀၀ ကျပ် | ၁၅၈၉ ဒေါ်လာ |
| ၁၇-၇-၂၀၁၂ | ၇၃၁၄၀၀ ကျပ် | ၇၃၃၀၀၀ ကျပ် | ၁၅၉၄ ဒေါ်လာ |
| ၁၈-၇-၂၀၁၂ | ၇၃၁၀၀၀ ကျပ် | ၇၃၀၅၀၀ ကျပ် | ၁၅၈၀ ဒေါ်လာ |
| ၁၉-၇-၂၀၁၂ | ၇၃၀၀၀၀ ကျပ် | ၇၂၉၅၀၀ ကျပ် | ၁၅၇၈ ဒေါ်လာ |
| ၂၀-၇-၂၀၁၂ | ၇၃၀၀၀၀ ကျပ် | ၇၃၁၁၀၀ ကျပ် | ၁၅၈၄ ဒေါ်လာ |

**ယနေ့ ၁၅ ပဲရည် (အထည်ဈေး) တစ်ကျပ်သား ၆၈၅၄၀၀ ကျပ်**

အထက်ပါရွှေဈေးနှုန်းသည် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံးမှ တစ်နေ့တာ၏အမြင့်ဆုံးဈေးနှုန်းများဖြစ်ပါသည်။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**ပျဉ်းမနား ဇူလိုင် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အမှတ်(၃) အမက(မင်္ဂလာ)တွင် ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကျင်းပရာ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာန ဌာနစုမှူး ရဲအုပ်ဝင်းမြင့်က ခြေကျင်လျှောက်သူများလိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းများ၊ လမ်းညွှန်သင်္ကေတအမှတ်အသားများကို ရှင်းလင်းဟောပြောခဲ့သည်။ အခမ်းအနားသို့ အမက(၃) မင်္ဂလာ ကျောင်းအုပ်ဆရာကြီး ဦးဗိုလ်ထွေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ (၁၅၄)

**ဇူလိုင် ၃ ရက်က လှိုင်ကော်မြို့ နောင်ယား(က)ရပ်ကွက်ရှိ အထက(၃) ကျောင်းတွင် ကျောင်းသား ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါကင်းရှင်းရေးအတွက် ခြင်ဆေးဖျန်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းများ ဆောင်ရွက်စဉ်။**

(မြန်မာ့အလင်း)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

# ကလေးမွေးဖွားရန် ဆေးရုံသို့သွားနေသည့်အမျိုးသမီး မော်တော်ကားတစ်စီးပေါ်၌ အမြွှာမောင်နှမ မွေးဖွား

စင်ကာပူ ဇူလိုင် ၂၀

စင်ကာပူနိုင်ငံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်နေချိန်အတွင်း နေ့စေ့လစေ့ဖြစ်နေသော ကိုယ်ဝန်သည်တစ်ဦးသည် ဆေးရုံသို့ ခင်ပွန်းဖြစ်သူနှင့်အတူ မော်တော်ကားဖြင့် မောင်းနှင်သွားနေစဉ် လမ်းခရီးတွင် ၎င်းကားပေါ်၌ပင် အမြွှာပူးရင်သွေးငယ်နှစ်ဦးကို မွေးဖွားခဲ့ကြောင်း ဇူလိုင် ၁၉ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။ (ဝဲပုံ)

အသက် ၃၅ နှစ်အရွယ် ခင်ပွန်းဖြစ်သူ ကျူဝမ်ဇီသည် အလုပ်သို့မသွားမီ ၁၈ လအရွယ်သားငယ်အား စင်ကာပူရှိ ဘူကစ်ပန်ဂျန် ကလေးထိန်းဌာနသို့ သွားပို့ပြီးနောက် ဇနီးဖြစ်သူ တန်ဆီဂတ်က ဖုန်းဖြင့်အကြောင်းကြားမှုကြောင့် အိမ်သို့အမြန်ပြန်လာခဲ့သည်။

ဇနီးဖြစ်သူအား ဆေးရုံသို့တင်ပို့ရန် မော်တော်ကားမောင်းနှင်နေစဉ် ပန်ဒန်လမ်းမပေါ်၌ပင် ရေမြွှာကွဲပြီး ရင်သွေးငယ်တစ်ဦး၏ဦးခေါင်းထွက်လာသဖြင့် လမ်းဘေးရှိ ကားပါကင်တစ်ခုသို့ အမြန်ဝင်ရပ်ကာ အနီး၌ဖြတ်သွားသည့် အမျိုးသမီးနှစ်ဦးအား အကူအညီတောင်းခဲ့သည်။ အဆိုပါ အမျိုးသမီးနှစ်ဦးက အရေးပေါ်လူနာတင်ယာဉ်ကို ခေါ်ယူပေးပြီး ဝိုင်းဝန်းပြုစုပေးခဲ့ရာ လူနာတင်ယာဉ်မရောက်လာမီ ရင်သွေးငယ်တစ်ဦးကို ကားပေါ်၌ပင် မွေးဖွားခဲ့သည်။ သို့သော် ၎င်းရင်သွေးငယ်၏ ချက်ကြိုးမှာ မိခင်၏ဝမ်းဗိုက်အတွင်း ကျန်ရှိနေသည့် ရင်သွေးငယ်နှင့် ပူးတွဲနေသဖြင့် အခက်ကြုံတွေ့လျက်ရှိသည်။ ထိုအချိန်တွင် မုန်တိုင်းတိုက်ခတ်ပြီး မိုးရွာသွန်းလျက်ရှိသည်။ နောက်ထပ်လေးမိနစ်ခန့်အကြာ၌ ရင်သွေးငယ်တစ်ဦး ထပ်မံမွေးဖွားခဲ့သည်။ ပထမမွေးဖွားသောကလေးငယ်မှာ ယောကျ်ားလေးဖြစ်ပြီး ဒုတိယမွေးဖွားသောရင်သွေးငယ်မှာ မိန်းကလေးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

# နီပေါနိုင်ငံ၌ ရေလွှမ်း၊ လူနေအိမ် ၂၀၀၀ ကျော်နစ်မြုပ်

ခတ္တမန္ဒူ ဇူလိုင် ၂၀

နီပေါနိုင်ငံအနောက်အလယ်ပိုင်း ဒန်ခရိုင်အတွင်း ဇူလိုင် ၁၉ ရက်က မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရက်တီမြစ်ရေလျှံပြီး ဝန်းကျင်ဒေသတွင် ရေလွှမ်းမိုးသဖြင့် လူနေအိမ် ၂၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ (အပေါ်ပုံ)

ဒန်ခရိုင်အတွင်း ကျေးရွာသုံးရွာမှာ ဇူလိုင် ၁၉ ရက်က ရေလွှမ်းမိုးသဖြင့် ပြည်သူ ၄၀၀၀ကျော် ရေဘေးဒုက္ခနှင့် ကြုံတွေ့နေရသည်။ ဒေသတွင်းရေလွှမ်းမိုးမှုကြောင့် အသက်အရွယ်ကြီးသူတစ်ဦး ဒဏ်ရာရပြီး အိမ်မွေးတိရစ္ဆာန်အချို့သေဆုံးသည်။ ဒဏ်ရာရသူများကိုလည်း နီးစပ်ရာဆေးရုံတစ်ခုသို့တင်ပို့ခဲ့ရသည်။ ထိုအတွင်း ကယ်ဆယ်ရေးလုပ်သားများကို စေလွှတ်ထားကြောင်း သိရသည်။ (အင်တာနက်)

# ဘူလ်ဂေးရီးယားလေဆိပ်၌ အသေခံဗုံးခွဲ၊ အစ္စရေးခရီးသည် ငါးဦးသေဆုံး၊ ၃၀ ဒဏ်ရာရ

ဘားဂတ်စ် ဇူလိုင် ၂၀

ဘူလ်ဂေးရီးယားနိုင်ငံ ဘားဂတ်စ်လေဆိပ်၌ အစ္စရေးခရီးသည်များအား တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သည့် သံသယရှိသူအမျိုးသားတစ်ဦးအား စီစီတီဗွီလုံခြုံရေးကင်မရာတွင် တွေ့ရှိခဲ့ရကြောင်း ဇူလိုင် ၁၉ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်သူသည် အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် အမည်းရောင်အိတ်တစ်လုံးကို လွယ်ထားကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းမပြုမီ လေယာဉ်ဆိုက်ရောက်သည်နှင့် ထွက်ခွာရာနေရာတွင် လမ်းလျှောက်နေသည်ကို တွေ့ရကြောင်း၊ ၎င်းသည် အသက် ၃၆ နှစ်အရွယ်ခန့်ရှိပြီး အမေရိကန်ယာဉ်မောင်း လိုင်စင်အတုကို ကိုင်ဆောင်ထားကြောင်း ဘူလ်ဂေးရီးယားလေဆိပ် တာဝန်ရှိသူများက ပြောကြားသည်။

ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် ဇူလိုင် ၁၈ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ဖြစ်ပွားခဲ့ပြီး အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့မှ ဘူလ်ဂေးရီးယားနိုင်ငံအရှေ့ပိုင်း ဘားဂတ်စ်မြို့သို့ ဦးတည်ပျံသန်းလာသော ခရီးသည်တင်လေယာဉ်ပေါ်မှ အစ္စရေးခရီးသည်များအား တင်ဆောင်လာသည့် ဘတ်စ်ကားကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ (ယာပုံ) ၎င်းဗုံးခွဲတိုက်ခိုက်မှုကြောင့် အစ္စရေးခရီးသွားဧည့်သည် ငါးဦးနှင့် ဘူလ်ဂေးရီးယားယာဉ်မောင်းတစ်ဦး သေဆုံးသွားခဲ့ပြီး အခြားလူ ၃၀ ဒဏ်ရာရရှိသွားခဲ့သည်။ ထို့အပြင် အသေခံဗုံးခွဲသူဟု သံသယရှိသူပါ သေဆုံးသွားခဲ့သည်ဟု ဆိုသည်။

၎င်းတိုက်ခိုက်မှုနှင့် ပတ်သက်ပြီး အသေခံဗုံးခွဲတိုက်ခိုက်သူ၏ ရုပ်အလောင်းမှ ဒီအင်န်အေစစ်ချက်များရယူပြီး မည်သူမည်ဝါ ဖြစ်ကြောင်းကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား တာဝန်ရှိသူများက ပြောကြားသည်။ ယင်းကဲ့သို့ အစ္စရေးတို့အား ပစ်မှတ်ထားလျက် တိုက်ခိုက်ရန် ကြိုးစားမှုများကို မကြာမီက အိန္ဒိယ၊ ထိုင်း၊ အဇာဘိုင်ဂျန်၊ ကင်ညာနှင့်ဆိုက်ပရပ်စ်တို့၌လည်း ဖြစ်ပွားခဲ့ကြောင်း အစ္စရေးတာဝန်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

# အမေရိကန်ရုပ်ရှင်ရုံ၌ ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး လူ ၁၂ ဦး သေဆုံး

ဒန်ဗာ ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာမြို့အနီး အော်ရိုရာမြို့ ဘတ်မန်းရုပ်ရှင်ရုံ၌ ဇူလိုင် ၂၀ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာအနည်းဆုံး လူ ၁၂ ဦး သေဆုံးပြီး ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ (ယာပုံ)

အဆိုပါ သေနတ်ပစ်ခတ်မှုသည် The Dark Knight Rises ရုပ်ရှင်ကားပြသနေချိန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ငွေ့ကာ မျက်နှာဖုံးစွပ်ထားသည့် အမျိုးသားတစ်ဦးက မျက်ရည်ယိုဗုံးနှင့် ပစ်ပြီးနောက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်ပြီး အသက် ၂၄ နှစ်ရှိ လူငယ်တစ်ဦးအား ကားရပ်နားစခန်းတစ်ခုအနီး၌ ရိုင်ဖယ်သေနတ်နှင့်အတူ ဖမ်းဆီးလိုက်ကြောင်း၊ အခြားသေနတ်တစ်လက်ကို အဆိုပါ ရုပ်ရှင်ရုံအတွင်းမှ တွေ့ရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ ယင်းပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ ရှိလာနိုင်ကြောင်း ရဲအဖွဲ့က သုံးသပ်ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုအတွင်း လူ ၅၀ ခန့် သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း ရဲအဖွဲ့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)



# မောင်းသူမဲ့လေယာဉ် တူရကီထုတ်လုပ်မည်

အင်ကာရာ ဇူလိုင် ၂၀

တူရကီနိုင်ငံက ပထမဆုံး မောင်းသူမဲ့စစ်လေယာဉ် ထုတ်လုပ်ရေးအတွက် စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း တူရကီနိုင်ငံထုတ် ဟာရီယက်နေ့စဉ်သတင်းစာက ဇူလိုင် ၂၀ ရက်တွင် ဖော်ပြသည်။ အဆိုပါမောင်းသူမဲ့လေယာဉ်များထုတ်လုပ်ရေးအတွက် လေ့လာရန်တူရကီကာကွယ်ရေးဌာနက တူရကီအာကာသလုပ်ငန်းကုမ္ပဏီကို တာဝန်ပေးထားသည်။ မောင်းသူမဲ့လေယာဉ်သည် အမေရိကန် ရီပါ၊ အစ္စရေး ဟီရွန် မောင်းသူမဲ့လေယာဉ်များနှင့် စွမ်းရည်တူသည်ဆို၏။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်က ယင်းမောင်းသူမဲ့ လေယာဉ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့သည်။

(အင်တာနက်)

# တန်ဇန်းနီးယားကူးတို့ယာဉ်တိမ်းမှောက် ၃၆ ဦးသေဆုံး၊ ၈၀ ပျောက်ဆုံး

ဇမ်ဇီဘာ ဇူလိုင် ၂၀

တန်ဇန်းနီးယားကူးတို့ရေယာဉ်တစ်စင်းသည် ဇမ်ဇီဘာကျွန်းအနီး နစ်မြုပ်သွားခဲ့ပြီး လူ ၈၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း ဇူလိုင် ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အမ်ဗွီစကာဂျစ်အမည်ရှိ အဆိုပါကူးတို့ရေယာဉ် (ဝဲပုံ)သည် တန်ဇန်းနီးယားနိုင်ငံ ဒါအက်ဆလမ်မြို့မှ ခရီးသည် ၂၉၀ ဖြင့် ထွက်ခွာလာစဉ် ဇူလိုင် ၁၈ ရက်က ဇမ်ဇီဘာကျွန်းအနီး၌ နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ လူ ၃၆ ဦး သေဆုံးပြီး ၁၄၅ ဦးအားကယ်တင်နိုင်ခဲ့ကြောင်း၊ ၈၀ ကျော် ပျောက်ဆုံးကြောင်း ဇမ်ဇီဘာရဲတပ်ဖွဲ့က ပြောကြားသည်။ ကူးတို့ယာဉ်စတင်နစ်မြုပ်သွားချိန်တွင် ထွက်ပေါက်မှာ တစ်ခုသာလျှင်ရှိကြောင်း၊ လူအများအပြားပိတ်မိနေသဖြင့် သေဆုံးမှုများခဲ့ရခြင်းဖြစ်ကြောင်း၊ အသက်ကယ်လှေများဖြင့်ပင် ကယ်တင်ချိန်မရလိုက်ကြောင်း၊ သို့သော် အများစုကို ကယ်တင်နိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

## နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်

### နယူးဇီလန်နိုင်ငံရှိ တန်ဂါရီရိုမီးတောင် လှုပ်ရှားလာ

*နယူးဇီလန်နိုင်ငံမြောက်ကျွန်း အလယ်ပိုင်းရှိ မီးတောင်တစ်လုံးမှာ ဇူလိုင် ၂၀ ရက်၌ လှုပ်ရှားလာသဖြင့် နယူးဇီလန်သိပ္ပံပညာရှင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းထုတ်ပြန်သည်။*

*အဆိုပါ မြောက်ကျွန်း၌ ဇူလိုင် ၁၃ ရက်က ငလျင်ငယ်များလှုပ်ပြီးနောက် ၎င်းမီးတောင်လှုပ်ရှားလာခြင်းဖြစ်သည်။ ၎င်းမီးတောင်မှာ တန်ဂါရီရိုမီးတောင်ဖြစ်ပြီး အနီးဝန်းကျင်ဧရိယာများအတွင်း အရေးပေါ်သတိပေးချက်အဆင့်ခြောက်ကို ထုတ်ပြန်ထားသည်ဟု နယူးဇီလန်နိုင်ငံ ငလျင်စောင့်ကြည့်တိုင်းတာရေးအေဂျင်စီက ပြောကြားသည်။ တန်ဂါရီရိုမီးတောင်သည် ဇူလိုင် ၁၈ ရက်မှစတင်ကာ ယခင်ကထက် တဖြည်းဖြည်းလှုပ်ရှားလာလျက်ရှိပြီး ဇူလိုင် ၁၉ နှင့် ၂၀ ရက်များ၌ ပိုမိုလှုပ်ရှားလာခြင်းဖြစ်သည်။ ဇူလိုင် ၁၃ ရက်က ပြင်းအား ရစ်ချ်တာစကေး ၂ ဒသမ ၅ နှင့် ရစ်ချ်တာစကေး ၂ ရှိသော ငလျင်များ လှုပ်ခဲ့သည်။ တန်ဂါရီရိုမီးတောင်အနီးတွင် ငလျင်ငယ်များလှုပ်ပြီးတိုင်း၌ မီးတောင်လှုပ်ရှားမှုများဖြစ်ပေါ်လေ့ရှိကြောင်း၊ ယင်းမှာ နှစ်နှစ်တစ်ကြိမ်ခန့်ဖြစ်ပေါ်လေ့ရှိကြောင်း နယူးဇီလန်ငလျင်စောင့်ကြည့်တိုင်းတာရေးအေဂျင်စီက ပြောကြားသည်။ ယခုအခါ တန်ဂါရီရိုမီးတောင်ကို ဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု ရှိ မရှိ စောင့်ကြည့်လျက်ရှိပြီး သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်း၌ ဖော်ပြသည်။*

- - - - - - - - - - - - - - - -

### အိန္ဒိယနိုင်ငံ၌ ရထားနှစ်စင်းတိုက်မှုဖြစ်ပွား

*အိန္ဒိယနိုင်ငံ မွမ်ဘိုင်း-ကာဆာရာ ရထားလမ်းပေါ်ရှိ ခါဒီဘူတာရုံအနီးတွင် ဇူလိုင် ၁၉ ရက်က ဒေသတွင်းပြေးဆွဲသည့် ရထားတစ်စင်းနှင့် အမြန်ရထားတစ်စင်း တို့တိုက်မိခဲ့ရာ အနည်းဆုံး သုံးဦးသေဆုံးပြီး အခြား ၃၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ပြောကြားသည်။ (အပေါ်ပုံ)*

*ကာဆာရာမှ ကာလ်ယမ်ဒေသသို့ ပြေးဆွဲနေသည့် ရထားသည် မြေပြိုမှုကြောင့် လမ်းချော်မှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း မီးရထားတာဝန်ရှိသူ ဗီနေမက်တောက နယူးဒေလီသတင်းဌာနသို့ ပြောကြားခဲ့သည်။ ၎င်းရထားလမ်းချော်မှုဖြစ်ပွားခဲ့ပြီးနောက် ဘေးချင်းကပ်လျက်ရှိသော ရထားလမ်းပေါ်၌ ရထားတွဲများ ပိတ်ဆို့နေစဉ် မွမ်ဘိုင်းမှ ဂွန်ဒီယာသို့ ပြေးဆွဲနေသည့် အမြန်ရထားဆိုက်ရောက်လာရာမှ ယင်းနေ့ ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ရထားနှစ်စင်းမျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။*

*အမြန်ရထားမောင်းသူမှာ ရထားလမ်းပေါ်တွင် ထိုသို့တားဆီးပိတ်ဆို့နေသည်ကို သတိပြုမိခဲ့သဖြင့် အရေးပေါ်ဘရိတ်နင်းလိုက်ရကြောင်း၊ သို့သော် အချိန်မမီတော့ကြောင်း၊ လမ်းချော်နေသည့် အခြားရထားတွဲများနှင့် တိုက်မိမှုကြောင့် အမြန်ရထား၏ တွဲနှစ်တွဲ တိမ်းမှောက်သွားခဲ့ကြောင်း မက်တောက ထပ်မံပြောကြားသည်။ ဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့နှင့် ဆေးအဖွဲ့တစ်ဖွဲ့ရောက်ရှိလာခဲ့ပြီးနောက် ဒဏ်ရာရသူများအတွက် လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ရကြောင်း သိရသည်။ (အင်တာနက်)*

## နိုင်ငံတကာရုပ်ရှင်

နိုင်ငံတကာရုပ်ရှင်

မောင်ချစ်ကြည် - စုစည်းရေးသားသည်

# အာဂျင်တီးနားမော်ဒယ်နဲ့တွဲနေတဲ့ ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း

**လန်ဒန် ဇူလိုင် ၂၀**

ရုပ်ရှင်မင်းသမီးကြီး ရှာရွန်စတုန်း **(ဝဲပုံ)**ဟာ အာဂျင်တီးနားနိုင်ငံသား မော်ဒယ်လူငယ် တစ်ဦးနဲ့ တွဲနေတာဟာ အနုပညာလုပ်ငန်းတွေ လုပ်ကိုင်နေတာကလွဲပြီး ကျန်တဲ့နှလုံးသားကိစ္စတွေ မပါဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အသက် ၅၄ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီးကြီး ရှာရွန်စတုန်းဟာ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ မော်ဒယ်မာတင်မီကာနဲ့ တွဲနေပါတယ်။ ဒါဟာ အခြားကိစ္စတွေမပါဘဲ ပရိသတ်တွေရဲ့ မိမိအပေါ် ပိုမိုစိတ်ဝင်စားမှုနဲ့ အနုပညာအလုပ်တွေကို တက်တက်ကြွကြွ လုပ်ကိုင်ဖို့ပဲ ဖြစ်တယ်လို့ ရှာရွန်စတုန်းက ပြောကြားနေပါတယ်။

**ပူးတွဲထုတ်လုပ်**

ရှာရွန်စတုန်းဟာ အခုအချိန်မှာ သရုပ်ဆောင်၊ မော်ဒယ်နဲ့ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေပါ ပူးတွဲလုပ်ကိုင် နေသူဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်က ရိုက်ကူးခဲ့တဲ့ သူမပါဝင်သရုပ်ဆောင်ထားတဲ့ Gods Behaving Badly ဇာတ်ကားကို သူမက ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။

အသက်အရွယ်ရလာပေမယ့် နှစ်စဉ် ရုပ်ရှင်ကားတွေဆက်တိုက်ရိုက်ကူးနေရဆဲ ရုပ်ရှင်မင်းသမီးကြီး တစ်ဦးဖြစ်ပြီး တစ်နှစ်ကို ရုပ်ရှင်ကား တစ်ကား ပုံမှန်ရိုက်ကူးနေဆဲ ဖြစ်ပါတယ်။ ရှာရွန်စတုန်းဟာ ၁၉၈၄ ခုနှစ်က မိုက်ကယ်ဂရင်းဘတ်နဲ့ လက်ထပ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှာ ကွာရှင်းခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ဖီးလ်ဘရွန်စတိန်းနဲ့ လက်ထပ်ခဲ့ပေမယ့် ၂၀၀၄ ခုနှစ်မှာ ကွာရှင်းခဲ့ပါတယ်။ အခုအချိန်မှာ အာဂျင်တီးနားမော်ဒယ်လေးနဲ့တွဲပြီး အနုပညာလုပ်ငန်းတွေ ပူးတွဲလုပ်ကိုင်လျက်ရှိပါတယ်။ **(အင်တာနက်)**

# ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဆိုဖီယာဗာဂရာ ရုပ်မြင်သံကြားမှ အနုပညာကြေးအများဆုံးရရှိ

***လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၀***

*ဟောလိဝုဒ်ရဲ့ ရုပ်မြင်သံကြားအမျိုးသမီးသရုပ်ဆောင်တွေထဲမှာ ရုပ်ရှင်မင်းသမီး ဆိုဖီယာဗာဂရာဟာ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ကြောင်း ဖောဘတ်မဂ္ဂဇင်းက ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်သည့်စာရင်း၌ ဖော်ပြထားပါတယ်။*

*ရုပ်ရှင်မင်းသမီးဆိုဖီယာဗာဂရာ **(ယာပုံ)**ဟာ ရုပ်မြင်သံကြားတွေမှာ သရုပ်ဆောင်ခဲ့တဲ့အနုပညာကြေးဟာ ပြီးခဲ့တဲ့ တစ်နှစ်အတွင်းမှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၉ သန်း ရရှိခဲ့တာမို့ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်မင်းသမီးအဖြစ် ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။*

*သူမပါဝင်သရုပ်ခဲ့တဲ့ The Smurfs ဇာတ်ကားဟာ ၂၀၁၁ ခုနှစ်က တစ်ကမ္ဘာလုံးမှာ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၆၀ အထိ ရရှိခဲ့တဲ့ ဇာတ်ကားတစ်ကားလည်း ဖြစ်ပါတယ်။ အဲဒီဇာတ်ကားကို ဒါရိုက်တာရာဂျာရ်ဂိုစ်နေလ်က ရိုက်ကူးခဲ့တာဖြစ်ပြီး ရုပ်ရှင်မင်းသားနီလ်ပက်ထရစ်ဟာရစ်နဲ့ တွဲဖက်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။*

*အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ဆိုဖီယာဗာဂရာဟာ ရုပ်ရှင်သရုပ်ဆောင်နဲ့ မော်ဒယ်တစ်ဦးအဖြစ် အနုပညာလုပ်ငန်းတွေကို လုပ်ကိုင်နေသူဖြစ်ပြီး လှပနေဆဲဖြစ်တဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးလည်းဖြစ်ပါတယ်။*

*ဒုတိယဝင်ငွေအကောင်းဆုံးကတော့ ရုပ်ရှင်မင်းသမီး ကင်ကာဒါရှန်းဖြစ်ပြီး ရုပ်မြင်သံကြားမှာ သရုပ်ဆောင်တဲ့ အနုပညာကြေးဟာ အမေရိကန် ဒေါ်လာ ၁၈ သန်း ရရှိခဲ့တယ်လို့ ဆိုပါတယ်။ တတိယ ဝင်ငွေအကောင်းဆုံးကတော့ ရုပ်ရှင်မင်းသမီး အီဗာလန်ဂိုရီယာဖြစ်ပြီး ရုပ်မြင်သံကြားမှာ သရုပ်ဆောင်မှု အနုပညာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၅သန်း ရရှိခဲ့ပါတယ်။*

***သရုပ်ဆောင်ခဲ့သူ***

*ရုပ်ရှင်မင်းသမီး ဖရန်ကယ်ကတော့ အမေရိကန်ဒေါ်လာ ၁၂ သန်း ရရှိခဲ့တာမို့ စတုတ္ထနေရာမှာ ရှိနေကြောင်း ဖောဘတ်မဂ္ဂဇင်းမှာ ဖော်ပြထားပါတယ်။ ဝင်ငွေ အများဆုံးရရှိတဲ့ ရုပ်ရှင်မင်းသမီး ဆိုဖီယာဗာဂရာဟာ မကြာခင်ကပဲ ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြစ်တဲ့ Saturday Night Live မှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး မကြာမီက ပြသခဲ့တဲ့ ရုပ်ရှင်ကားဖြစ်တဲ့ The Three Stooges ဇာတ်ကားမှာလည်း သရုပ်ဆောင်ခဲ့သူ ဖြစ်ပါတယ်။* ***(အင်တာနက်)***

## အာကာသသိပ္ပံ

ကိုသစ္စာ - ရေးသားသည်

# လမျက်နှာပြင်ပေါ်တွင် ချိုင့်ကျင်းများတွေ့ရှိ နှစ်ပေါင်းများစွာက ဥက္ကာခဲများကျရောက်ခဲ့ခြင်းဖြစ်နိုင်

**နာဆာ ဇူလိုင် ၂၀**

လ၏မျက်နှာပြင်ပေါ်တွင် ဥက္ကာခဲများကျရောက်ထားသည့် ချိုင့်ကြီးဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ နာဆာမှ လွှတ်တင်ထားသော လလေ့လာရေးအာကာသယာဉ်က ပေးပို့သောဓာတ်ပုံများအရ သိရှိရကြောင်း နာဆာသိပ္ပံပညာရှင်များက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**



အဆိုပါချိုင့်ကြီးများသည် လမျက်နှာပြင်ပေါ်သို့ လွန်ခဲ့သော နှစ်ပေါင်း ၄ ဒသမ ၅ ဘီလီယံခန့်က ဥက္ကာခဲများ ကျရောက်ခဲ့သဖြင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း၊ ၎င်းချိုင့်ကျင်းများသည် မီးတောင်ပေါက်ကွဲပြီးနောက် ဖြစ်ပေါ်နေသော မီးတောင်ထိပ်ဝများသဖွယ် ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ယင်းချိုင့်ကျင်းကြီးများသည် လမျက်နှာပြင်၏အနောက်တောင်ပိုင်း အစွန်းဘက်တွင် တွေ့ရှိရခြင်းဖြစ်ပြီး မိုင် ၅၆၀ ခန့် အကျယ်အဝန်းဧရိယာအတွင်း၌ အဆိုပါချိုင့်ကျင်းကြီးများကို တွေ့ရှိရခြင်းဖြစ်သည်။ အချို့ ချိုင့်ကျင်းများသည် လမျက်နှာပြင်၌ ယခင်ကတည်းကတွေ့ရှိခဲ့သော အော်ရင်တာလီချိုင့်ဝှမ်းအနီး ဝန်းကျင်၌ တွေ့ရှိရခြင်းဖြစ်သည်။

အဆိုပါ ချိုင့်ကျင်းပုံရိပ်များကို လမျက်နှာပြင်လေ့လာရေးယာဉ် လာဆာ အယ်တီမီတာမှ ရယူထုတ်ပြန်ကာ မြေပြင်စခန်းသို့ ပေးပို့သော ဓာတ်ပုံများအရ သိရှိရခြင်းဖြစ်သည်။ ချိုင့်ကျင်းအများအပြားမှာ အရွယ်အစားတူညီသည့် ပုံသဏ္ဌာန်ရှိသည်။

ထို့အပြင် လမျက်နှာပြင်ပေါ်တွင် မြေပြိုမှု၊ မျက်နှာပြင်တွန့်ခေါက်ခဲ့မှု ပုံသဏ္ဌာန်များ တွေ့မြင်ရကြောင်း၊ တစ်ဖန်နုန်းတင်မြေနုသဖွယ်ဖြစ်တည်နေသည့် ပုံရိပ်များကိုလည်း တွေ့မြင်ရကြောင်း၊ မီးတောင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် လမျက်နှာပြင်အနေအထားများကိုလည်း တွေ့မြင်ရကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။

ထိုသို့ မျက်နှာပြင်ပြောင်းလဲမှုအနေအထားကို လမျက်နှာပြင်ပေါ်၌ လက်ရှိဖြစ်ပေါ်နေသောနေရာမှ ကီလိုမီတာ ၁၀၀ ခန့်အထိ လေ့လာရေးယာဉ်က ဆက်လက်လေ့လာသုတေသနပြုရန်လိုအပ်ကြောင်း၊ သို့မှသာ လမျက်နှာပြင်ပေါ်တွင် ပြောင်းလဲမှုအနေအထားကို အသေးစိတ်သိရှိနိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။ **(အင်တာနက်)**

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာဟိန်း - ရေးသားသည်

# ကမ္ဘာ့အကြီးဆုံး ကော်ဖီခွက်

**လပ်စ်ဗီးဂတ်စ် ဇူလိုင် ၂၀**

အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့တွင် ကော်ဖီကုမ္ပဏီတစ်ခုက ပြုလုပ်ထားသော ကော်ဖီခွက်ကြီးတစ်ခုမှာ ကမ္ဘာပေါ်၌ အကြီးဆုံးကော်ဖီခွက်တစ်ခွက်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင် ၂၀ ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

အဆိုပါကော်ဖီခွက်ကြီးကို ဖိုင်ဘာဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ကော်ဖီရည် လီတာ ၇၆၀၀ ထည့်ပြီးဖျော်နိုင်သည့်ခွက်ကြီးအဖြစ် ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းကော်ဖီခွက်ဖြင့် အပြည့်ဖျော်ထားသော ကော်ဖီများသည် လူပေါင်း ၃၂၀၀၀ ခန့် သောက်သုံးနိုင်ကြောင်း သိရသည်။ ယခုအခါ ၎င်းကော်ဖီခွက်ကြီးဖြင့် ဖျော်ထားသော ကော်ဖီများကို လပ်စ်ဗီးဂတ်စ်မြို့ရှိ ဘတ်စ်ကက်စ်ကုမ္ပဏီမှ ဝန်ထမ်း ၃၂၀၀၀ ခန့်အား နေ့စဉ်နံနက်ပိုင်းတွင် တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။ ဂင်းနက်စ်မှတ်တမ်းတင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များက လာရောက်စစ်ဆေးကြည့်ရှုပြီးနောက် ကမ္ဘာပေါ်တွင်အကြီးဆုံး ကော်ဖီခွက်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်)**

# ကမ္ဘာ့အကြီးဆုံး ကိတ်မုန့်ကြီး မက္ကဆီကိုစီးတီးမြို့၌ ပြုလုပ်

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၀**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် မုန့်လုပ်ကျွမ်းကျင်သူများက ကမ္ဘာပေါ်တွင် အကြီးဆုံး ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ်နိုင်ခဲ့ရာ ၎င်းကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကိတ်မုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဇူလိုင် ၂၀ ရက်က ဖော်ပြခံရသည်။ **(ယာပုံ)**

အဆိုပါ ကိတ်မုန့်ကြီးတွင် ဒိန်ခဲခရင်နှင့်ဂျုံမှုန့်အလေးချိန်တစ်တန်၊ မလိုင် ကီလိုဂရမ် ၃၅၀၊ သကြား ကီလိုဂရမ် ၂၅၀နှင့်ထောပတ်ကီလိုဂရမ် ၁၅၀တို့ စုပေါင်းကာ ပြုလုပ်ထားခြင်းဖြစ်သည်။ ထို့အပြင် စတော်ဘယ်ရီနှင့် အမွှေးရနံ့များလည်း ထည့်သွင်းပြုလုပ်ထားသည်။ ၎င်းကိတ်မုန့်ကြီးကို မက္ကဆီကိုစီးတီးမြို့မှ မုန့်လုပ်သမား ၅၅ ဦးတို့က နာရီပေါင်း ၆၀ ကျော်ကြာအောင် စုပေါင်းပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ဂင်းနက်စ်မှတ်တမ်းတင်သည့်အဖွဲ့မှ တာဝန်ရှိသူများကလည်း လာရောက်စစ်ဆေးခဲ့ပြီးနောက် ကမ္ဘာ့အကြီးဆုံးကိတ်မုန့်ကြီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ယင်းကိတ်မုန့်ကြီးကို ကြီးမှူးပြုလုပ်သူများက ဂင်းနက်စ်မှတ်တမ်းတင် ပုဂ္ဂိုလ်များ၏ အစစ်ဆေးခံခြင်းနှင့်ပြည်သူများအား ပြသခြင်းများပြုလုပ်ပြီးနောက် ၎င်းကိတ်မုန့်ကြီးကို အချပ်ပေါင်း ၂၀၀၀၀ လှီးကာ ပြည်သူများအား ဝေငှခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

# တရုတ်မှ သည်နယူးဆောက်ချိုင်းနားရှော့ပင်းမောကမ္ဘာ့အကြီးဆုံး ရှော့ပင်းမောအဖြစ်မှတ်တမ်းဝင်

***ဒေါင်ဂန် ဇူလိုင် ၂၀***

*တရုတ်နိုင်ငံ ဒေါင်ဂန်မြို့ရှိ သည်နယူးဆောက်ချိုင်းနားအမည်ရှိ ရှော့ပင်းမောကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးရှော့ပင်းမောအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ဝဲပုံ)***

*အဆိုပါရှော့ပင်းမောသည် မြေဧရိယာအကျယ်အဝန်းစတုရန်းပေ ၇၀၀၀၀၀၀ ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ဆိုင်ခန်းပေါင်း ၂၃၅၀ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းရှော့ပင်းမောကြီးအတွင်း အပျော်စီးရထားများ၊ သရဲရထားများ စသည်ဖြင့် ဈေးဝယ်များလာရောက်လိုသည့်ဆန္ဒဖြစ်ပေါ်အောင် တပ်ဆင်ထားသည်။ သည်နယူးဆောက်ချိုင်းနား ရှော့ပင်းမောကြီးသည် တစ်နေ့လျှင် လူ ၇၀၀၀၀ ကျော် လာရောက်ဈေးဝယ်လေ့လာကြည့်ရှုနိုင်ရန် တည်ဆောက်ထားပြီး ကျယ်ဝန်းသောဈေးရောင်းခန်းမကြီးများလည်း အများအပြားပါဝင်သည်။ ရှော့ပင်းမောကြီး၏အဝင်ဝတွင် အသင့်စားအစားအစာများကို ရောင်းချသည့်ဆိုင်ခန်းကြီးများ တည်ရှိသည်။ ရှော့ပင်းမောကြီးအတွင်း ဈေးဝယ်သူများအတွက် စားသောက်ခန်းများ၊ အပန်းဖြေခန်းများ၊ကလေးများအတွက် ပျော်ရွှင်စရာကစားနိုင်သည့်ခန်းမများ၊ ကောင်းကင်အပျော်စီးရထားများလည်း ထည့်သွင်းတည်ဆောက်ထားသည်။ ၎င်းရှော့ပင်းမောကြီးကို ၂၀၀၅ခုနှစ်၌ တရုတ်နိုင်ငံမှ ဟူဂိုင်ရောင်ဆောက်လုပ်ရေးကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)***

# အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ လေ့လာတွေ့ရှိချက်များ

## မြန်မာနိုင်ငံအခွန်စနစ်နှင့်စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ပူးပေါင်း၍ မြန်မာနိုင်ငံအခွန်စနစ်နှင့်စပ်လျဉ်း၍သုံးသပ်တင်ပြသည့် ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၁၈ ရက်က နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ADB အဖွဲ့၏ Principle Economist Mr. Kelly Bird ဦးဆောင်သောအဖွဲ့သည် ပြည်တွင်းအခွန်များဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် တည်ဆဲဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ရုံးခွန်အက်ဥပဒေနှင့် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန် အက်ဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ အခွန်မူဝါဒများ၊ အခွန်စီမံခန့်ခွဲမှုများအား ဇူလိုင် ၉ ရက်မှ ၁၇ ရက်အထိ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး တွေ့ရှိချက်များကို နိုင်ငံတကာ အခွန်စနစ်များနှင့်နှိုင်းယှဉ်လေ့လာ၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ကျင်းပခြင်းဖြစ်ကြောင်း။

ထို့ပြင် ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ် (World Bank)၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund)၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank)၊ ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency)၊ နိုင်ငံတကာအခွန်နှင့် ရင်းနှီးမြှုပ်နှံမှုဗဟိုဌာန (International Tax and Investment Centre)၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးမှုအရင်းအမြစ်အဖွဲ့ (Myanmar Development Resource Institute) လက်အောက်ခံ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(Centre for Economic and Social Development)တို့မှ မစ်ရှင်အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပြည်တွင်း ပြည်ပပညာရှင်များနှင့် တွေ့ဆုံဆွေးနွေး အကြံဉာဏ်များရယူလျက်ရှိပြီး လက်ရှိဆောင်ရွက်နေသောအခွန်စနစ်များ၏ အားနည်းချက်၊ အားသာချက်များ၊ လုပ်နည်းစနစ်များ လတ်တလောနှင့် ရေရှည်ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ အတတ်ပညာနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကျွမ်းကျင်မှု အကူအညီများရရှိရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များ စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### အမှာစကားပြောကြား

**ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ပူးပေါင်း၍ မြန်မာနိုင်ငံအခွန်စနစ်နှင့်စပ်လျဉ်း၍ သုံးသပ်တင်ပြသည့် ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်မော် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

### နိုင်ငံခြားဇာတ်ကားသစ် ရန်ကုန်မြို့လယ်ရုံဝင်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့လယ်ရုံ သမ္မတ၊ သွင်၊ မင်္ဂလာ(၁) သိမ်ကြီးဈေးရုပ်ရှင်ရုံများတွင် ဒါရိုက်တာ ညီညီထွန်းလွင်ရိုက်ကူးပြီး အကယ်ဒမီ ကျော်ရဲအောင်၊ အကယ်ဒမီ ပြေတီဦး၊ နေမင်း၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **"သွားလူဆိုး… ဒါမျိုးတော့တတ်တယ်"** ဇာတ်ကား ဆက်လက်အောင်ပွဲခံပြသလျက်ရှိပြီး နေပြည်တော်ရုပ်ရှင်ရုံတွင်မူ ဇူလိုင် ၂၀ ရက် (သောကြာနေ့)တွင် **The Amazing Spider-Man** ဇာတ်ကားသစ်ရုံဝင်လာသည်။

**The Amazing Spider-Man** ဇာတ်ကားသစ်ကို ဒါရိုက်တာ Marc Webb က ရိုက်ကူးထားပြီး သရုပ်ဆောင် Andrew Garfield နှင့် Emma Stoneတို့ ခေါင်းဆောင်ပါဝင်ထားကြသည့် သိပ္ပံဇာတ်ကားဖြစ်သည်။ မျိုးရိုးဗီဇပြုပြင်ထားသည့် ပင့်ကူကိုက်ခံရပြီးနောက် ပင့်ကူဆန်ဆန်အစွမ်းအစများရရှိလာသည့် ပင့်ကူတစ်ပိုင်း လူသားတစ်ပိုင်းဖြစ်ခဲ့သူနှင့် ပုတ်သင်ညိုလူသားတို့ အစွမ်းပြကြပုံကို ရိုက်ကူးထားသည်။

မင်္ဂလာ(၂) ဒဂုံစင်တာ(၂) မြေနီကုန်းတွင် **407 Dark Flight (3D)** ဇာတ်ကားနှင့် ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် **Snow White and The Huntsman** ဇာတ်ကား ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိပါကြောင်း ရုပ်ရှင်အမြည်းအဖြစ် ဖော်ပြလိုက်ရပါသည်။

### မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၀-၇-၂၀၁၂

| | | | |
|---|---|---|---|
| **တောင်ကုတ်မြို့** | | | |
| ၅ | ဒသမ | ၂၈ | လက်မ |
| **ဝမြို့** | | | |
| ၄ | ဒသမ | ၇၆ | လက်မ |
| **မာန်အောင်မြို့** | | | |
| ၃ | ဒသမ | ၈၆ | လက်မ |
| **ငါးသိုင်းချောင်းမြို့** | | | |
| ၃ | ဒသမ | ၇၄ | လက်မ |
| **သံတွဲမြို့** | | | |
| ၃ | ဒသမ | ၅၅ | လက်မ |
| **မြောင်းမြမြို့** | | | |
| ၃ | ဒသမ | ၅၀ | လက်မ |
| **ပူတာအိုမြို့** | | | |
| ၂ | ဒသမ | ၇၉ | လက်မ |
| **ဟသ်ာတမြို့** | | | |
| ၂ | ဒသမ | ၇၆ | လက်မ |
| **ညောင်လေးပင်မြို့** | | | |
| ၂ | ဒသမ | ၇၂ | လက်မ |

○ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကွင်းဆင်းအခြေခံစာရင်းကောက်ယူရေးနှင့် အကောင်အထည်ဖော်ရေးအဖွဲ့ရှစ်ဖွဲ့ ဖွဲ့စည်း၍တတိယအကြိမ် ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဖွဲ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူအပါအဝင် ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ အင်ဂျင်နီယာနှင့် ဘွဲ့ရလူငယ်များ ပါဝင်ဖွဲ့စည်းထားကြောင်း၊ အဖွဲ့တွင်ပါဝင်သော ကျန်းမာရေးဌာန ဆရာဝန်အနေဖြင့် ကျေးလက်ပြည်သူများ၏ ဖြစ်ပွားတတ်သောရောဂါများ စာရင်းကောက်ယူခြင်း၊ ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ခြင်း၊ နာမကျန်းလူနာများအား အိမ်တိုင်ရာရောက် ဆေးကုသပေးခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာန ဆရာဝန်အနေဖြင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများကို စာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်များအား ဆေးဝါးကုသပေးခြင်း၊ စိုက်ပျိုးရေးဘွဲ့ရဝန်ထမ်းမှ တစ်ပိုင်တစ်နိုင် အိမ်ခြံဝင်းအတွင်း စားသုံးသီးပင် လက်တွေ့စိုက်ပျိုးပေးခြင်း၊ လိုအပ်သည့်မျိုးစေ့များ အခမဲ့ပေးဝေခြင်း၊ နှစ်ရှည်စားသုံးသီးပင်များ စိုက်ပျိုးရေးပညာပေး၍ လက်တွေ့စိုက်ပျိုးပေးခြင်း၊ လယ်ယာလုပ်ငန်းခွင်တွင် ဖြစ်ပွားနေသော ပိုးမွှားအန္တရာယ်များအား လက်တွေ့ကာကွယ်စောင့်ရှောက်ပေးခြင်း၊ သဘာဝဓာတ်မြေသြဇာ ပြုလုပ်သုံးစွဲပုံနည်းလမ်းများ ပညာပေးခြင်းများကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အင်ဂျင်နီယာအနေဖြင့် စံပြကျေးရွာအင်္ဂါရပ်နှင့်အညီဖြစ်စေရေး စီမံဆောင်ရွက်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ရေသန့်စနစ် လက်တွေ့ပြသပေးခြင်း၊ ကျေးလက်လမ်းများ ရေရှည်ခိုင်မာစေရေးအတွက် ရေစီးရေလာကောင်းမွန်ရေး စီမံဆောင်ရွက်ပေးခြင်း၊ ယင်လုံအိမ်သာများ လက်တွေ့တည်ဆောက်ပေးခြင်းနှင့် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးခြင်း၊ ညပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဘွဲ့ရလူငယ်များမှ နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်နေမှုနှင့် မူဝါဒများအား ဟောပြောခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ယနေ့ တတိယအကြိမ် ကွင်းဆင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များ ထိရောက်အောင်မြင်စေရေးအတွက် လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့များမှ ကျေးလက်နေပြည်သူများ၏လိုအပ်ချက်များကို ကွင်းဆင်းအဖွဲ့များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားကြရန်နှင့် ပြည်သူလူထု၏အခက်အခဲများကို နေပြည်တော်ကောင်စီအနေဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကွင်းဆင်းအဖွဲ့များအနေဖြင့် ပေးအပ်သောတာဝန်ကို အလေးအနက်ထား အောင်မြင်အောင် ဆောင်ရွက်ကြရန်နှင့်နိုင်ငံတော်အစိုးရ၏ ကိုယ်စား ကျေးလက်နေပြည်သူများအား စောင့်ရှောက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရခိုင်ပြည်နယ်ဒေသခံပြည်သူများအတွက် ကူညီထောက်ပံ့လှူဒါန်းပွဲကျင်းပ

ပြည် ဇူလိုင် ၂၀

ပြည်မြို့ ဆံတော်နယ်မြေ လှိုင်ဂါတ်လမ်း သီရိမင်္ဂလာစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၊ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးရသဖြင့် လက်တလောရပ်တည်နိုင်ရေးအတွက် ကူညီထောက်ပံ့လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

### ထောက်ပံ့လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် ပြည်မြို့မှ မြို့သူမြို့သားများ၊ နည်းပညာတက္ကသိုလ်(ပြည်)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးကောလိပ် (ပြည်)၊ ပြည်တက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပန်းတောင်းမြို့နယ် ဆင်တဲရွာနှင့် ထုံးဘိုတပ်နယ်တို့မှ မိသားစုများက ဆန် ၁၁၉၃ အိတ်၊ ပဲခြမ်းအိတ် ၁၇ အိတ်၊ သကြား ၂၅ အိတ်၊ စားသုံးဆီ ၂၁ ပုံး၊ ထန်းလျက် စသည့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့နှင့် ငွေသားကျပ် ၅၄ သိန်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၀၀ ကျော်ဖိုး ထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာများချီးမြှင့်ပြီး**(အောက်ပုံ)**ပြည်မြို့နေရခိုင်မိသားစု(ဘုံကထိန်) ဖြစ်မြောက်ရေးအဖွဲ့က အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

## မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၂၀-၇-၂၀၁၂

ကိုလင်း စုစည်းသည်

### ဗုဒ္ဓဘာသာဆိုတာ ဘာလဲ စာအုပ်ထုတ်ဝေဖြန့်ချိ



ဘဒ္ဒန္တသုစိတ္တ(M.A)စိစစ်တည်းဖြတ်၍ မောင်မောင်သိန်း (သုတေသီ) ရေးသားပြုစုသည့် ဗုဒ္ဓဘာသာဆိုတာဘာလဲ (အကျဉ်း)(ထေရဝါဒ(တောင်ပိုင်း) ဗုဒ္ဓဘာသာ) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓစာပေများကို ဖတ်ရှုလေ့လာရင်း တရားတော်များကို နာကြားလာကြသည်။ ထိုမှတစ်ဆင့်တက်၍ ဆဋ္ဌသင်္ဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော်မြန်မာပြန်များကိုလည်း ဖတ်ရှုလေ့လာကြသည်။

ဤစာအုပ်တွင် ပိဋကတ်သုံးပုံ၊ ဓမ္မစကြာတရားတော်၊ သစ္စာလေးပါးတရားတော်၊ မဂ္ဂင်ရှစ်ပါးတရားတော်၊ မပြတ်ဆင်ခြင်အပ်သောတရားငါးပါး၊ လွတ်မြောက်နည်းငါးမျိုး၊ ပုဂ္ဂိုလ်လေးမျိုး၊ စေတသိက်နှင့်စေတသိက်အသွင်ကွဲ၊ စေတသိက်ခွဲများ၊ အကုသိုလ် စေတသိက် ၁၄ ပါး၊ မြတ်ဗုဒ္ဓ၏မှတ်သားဖွယ်ရာ ဟောကြားချက်များစသဖြင့် ပါဝင်ပြုစုထားပြီး ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ဖုန်း-၀၉-၇၃၂၂၃၄၂၁ နှင့် ၀၉-၇၃၂၄၃၈၅၁ က တန်ဖိုးငွေကျပ် ၆၀၀ ကျပ်ဖြင့် စက္ကူအချောအတ်ကတ် အသုံးပြုကာ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။

### မဒ္ဒီဒေဝီမှ သစ်ပုပ်ပင်ကြီးအတွက် ကံကောင်းခြင်းလက်ဆောင်စာအုပ်ထုတ်ဝေ

အတွေးအမြင်စာစောင်တွင် ဖော်ပြခဲ့ပြီးဖြစ်သော စာရေးဆရာမ မေသက်ဦး၏ ဆရာ တပည့်စိတ်၊ စေတနာသည် ကံဟုဆိုလျှင်၊ နဖားကြိုးမလိုတဲ့နွား နဖားကြိုးလိုတဲ့လူ၊ တင့်တယ်နိုင်သူတွေ၊ ပန်းကောက်ကြသူများ၊ စာနာမိပါသည် မဒ္ဒီဒေဝီ၊ စာမဖတ်သူ ပပျောက်ရေးအပါအဝင် လက်ရွေးစင်ဆောင်းပါး (၁၅)ပုဒ်ကို စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။ စာရေးဆရာ မောင်ဝံသက ဆရာမ မေသက်ဦး၏ စာများသည် လောကကို မေတ္တာကရုဏာ မုဒိတာနဲ့ကြည့်ပြီး စေတနာသန့်သန့်နှင့် ရေးသားထားသည့် စာကောင်းပေမွန်များဖြစ်ကြကြောင်းကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာမောင်သင်းက ဤစာအုပ်ပါစာများသည် မြန်မာ့လူမှုဝန်းကျင်က ဘဝဇာတ်စုံအဖုံဖုံကို ဖော်ကျူးထားသည့်ရသစာများဖြစ်သည်ဟုလည်းကောင်း အသီးသီးအမှာစာများ ရေးသားထားကြသည်။ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ဂျပ်ဒ်ဆင်အဆောက်အအုံတို့နှင့်အတူ နာဂစ်ကာလ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ခဲ့သော သစ်ပုပ်ပင်ကြီး၏ လှပသောပုံရိပ်များကို မျက်နှာဖုံးပြုလျက် တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၀၁၉၀၁နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။

### တက္ကသိုလ်မြတ်သူ၏ စီအိုင်အေနှင့် နိုင်ငံတကာကွန်ရက်များ စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ တက္ကသိုလ်မြတ်သူ၏ စီအိုင်အေနှင့် နိုင်ငံတကာကွန်ရက်များ စာအုပ်ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် အပိုင်း(၁) စီအိုင်အေနှင့် ဥရောပ-ဆိုဗီယက်နှင့် အပိုင်း(၂) စီအိုင်အေနှင့် မြန်မာနိုင်ငံတို့ကို အပိုင်းနှစ်ပိုင်းခွဲ၍ ဖော်ပြထားသည်။ အပိုင်း(၁)တွင် အနောက်ဥရောပတွင် တပ်ဖြန့်ခြေရှုပ်ခဲ့သော စီအိုင်အေ၊ ပေါ်တူဂီမှာ လက်စွမ်းပြခဲ့သော စီအိုင်အေသံအမတ်ကြီး၊ ယူဂိုဆလပ်တွင် စီအိုင်အေနှင့်ကွန်မြူနစ်တို့ ယှဉ်ပြိုင်၊ အရှေ့ဥရောပကို ကောင်းကျိုးမပေးခဲ့သော စီအိုင်အေ စသည်တို့ ပါဝင်ပြီး အပိုင်း(၂)တွင် မင်းတုန်းမင်းခေတ်က၊ စီအိုင်အေလာပါပြီ၊ ရန်ကုန်ရောက် စီအိုင်အေများ၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းမှုကို စီအိုင်အေဖုံးကွယ် စသောစာစုများ ပါဝင်သည်။ အဆိုပါစာအုပ်ကို ဟန်သာစုစာပေ အမှတ်(၃၂) ပထမထပ် အဆောင်(၄) သိမ်ကြီးဈေး(စီ)ရုံ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၁၀၇၂၅၉၉ မှ ငွေကျပ်သုံးထောင်ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

### အလှအပနှင့် ကျန်းမာသက်ရှည်ရေး၏ သဘာဝလျှို့ဝှက်ချက်များစာအုပ် ထုတ်ဝေ

ဒေါက်တာဆရာမြင့် (စကြာမင်း)၏ အလှအပနှင့် ကျန်းမာသက်ရှည်ရေး၏ သဘာဝလျှို့ဝှက်ချက်များစာအုပ်ကို ထုတ်ဝေဖြန့်ချိသည်။

ဤစာအုပ်တွင် အလှအပနှင့်ကျန်းမာဖို့အတွက် ရှေးဦးဖန်တီးခြင်း၊ ခန္ဓာကိုယ်အရည်အသွေး ခွဲခြားသတ်မှတ်ခြင်း၊ ဖောက်ပြန်သောဓာတ်ပစ္စည်းစွမ်းအင်ရှိသူ၏ ခန္ဓာကိုယ်အတွက် ပြုစုနည်း၊ ရုပ်ရည်လှပမှုအတွက်ဓာတုပစ္စည်းများ၏ အခန်းကဏ္ဍ၊ ခန္ဓာကိုယ်၏လုပ်ငန်းဆောင်တာများ၊ ဓာတုစွမ်းအင်များ ဖောက်ပြန်နေချိန်၌ ဖြစ်ပေါ်နေသည့်အလှအပတို့၏အခြေအနေ၊ အလှအပနှင့်ကျန်းမာရေးကို ဆိုးရွားပျက်စီးစေသည့် အစားအသောက်များ၊ အလှအပနှင့်ကျန်းမာရေးကို အကျိုးရှိစေသည့် အစားအသောက်များ စသည်ဖြင့် အခန်းပေါင်း ၁၂ ခန်းဖြင့် အလှအပနှင့်ကျန်းမာသက်ရှည်ရေးအတွက် သဘာဝလျှို့ဝှက်ချက်များကို ပြည့်ပြည့်စုံစုံ အသေးစိတ်ဖော်ပြထားသည်။

အဆိုပါစာအုပ်ကို ရန်အောင်စာပေ အထက(၁) ရန်ကင်းကျောင်းရှေ့ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၂၄၃၈၅၁၊ ၀၉- ၅၁၇၉၃၉၈ မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။

မောင်မောင်မြင့်ဆွေ – စုစည်းသည်

# ရာသီအကြို ကလပ်အသင်းခြေစမ်းပွဲများယှဉ်ပြိုင်၊ ဗီလာ၊ စတုတ်၊ အဲဗာတန်နှင့် ချာလ်တန်တို့နိုင်ပွဲရရှိ

လန်ဒန် ဇူလိုင် ၂၀

၂၀၁၂-၂၀၁၃ ရာသီအကြိုဘောလုံးအသင်းခြေစမ်းပွဲများအဖြစ် ဖီလာဒဲလ်ဖီးယားနှင့် အင်္ဂလန်ကလပ်ဗီလာအသင်းတို့ ဇူလိုင် ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဗီလာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ (ဝဲပုံ)

ဗီလာအသင်းသည် ဂိုးသွင်းခွင့် အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၄၂ မိနစ်၌ ဗီလာမှ ဒီလ်ဖွန်ဆိုက ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဖီလာဒဲလ်ဖီးယားတို့ပွဲချိန်ပြည့်သည်အထိ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အတူ အင်္ဂလန်ကလပ် ဝက်စ်ဘရွန်းအသင်းနှင့် မာလ်မိုအသင်းတို့ ဇူလိုင် ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ မာလ်မိုအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မာလ်မိုအသင်းအတွက် ဂိုးကို ပွဲချိန် ၈ မိနစ်၌ နီလ်ဆင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပွဲပြီးသည်အထိ ဝက်စ်ဘရွန်းတို့ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် မာလ်မိုက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ဆီအွန်အသင်းနှင့် အင်္ဂလန်ကလပ်စတုတ်အသင်းတို့ပွဲတွင် စတုတ်တို့က ပထမပိုင်းပွဲချိန် ၃၈ မိနစ်၌ အက်သာရင်းတန်က ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် စတုတ်တို့က ဂိုးထပ်မံမသွင်းနိုင်ခဲ့သလို ဆီအွန်အသင်းကလည်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး စတုတ်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး ဒန်ဒီးယူနိုက်တက်အသင်းနှင့် အဲဗာတန်အသင်းတို့ပွဲတွင် အဲဗာတန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဲဗာတန်တို့ ထိုးဖောက်ကစားသော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်နေရာ ပွဲချိန် ၈၇ မိနစ်ရောက်မှသာ ဘာကလေက အဲဗာတန်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးထားခဲ့ခြင်းဖြစ်သည်။ တစ်ဖန်ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းနှင့် အင်္ဂလန်ကလပ် ချာလ်တန်တို့ပွဲတွင် ချာလ်တန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ ချာလ်တန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၉၀ ၌ ဂျက်ဆင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ မန်စီးတီးကို ပြောင်းရွှေ့မှာလား



လန်ဒန် ဇူလိုင် ၂၀

**အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီအား မန်စီးတီးအသင်းက ခေါ်ယူဖို့ ကြိုးစားနေပြီး ဆက်သွယ်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ လာမယ့်လမှာ အသက် ၂၉ နှစ်ပြည့် တော့မယ့် နယ်သာလန်နဲ့ အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ** (ယာပုံ) **ကလည်း အာဆင်နယ်အသင်းမှာ ဆက်လက်မကစားလိုတော့တာမို့ မန်စီးတီးက ခေါ်ယူဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။**

ဗန်ပါစီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ဂိုးပေါင်း ၃၇ ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး အာဆင်နယ်အသင်းရဲ့ အဓိကတိုက်စစ်မှူးတစ်ဦးလည်း ဖြစ်ပါတယ်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကတော့ ဗန်ပါစီရဲ့ တစ်ပတ်လုပ်ခလစာကို နှစ်ဆတိုးမြှင့်ပေးပြီး အသင်းမှာ ဆက်လက်ကစားပေးရေး ကြိုးစားဖို့ အာဆင်နယ်ကလပ်တာဝန်ရှိသူတွေကို အကြံပြုခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့ ဆိုပါတယ်။

အခုအချိန်မှာတော့ ဗန်ပါစီအေးဂျင့်ဖြစ်သူ ကီးစ်မို့စ်နဲ့ မန်စီးတီးကလပ်ရဲ့တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ဘရင်းမာဝုဒ်တို့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ဖြစ်တယ်လို့ သတင်းတွေမှာဖော်ပြထားပါတယ်။ ဗန်ပါစီကတော့ မန်စီးတီးကို စိတ်ဝင်စားမှုရှိတယ်ဆိုပေမယ့် ဆုံးဖြတ်ချက်မချရသေးဘူးလို့ ဆိုပါတယ်။ မန်စီးတီးကတော့ ဗန်ပါစီကို တစ်နှစ်လုပ်ခလစာ ပေါင် ၁၀ သန်းပေးမယ်လို့ ဆိုထားတာမို့ လက်တွေ့မှာ မန်စီးတီးအသင်းသို့ ဗန်ပါစီ ပြောင်းရွှေ့မှုရှိမရှိ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ **(အင်တာနက်)**



# ကင်ညာရေကူးသမားဒန်ဖို့ဒ် လန်ဒန်အိုလံပစ်၌ ရွှေတံဆိပ်ရယူမည်

*နိုင်ရိုဘီ ဇူလိုင် ၂၀*

*ကင်ညာနိုင်ငံမှ ရေကူးသမားဂျာဆင်ဒန်ဖို့ဒ်က မကြာမီကျင်းပမည့် ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေးကြိုးစားသွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။*

*ဂျာဆင်ဒန်ဖို့ဒ် **(အပေါ်ပုံ)**သည် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၅၁ ဒသမ ၅၄ စက္ကန့်ဖြင့် ကူးထားနိုင်ရာ ယင်းစံချိန်သည် အာဖရိက၏ အကောင်းဆုံးစံချိန်ပင်ဖြစ်သည်။ သို့သော် ဂျာဆင်ဒန်ဖို့ဒ်သည် ပြိုင်ဘက်ရေကူးသမားများဖြစ်သော မိုက်ကယ်ဖီးလ်နှင့် ဆားဘီးယားရေကူးသမားမီလော့ကာဗစ်နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

*ဆားဘီးယားရေကူးသမားမီလ်လော့ကာဗစ်သည် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၅၀ ဒသမ ၇၆ စက္ကန့်ဖြင့် ရေကူးထားနိုင်ခဲ့သူဖြစ်သည်။ ထို့အတူ မိုက်ကယ်ဖီးလ်လည်း မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၅၁ ဒသမ ၄၇ စက္ကန့်ဖြင့် ကူးထားနိုင်ရာ ဂျာဆင်ဒန်ဖို့ဒ်အနေဖြင့် အကြိတ်အနယ်ကြိုးစားရမည် ဖြစ်သည်။*

*ကင်ညာရေကူးသမား ဒန်ဖို့ဒ်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သော အာဖရိကအားကစားပြိုင်ပွဲ၌ မီတာ ၁၀၀ နှင့် မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ဒန်ဖို့ဒ်သည် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲများတွင် ငွေတံဆိပ်သာရရှိခဲ့သည်။*

*သို့သော် (၁၄) ကြိမ်မြောက် ကမ္ဘာ့ရေကူးပြိုင်ပွဲတွင် ဒန်ဖို့ဒ်သည် မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ စတုတ္ထအဆင့်သာရရှိခဲ့သည်။ လာမည့် ၂၀၁၂ လန်ဒန် အိုလံပစ်၌ ရွှေတံဆိပ်ရရှိအောင် ကြိုးစားသွားမည်ဟု ၎င်းက ပြောကြားသည်။ **(အင်တာနက်)***

မြင့်မောင်စိုး – စုစည်းသည်

# အင်္ဂလန်နည်းပြဟောင်း ကာပယ်လို ရုရှားနည်းပြဖြစ်လာမည်

*မော်စကို ဇူလိုင် ၂၀*

*အင်္ဂလန်နည်းပြဟောင်း ကာပယ်လိုအား ရုရှားဘောလုံးအဖွဲ့ချုပ်က နည်းပြခန့်အပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။*

*ကာပယ်လို **(ယာပုံ)**အား စာချုပ်မချုပ်ရသေးသော်လည်း မူအရ သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ ၎င်းသည် ဇူလိုင် ၂၁ ရက်တွင် မော်စကိုသို့ ရောက်ရှိလာလိမ့်မည်ဖြစ်ကြောင်း ရုရှားဘောလုံးအဖွဲ့ချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။*

*အသက် ၆၆ နှစ်ရှိ အီတလီနိုင်ငံသား ကာပယ်လိုသည် ရုရှားဘောလုံးအသင်းတွင် အီတလီနိုင်ငံသားတစ်ဦးအနေဖြင့် ပထမဆုံးနည်းပြဖြစ်လာမည်ဖြစ်သည်။ ထို့အပြင် ကာပယ်လိုသည် ရုရှားဘောလုံးအသင်း၏ တတိယမြောက်နိုင်ငံခြားသားနည်းပြလည်းဖြစ်လာမည်ဖြစ်သည်။ နည်းပြကာပယ်လိုသည် ဥရောပထိပ်တန်းကလပ်များဖြစ်သည့် ရီးရဲမက်ဒရစ်၊ အေစီမီလန်၊ ရိုးမားနှင့် အင်္ဂလန်အသင်းနည်းပြတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ ၎င်းသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် နုတ်ထွက်သွားသော ဒတ်ချ်လူမျိုး ဒစ်အက်ဗိုကတ်၏နေရာတွင် ရုရှားနည်းပြအဖြစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ ကာပယ်လိုသည် ရုရှားအသင်းနှင့်စာချုပ်ပြီးပါက တစ်နှစ်ဝင်ငွေယူရို ၁၀ သန်းရရှိနိုင်ကြောင်း ရုရှားမီဒီယာများက ရေးသားဖော်ပြသည်။ **(အင်တာနက်)***

# ကမ္ဘာ့ချန်ပီယံ ဂျပန်အမျိုးသမီးဘောလုံးအသင်း ပြင်သစ်ကို ရှုံးနိမ့်

ပါရီ ဇူလိုင် ၂၀

အမျိုးသမီး ကမ္ဘာ့ဖလား ချန်ပီယံ ဂျပန်အသင်းသည် ဇူလိုင် ၁၉ ရက်က ပြင်သစ်နိုင်ငံ စဒိတ်ချာလတီအားကစားကွင်း၌ ပြင်သစ်အမျိုးသမီးဘောလုံးအသင်းနှင့် အိုလံပစ်အကြိုခြေစမ်းပွဲကစားရာ ဂျပန်က ပြင်သစ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။

ပြင်သစ်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မာရီလောဒေလိုင်း **(ယာပုံ)** နှင့် ဝမ်ဒိုင်းရီနတ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ပြင်သစ်အမျိုးသမီး ဘောလုံးအသင်းသည် ယင်းအနိုင်ရရှိမှုသည် အိမ်ကွင်း၌ ခုနစ်ပွဲမြောက် အနိုင်ရရှိမှုဖြစ်သည်။ ပြင်သစ်အမျိုးသမီးဘောလုံးအသင်းသည် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲတွင် အမေရိကန်အမျိုးသမီးဘောလုံးအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့ချန်ပီယံ ဂျပန်အမျိုးသမီးဘောလုံးအသင်းသည် အိုလံပစ်ပြိုင်ပွဲ၌ အုပ်စု (F)တွင် ပါဝင်ပြီး ကနေဒါ၊ ဆွီဒင်၊ တောင်အာဖရိကအမျိုးသမီးအသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျပန်အသင်းသည် ပြီးခဲ့သည့်နှစ် ဇွန်လက ဆွီဒင်နိုင်ငံ၌ကျင်းပသော ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အမေရိကန်အမျိုးသမီးဘောလုံးအသင်းကို ပယ်နယ်တီလေးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့သည့်အသင်းဖြစ်သည်။ **(အင်တာနက်)**

# ဩစတြေးလျဂေါက်သီးကစားသမား လျှော့ရိုက်ချက်အများဆုံးစံချိန်တင်

လန်ဒန် ဇူလိုင် ၂၀

ဩစတြေးလျနာမည်ကြီး ဂေါက်သီးကစားသမား အဒမ်စကော့သည် ဇူလိုင် ၁၉ရက်က ကျင်းပသော ဗြိတိသျှအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအဖွင့်ပွဲနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျှော့ရိုက်ပြီး ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။ **(ဝဲပုံ)**

အသက် ၃၂ နှစ်ရှိ အဒမ်စကော့သည် အဖွင့်ပွဲနေ့တွင် ၆၄ ချက်သာရိုက်ခဲ့သည်။ စကော့တလန်ဂေါက်သီးကစားသမား လော်ရီ၊ အမေရိကန်ဂေါက်သီးကစားသမား ဂွန်ဆင်နှင့် ဘယ်လ်ဂျီယံဂေါက်သီးကစားသမား ကိုးလ်ဆာရက်တို့သည် ငါးချက်စီ လျှော့ရိုက်ပြီး ဒုတိယနေရာမှလိုက်နေကြသည်။ နာမည်ကြီးဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်၊ ရိုရီမက်ရိုင်း၊ အာနိုင်းအဲစ်၊ ဘာဘာဝက်ဆင်နှင့် မက်ဒူးဝဲလ်တို့သည် သုံးချက်စီလျှော့ရိုက်ထားကြသည်။ အမေရိကန်ဂေါက်သီးကစားသမား စနီးဒီကာတစ်ဦးတည်းသာ လေးချက်လျှော့ရိုက်ထားသည်။ အဒမ်စကော့သည် ဗြိတိသျှအိုးပင်း ပထမနေ့ပြိုင်ပွဲတွင် ခြောက်ချက်အထိ လျှော့ရိုက်နိုင်ခြင်းမှာ ဗြိတိသျှဂေါက်သီးသမိုင်းတွင် ပထမဆုံးဖြစ်သည်။ **(အင်တာနက်)**

# လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ် လန်ဒန်အိုလံပစ်တွင် မပါဝင်နိုင်

*လန်ဒန် ဇူလိုင် ၂၀*

*အိုလံပစ်လက်ရှိချန်ပီယံ ရာဖေးလ်နာဒယ်သည် ဒူးခေါင်းထိခိုက် ဒဏ်ရာရရှိထားသဖြင့် လန်ဒန်အိုလံပစ် အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကစားနိုင်တော့မည် မဟုတ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားလိုက်သည်။ **(ဝဲပုံ)***

*အသက် ၂၆ နှစ်ရှိ ရာဖေးလ်နာဒယ်သည် ဒူးခေါင်းအရွတ်များ နာကျင်စွာ ခံစားနေရသည်။ ယင်းအတွက်ကြောင့် ၂၀၀၈ ပေကျင်းအိုလံပစ်တွင် ဆွတ်ခူးခဲ့သော အမျိုးသားတစ်ဦးချင်းချန်ပီယံဆုဖလားကို ကာကွယ်နိုင်မည်မဟုတ်တော့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဂရင်းဆလမ်ဖလား ၁၁ လုံးအထိ ဆွတ်ခူးထားသည့် စပိန်တင်းနစ်ကစားသမားရာဖေးလ်နာဒယ်သည် နိုင်ငံကိုယ်စားပြုအလံကို သယ်ဆောင်ပေးမည်ဟု မျှော်လင့်ရသည်။ ကမ္ဘာ့နံပါတ် (၃) အဆင့်ရှိ ရာဖေးလ်နာဒယ်သည် လွန်ခဲ့သော လေးနှစ်က ချီလီတင်းနစ်ကစားသမား ဖာနန်ဒိုဂွန်ဇာလက်အား အနိုင်ရဗိုလ်စွဲပြီးနောက် အိုလံပစ်အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၌ ထိပ်သီးတင်းနစ်ကစားသမားငါးဦးတွင် ပါဝင်လာသည်။ **(အင်တာနက်)***

21-7 (07).pmd 1 7/21/2012, 2:13 AM

၁၉၄၇ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနှင့် အခြားဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

# ၁၉၄၇ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနှင့် အခြားဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

၁၉၄၇ ခုနှစ် ချင်းဝိသေသတိုင်းအက်ဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးနှင့် အခြားဥပဒေဆိုင်ရာဆွေးနွေးပွဲကို ဇူလိုင် ၁၈ရက် နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ပြည်ထောင်စုရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေ့ဦးစွာ သဘာပတိ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက အမှာစကားပြောကြားရာတွင် ချင်းပြည်နယ် အစိုးရအနေဖြင့် လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေများအား ခေတ်ကာလနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် ဥပဒေများပြင်ဆင်ခြင်းနှင့် အခြားပြဋ္ဌာန်းသင့်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ဥပဒေများပြင်ဆင်ခြင်း၊ ပယ်ဖျက်သင့်သော တည်ဆဲဥပဒေပုဒ်မများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ ဝေါဟာရစကားလုံး အသုံးအနှုန်းများ အသစ်ပြဋ္ဌာန်းဖြည့်စွက်နိုင်ကြောင်းနှင့် တက်ရောက်လာကြသူများက အကြံကောင်းဉာဏ်ကောင်းများ ဆွေးနွေးတင်ပြပြီး ပူးပေါင်းညှိနှိုင်း ဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အလိုက် ကိုယ်စားလှယ်များက အကြံပြုစာတမ်းများ တင်သွင်းဆွေးနွေးကြပြီး ပြည်နယ်ဥပဒေ အရာရှိ ဦးစိုင်းမြသောင်းက ဥပဒေနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအ... ပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီ...

◆ ကျော့ဖုံးမှ

ပြည်တွင်းရှိ ပုဂ္ဂလိကဘိလပ်မြေစက်ရုံတစ်ခု၏ မန်နေဂျာ ပြောပြချက်အရ လက်ရှိတွင် ဥရောပနိုင်ငံများနှင့် ထိုင်းနိုင်ငံတို့မှ လုပ်ငန်းရှင်အများစုမှာ ဘိလပ်မြေစက်ရုံများ လာရောက်တည်ထောင်ရန်နှင့် အကျိုးတူ ပူးပေါင်းရန်အတွက် ဆန္ဒရှိလျက်ရှိကြပြီး မကြာမီကာလအတွင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တချို့နှင့် ပူးပေါင်းရင်းနှီးမြှုပ်နှံရန် အလားအလာရှိနေကြောင်း သိရှိရသည်။

"အများစုကတော့ ဥရောပနိုင်ငံတွေဖြစ်တဲ့ ပြင်သစ်နဲ့ဂျာမနီက ဘိလပ်မြေလုပ်ငန်းရှင်တွေ အများဆုံးစိတ်ဝင်စားနေကြပြီး အိမ်နီးချင်း ထိုင်းနိုင်ငံက စီးပွားရေးသမားအများစုကလည်း မြန်မာနိုင်ငံမှာ ဘိလပ်မြေစက်ရုံတည်ထောင်ဖို့ ကမ်းလှမ်းချက်တွေရှိနေတယ်"ဟု အဆိုပါမန်နေဂျာက ဆက်လက်ပြောကြားသည်။

ဘုရင့်နောင်ပွဲရုံရှိ ဘိလပ်မြေရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကမူ "အခု ဘိလပ်မြေစက်ရုံတည်ဆောက်ခွင့်တွေကိုလည်း ပြည်တွင်းလုပ်ငန်းရှင်အချို့ကို ချထားပေးတယ်လို့ ကြားထားပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေ အရှိန်အဟုန်မြင့်လာတာနဲ့အမျှ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီဖို့အတွက် ပြည်တွင်းက စက်ရုံတွေဖြစ်တဲ့ အစိုးရပိုင်စက်ရုံတွေရော၊ ပုဂ္ဂလိကပိုင်စက်ရုံတွေမှာပါ အရည်အသွေးပြည့်မီဖို့အတွက် အဆင့်မြှင့်သင့်နေတာကြာပါပြီ။ အခုသတင်းထွက်ပေါ်ချက်တွေအရ လာမယ့် ၂၀၁၃ ခုနှစ်အတွင်းမှာကိုပဲ ပြည်တွင်းပြည်ပအကျိုးတူ ပူးပေါင်းဆောင်ရွက်တဲ့ ဘိလပ်မြေထုတ်လုပ်တဲ့စက်ရုံတွေ ပေါ်ထွက်လာဖို့ရှိပါတယ်" ဟု သူ၏အမြင်ကို ပြောပြသည်။

လက်ရှိတွင် ပြည်တွင်း၌ ဘိလပ်မြေစက်ရုံ ၁၅ ရုံခန့် လည်ပတ်လျက်ရှိကာ ပြည်တွင်းလိုအပ်ချက်အတွက် နိုင်ငံရပ်ခြားမှ ဘိလပ်မြေတံဆိပ်များစွာလည်း ဝင်ရောက် ရောင်းချနေကြကြောင်း သိရှိရသည်။ **ခင်ရတနာ**

❖ ရှေ့ဖုံးမှ

*လက်ရှိမှာ ဆန်တန် ၅၀၀၀ တင်ပို့ဖို့ ရှိပါတယ်။ ဒါပြီးတာနဲ့ တန်ချိန် ၁၀၀၀၀ တင်ပို့နိုင်ဖို့လည်း လျာထားပါတယ်"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူက မြန်မာ့အလင်းသို့ ဖြေကြားသည်။*

*လက်ရှိတွင် နိုင်ငံတကာသတင်းဌာနများ၏ သတင်းများအရ ထိုင်းနိုင်ငံသည်လည်း ဆန်တင်ပို့မှုမှာ ကျဆင်းနိုင်မည်ဟု ခန့်မှန်းကြပြီး အာရှနိုင်ငံများတွင် မြန်မာဆန်နှင့် ဗီယက်နမ်ဆန်များ တင်ပို့မှု ပိုမိုမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။*

*လက်ရှိတွင် ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၀၀န်းကျင်ရှိကာ ပြည်တွင်းရှိ ဆန်ဈေးနှုန်းများမှာမူ ဝယ်လိုအား မြင့်တက်ဖွယ်ရှိခြင်းကြောင့် ဈေးနှုန်းအနည်းငယ်မြင့်တက်လျက်ရှိနေကြောင်း သိရှိရသည်။*

**ဦးစိုးကျော်ဦး(မန်နေဂျင်းဒါရိုက်တာ)-ဒေါ်သိန်းသိန်းဌေး သားဦးမင်းမင်းဖြိုး(ဒါရိုက်တာ) New Shwe Yaman Co., Ltd. က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ အမေရိကန်ဒေါ်လာ ၁၃၃၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမင်း လက်ခံစဉ်။** (သတင်းစဉ်)

# ရခိုင်ပြည်နယ် ဒေသ...
## အလှူငွေ၊ အဝတ်အထည်နှင့် စားသေ...

ရန်ကုန် ဇူလိုင် ၂၀

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ်ရှိ မီးသ... မေခလာခန်းမ၌ ...

**တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထက်ကျေးရွာ အထက(ပထက်)တွင် ဇူလိုင် ၁၂ ရက်က မိုးပွင့်အဆင့်(၃) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျောင်းသား ကျောင်းသူ ၈၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြတ်ထွန်းက မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့ထံ ပေးအပ်စဉ်။** (မြို့နယ်လထက)

# လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ၊ မြန်မာစီနီယာပီဂျီအေတို့ ပူးပေါင်းကျင်းပမည့် လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Professional၊ Senior Professional နှင့် Teaching Pro ဟူ၍ သုံးမျိုးခွဲ၍ ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားအားလုံးသည် အပျော်တမ်းအဆင့် (H'Cap 0-12) ရှိရမည်ဖြစ်ပြီး Senior Professional အတွက်ကိုမူ ပြိုင်ပွဲကျင်းပမည့်နေ့တွင် အသက် ၅၀ ပြည့်ပြီးသူများသာ ဖြစ်ရမည်။

အဆိုပါ လက်ရည်စစ်ပွဲအောင်မြင်သူ Professional နှင့် Senior Professional များသည် မြန်မာပီဂျီအေနှင့် စီနီယာပီဂျီအေပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမည် ဖြစ်သည်။

အဆိုပါ လက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေး ကျပ်ငါးသောင်းပေးသွင်း၍ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထားကာ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄၊ ၀၁-၆၅၁၃၇၄ နှင့် ပြိုင်ပွဲကျင်းပမည့် ဂေါက်ကွင်း၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အမှတ်(၁၃၅) ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ်(၄/၂၀၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ပေးသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းကျောင်းသို့ အပတ်စဉ်(၅/၂၀၁၂) သင်တန်းကို ဇူလိုင် ၂၃ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ သိုးမွှေး၊ ဇာထိုး ပန်းထိုး၊ ကျားရုပ်၊ ဘော်လီ/ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ စင်တီမီတာ(စက်ချုပ်)၊ ဆီးယို၊ ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင် (အခြေခံ/အဆင့်မြင့်)၊ ပန်းပွင့်ပန်းခိုင်ပြုလုပ်နည်း၊ သစ်သီးအလှပြင်၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုးသင်တန်းများ ဖွင့်လှစ်ပြီး (စနေ/တနင်္ဂနွေ) နှစ်လသင်တန်းများကို ဇူလိုင် ၂၈ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

**(အိမ်တွင်းမှုသက်မွေးသင်တန်းကျောင်း)**

▲ ကျော့ဖုံးမှ

၅ ကီလိုမီတာကို ဗဟိုပြုပြီးလှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်ဗဟိုသည် ဂေါ်ယူမြို့နှင့် ရန်ကျိုမြို့ ဘော်ရင်ဒေသ နယ်စပ်အကြားဖြစ်ပွားခဲ့ကြောင်း တရုတ်မြေငလျင်ကွန်ရက်စင်တာက ပြောကြားသည်။

၄င်းငလျင်သည် ရန်ကျိုမြို့မှကီလိုမီတာ ၁၀၀ ခန့်အကွာ ဇီကျန်း၊ နန်နန်းနှင့် မြို့တော်ကျန်စုတို့၌လည်း ပြင်းထန်စွာ ရိုက်ခတ်မှုရှိကြောင်း သိရသည်။ ယင်းမြေငလျင်လှုပ်မှုနှင့်ပတ်သက်ပြီး ထိခိုက်ပျက်စီးမှုများ ချက်ချင်းမသိရသေးဟုဆိုသည်။

(အင်တာနက်)

# ဗန်းမော်-ကသာ ရုပ်ပြေးရေယာဉ်တစ်စင်း တိမ်းမှောက်နစ်မြုပ် ခရီးသည်အများစု ကယ်ဆယ်နိုင်၊ တစ်ဦးသေဆုံးပြီး ၁၀ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ဗန်းမော်-ကသာရုပ်ပြေးရေယာဉ်တစ်စင်း တိမ်းမှောက်နစ်မြုပ်သဖြင့် တစ်ဦးသေဆုံးပြီး ၁၀ ဦးထက်မနည်း ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။

ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် ခရီးသည် ၈၀ ကျော်တင်ဆောင်ထားသော မြမင်းအောင်ရုပ်ပြေးရေယာဉ်သည် မိုးသည်းထန်စွာရွာသွန်းပြီး ရေစီးအလွန်သန်နေချိန် ဗန်းမော်မြို့မဆိပ်ကမ်း၌ စက်နှိုးရာ ဂီယာမဝင်ဘဲ မျောပါပြီး ကမ်းနားတွင် ရပ်ထားသည့် ရေယာဉ်များနှင့် ပွတ်တိုက်မိကာ နစ်မြုပ်သွားခဲ့ကြောင်း၊ သို့ဖြစ်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ ခရီးသည် ၇၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အမျိုးသားတစ်ဦးသေဆုံးသွားကြောင်း၊ ခရီးသည် ၁၀ ဦးထက်မနည်းပျောက်ဆုံးလျက်ရှိသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဗန်းမော်မြို့နယ်သတင်းထောက်က မြန်မာ့သတင်းစဉ်သို့ သတင်းပို့ခဲ့သည်။

ရေနစ်မြုပ်ရာသို့ ဒေသဆိုင်ရာအာဏာပိုင်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးများ၊ မီးသတ်၊ ကြက်ခြေနီနှင့်တာဝန်ရှိသူများရောက်ရှိပြီး ကယ်ဆယ်ရရှိသူများအား လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ကုသပေးကာ ၎င်းတို့အတွက် အလှူငွေများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ ဆေးဝါးများထောက်ပံ့လှူဒါန်းလျက်ရှိကြောင်းဖြင့်လည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မြစ်ကြီးနားမြို့နယ်မှ သတင်းထောက်တစ်ဦးက ဖုန်းဖြင့် လှမ်းသတင်းပို့ရာတွင် ဗန်းမော်ရုပ်ပြေးရေယာဉ်တိမ်းမှောက်သဖြင့် မြစ်ကြီးနားမြို့၌ ကျင်းပမည့် ကချင်ပြည်နယ် တက္ကသိုလ်ဖုန် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဗန်းမော်တက္ကသိုလ် အမျိုးသားဘောလုံးအသင်းမှ နည်းပြတစ်ဦး၊ ဘောလုံးသမား ငါးဦးလည်း ပျောက်ဆုံးသူများအထဲတွင်ပါဝင်သည်ဟု ကြားသိရသဖြင့် ၎င်းအနေဖြင့် သေချာအောင် စိစစ်စုံစမ်းလျက်ရှိပါကြောင်း သတင်းပို့ခဲ့သည်။

မြမင်းအောင် ရုပ်ပြေးရေယာဉ်မှာ အလျား ၉၅ ပေ၊ အနံ ၅ ပေခွဲ၊ သံကိုယ်ထည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

နေပြည်တော် ဇူလိုင် ၂၀

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်ကုတ်မြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ မာန်အောင်မြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၅၅ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၇၆ လက်မနှင့် ညောင်လေးပင်မြို့တွင် ၂ ဒသမ ၇၂ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

# တီးတိန်...



ဒေ

ကျင်းပ

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် အလှူရှင်များက အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ လာရောက်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

# ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွက် အလှူငွေ၊ အဝတ်အထည်နှင့် စားသောက်ကုန်ပစ္စည်းများဆက်လက်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေသဇင်မိသားစုနှင့်ဝန်ထမ်းများက (တတိယအကြိမ်) ငွေကျပ် နှစ်ဆယ့်တစ်သိန်းတန်ဖိုးရှိ ဖူဂျီဆပ်ပြာကရင်မ် သေတ္တာ ၁၀၀၊ YWCA ငွေစုငွေချေး အဖွဲ့ဝင်များ (ဗိုလ်တထောင်မြို့နယ်)က ငွေကျပ် ခုနစ်သိန်းလေးထောင်၊ စစ်သူနာပြုအရာရှိများ(တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားများ)က ငွေကျပ်ငါးသိန်းနှင့် အဝတ်အထည်သုံးထုပ်၊ မောင်သီဟရွှေ (ကမ္ဘာအေးဗီလာ)က ငွေကျပ် နှစ်သိန်းခြောက်သောင်း၊ ဦးတင်လှိုင် လှိုင်သာယာဒေသဖွံ့ဖြိုးရေးအဖွဲ့က ငွေကျပ်သုံးသိန်း၊ နေပြည်တော်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်နှင့် တပ်ဖွဲ့ဝင်မိသားစုများက ငွေကျပ်နှစ်သိန်း၊ ဦးစိုးဝင်းရှိန်-ဒေါ်မြင့်မြင့်ကြူ မလိခအိမ်ရာ သဃ်န်းကျွန်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်ကျော်ရင် (ခေတ္တကိုရီးယား)က ငွေကျပ်တစ်သိန်း၊ ဦးမင်းစိုး-ဒေါ်သန်းသန်းမြင့် မရမ်းကုန်းမြို့နယ်က ငွေကျပ်တစ်သိန်း၊ အဝတ်အထည်တစ်ထုပ်၊ နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးမြင့်ထွန်းအောင်-ဒေါ်ဇင်နွယ်လင်း (ခေတ္တအဘူဒါဘီ)က ငွေကျပ်ငါးသောင်း၊ ဒေါ်မိမိခိုင်၊ ဒေါ်တင်တင်အေး အင်းစိန်က ငွေကျပ်နှစ်သောင်းနှင့်အဝတ်အထည်တစ်ထုပ်၊ မရွှန်းလဲ့ရတနာအောင်နှင့် မဇာခြည်လှဲ့နှင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)က အဝတ်အထည်သုံးထုပ်၊ မီးဖိုဆောင်သုံး ပစ္စည်းတစ်ခြင်း၊ ဒေါ်ခင်ခင်ကြည်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်အေးမွန် ဘောက်ထော်က အဝတ်အထည်သုံးထုပ်၊ တပ်သားတိုးအောင်၊ မဝင်းစန္ဒာ မရမ်းကုန်းမီးသတ်စခန်းက အဝတ်အထည်တစ်ထုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဦးစောထွန်းလှဘော်က ငွေကျပ်ခြောက်သောင်းတန်ဖိုးရှိ ကော်ဖီမစ်နှင့် ခေါက်ဆွဲခြောက်များ၊ အလက-၂ ကြည့်မြင်တိုင် ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက အဝတ်အထည်တစ်အိတ်၊ ဦးအောင်မြင့်၊ ဒေါ်ကြင်ဌေးနှင့် စေတနာရှင်များ၊ မြောက်ဥက္ကလာပ စက်မှုဇုန်က အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ၁၅ အိတ်တို့ကို ပေးအပ်လှူဒါန်းကြရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယနေ့အထိအလှူငွေရရှိမှုမှာ ငွေ ၂၉၉၄၇၁၀၂၃ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တီးတိန်မြို့၌ စာပေဟောပြောပွဲ ကျင်းပ

**တီးတိန် ဇူလိုင် ၂၀**

ဖလမ်းခရိုင် တီးတိန်မြို့ လွယ်ဘွာလ်းရပ်ကွက်တွင် ဇူလိုင် ၁၇ ရက်က စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာကိုတာက စာဖတ်ခြင်းအကျိုးကျေးဇူးများနှင့် စာရေးဆရာမြင့်ဇော်က သစ်တောများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းများကို ဟောပြောကြရာ တက်ရောက်လာကြသော စာပေဝါသနာရှင်များက သိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ...လ ဆက်လက်အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၂၀**

**...က် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့...တွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်...ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်း...ရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်...ယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်...နှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းဒေသကြီးနှင့်...တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်...က်မြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၇၆ လက်မ၊ ...် ၃ ဒသမ ၈၆ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၃ ဒသမ ...ဲမြို့တွင် ၃ ဒသမ ၅၅ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ...အိုမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ...ညာင်လေးပင်မြို့တွင် ၂ ဒသမ ၇၂ လက်မတို့ဖြစ်ကြသည်။

**...င်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား...တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

**...လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်...်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး ...သက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ...က်ခတ်နိုင်သည်။

**...ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက် ...ည်။

**...က်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ...ရနှုန်း ၈၀ ဖြစ်သည်။

**...နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်း ...ရနှုန်း ၈၀ ဖြစ်သည်။

**...နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ...ရန်ရာနှုန်း ၆၀ ဖြစ်သည်။

မိခင်ကြီး ဒေါ်သန်းသန်းအေး အားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပ(၇)ရပ်ကွက် အမှတ်(၆၉) မင်းရဲကျော်စွာလမ်းနေ သမီးဖြစ်သူ မသက်သက်မာ (၂၇)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ငွေကျပ်နှစ်သိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ရုံးအဖွဲ့မှူး ဦးမောင်မောင်ရီထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

# ရှင်သန်ကြပါစေ . . .

**ချစ်နိုင်(စိတ်ပညာ)**

ပထမကမ္ဘာစစ်အပြီး ၁၉၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် မြန်မာစာပေသမိုင်း၌ ပထမဦးဆုံးထုတ်ဝေသည့် ဂျာနယ်အဖြစ်မှတ်တမ်းတင်ရမည့် "မြန်မာ့ဗျူဟာဂျာနယ်" စတင်ထုတ်ဝေခဲ့လေသည်။ ဂျာနယ် Journal ဟူသော အခေါ်အဝေါ်ကိုလည်းကောင်း၊ Reporter သတင်းထောက်ဟူသော ဝေါဟာရကိုလည်းကောင်း စတင်သုံးစွဲသူမှာ ဆရာကြီးရွှေဥဒေါင်း ဖြစ်ပေသည်။ မြန်မာ့ဗျူဟာဂျာနယ်ကို ထုတ်ဝေစီမံခဲ့သူကလည်း အခြားမဟုတ်၊ ဆရာကြီးရွှေဥဒေါင်းပင်ဖြစ်သည်။ ထိုစဉ်က အသက်(၃၀)အရွယ်ဖြစ်၏။

စာရေးဆရာ၊ သတင်းစာဆရာ ဆရာကြီး ရွှေဥဒေါင်း(ခ) ဦးဖေသိန်း (၁၈၈၉-၁၉၇၃) ကွယ်လွန်ခဲ့သည်ကား နှစ်ပေါင်းလေးဆယ်ရှိလေပြီ။ ရွှေဥဒေါင်းသေသွားသော်လည်း ရွှေဥဒေါင်း၏ စာပေလက်ရာများကား အစဉ်အဆက်ဆက်လက်ရှင်သန်လျက် နိုင်ငံနှင့်ပြည်သူကို ကျေးဇူးပြုနေဆဲဖြစ်ပေသည်။ ထို့ထက်ပို၍ ဝမ်းသာကြည်နူးစရာကောင်းသည်မှာ ဆရာကြီး၏မွေးရာဇာတိ မန္တလေးမြို့တွင် "ရွှေဥဒေါင်းစာကြည့်တိုက်" ဟူ၍ ၇၈ လမ်းမကြီးပေါ်တွင် မီးရထားဌာနက ဆရာကြီးရွှေဥဒေါင်း ရုပ်တုကြီးနှင့်တကွ အမှတ်တရဂုဏ်ပြုဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပါသည်။

လူပင်သေသော်လည်း နာမည်မသေသူများရှိကြသည်။ စာပေဖြင့် ပြည်သူကို အကျိုးပြုရုံမျှမက စာကြည့်တိုက်ဖြင့် ဆက်လက်အကျိုးပြုနေကြသော ပုဂ္ဂိုလ်တို့လည်းရှိကြပါသည်။ ဥပမာပြရသော်-

၁။ ဟသ်ာတမြို့နယ် နိဗ္ဗာန်ရွာ ဦးဖိုးကျားသုတစွယ်စုံစာကြည့်တိုက်။ (စာရေးဆရာ အမျိုးသားပညာဝန် ဦးဖိုးကျား (၁၈၉၀-၁၉၄၁)ကို ဂုဏ်ပြုဖွင့်လှစ်ခဲ့သည်။)

၂။ ဖျာပုံမြို့ ဇော်ဂျီရာပြည့်စာကြည့်တိုက်။(အမျိုးသားစာဆို၊ ကဗျာစာဆို၊ ဆရာ ဇော်ဂျီ(ခ) ဝဏ္ဏကျော်ထင်၊ သီရိပျံချီ ဦးသိန်းဟန်(၁၉၀၇-၁၉၉၀)ကို ဂုဏ်ပြုဖွင့်လှစ်ခဲ့သည်။)

၃။ ပခုက္ကူမြို့ ပခုက္ကူ ဦးအုံးဖေစာကြည့်တိုက်။ (စာရေးဆရာ ပခုက္ကူ ဦးအုံးဖေ (၁၉၁၇-၂၀၀၈)က မတည်ဆောက်လုပ်ထူထောင်ပြီး လှူဒါန်းခဲ့သော ပြည်သူ့စာကြည့်တိုက်ဖြစ်သည်။)

၄။ ဗိုလ်ကလေးမြို့ ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်။ (အမျိုးသားစာပေဆုရ စာရေးဆရာ၊ ဂီတစာဆို စည်သူဗိုလ်ကလေးတင့်အောင်က ထူထောင်လှူဒါန်းသော ပြည်သူ့စာကြည့်တိုက်ဖြစ်သည်။)

၅။ ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ် ဦးပုညလမ်း ၉၀၀-၉၉၀ ပါရဂူရှုန္တိနိကေတန် ရည်ညွှန်းစာကြည့်တိုက်။(စာအုပ်ပေါင်း ၁၃၀ ရေးသားခဲ့သော အမျိုးသားစာပေ၊ တစ်သက်တာစာပေဆုရ စည်သူပါရဂူကိုယ်တိုင် ဦးဆောင်ထူထောင်ခဲ့သော ရည်ညွှန်းစာကြည့်တိုက်ဖြစ်သည်။ စာအုပ်ပေါင်း ငါးသောင်းကျော်ရှိသည်။ ပါရဂူ(၁၉၂၁-၂၀၁၁)ကို ဂုဏ်ပြုသောအားဖြင့် ကော်မတီက ဆက်လက်ထိန်းသိမ်း ဖွင့်လှစ်ထားသည်။)

၆။ ကဝမြို့နယ် ရစ်ကံကြီးရွာ ချစ်စံဝင်းစာဖတ်ခန်း။ (အမျိုးသားစာပေဆု၊ သုတစွယ်စုံ တစ်သက်တာစာပေဆုရ ဆရာချစ်စံဝင်းက မတည်ထူထောင်တည်ဆောက်ပေးသော ပြည်သူ့စာကြည့်တိုက်ဖြစ်သည်။)

သာဓကပြစရာများစွာရှိပါသော်လည်း စာမျက်နှာကိုငဲ့၍ ဤမျှသာဖော်ပြပါရစေ။

၂၀၁၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဝါးလယ်ရွာ(ဆရာကြီး၏ မွေးရာဇာတိချက်မြှုပ်ရွာ)တွင် အမျိုးသားစာဆို စာရေးဆရာ သခင်ကိုယ်တော်မှိုင်းကို ဂုဏ်ပြုအမှတ်တရအဖြစ် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ဦးဆောင်စည်းရုံးကာ စေတနာရှင်များ စုပေါင်းတည်ဆောက်သည့် "သခင်ကိုယ်တော်မှိုင်းစာကြည့်တိုက်" ကို ဖွင့်လှစ်ပါတော့မည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း(၁၈၇၆-၁၉၆၄)ကို မွေးဖွားခဲ့သည့် သူ၏ဇာတိကျေးရွာတွင် ပြည်သူ့စာကြည့်တိုက်တစ်ခု ၂၂-၇-၂၀၁၂(တနင်္ဂနွေနေ့)၌ ခမ်းနားထည်ဝါစွာပေါ်ထွက်လာခြင်းမှာ ဝမ်းသာကြည်နူးစရာ သာဓုခေါ်စရာကောင်းမှုတစ်ရပ် ဖြစ်ပါပေသည်။

စာရေးဆရာစာပေပညာရှင်များက ပြည်သူများကို စာပေရေးသားခြင်းဖြင့် ကျေးဇူးပြုခဲ့သည်။ ပြည်သူများက ပြန်လည်ဂုဏ်ပြုသောအားဖြင့် မျိုးဆက်သစ်များက သတိတရ ဤကဲ့သို့စာကြည့်တိုက်များ ထူထောင်တည်ဆောက်ခြင်းသည် နောင်လာနောက်သား ကောင်းစားတိုးတက်စေဖို့ပင် ဖြစ်လေသည်။

စာဆိုနှင့်ပြည်သူသည် သာယာလှပသော အနာဂတ်ကိုလက်တွဲတည်ဆောက်နေကြခြင်း ဖြစ်သည်။

စာဖတ်သော ပြည်သူလူထုသည် အသိဉာဏ်ဗဟုသုတရင့်သန်လာကြမည်မှာ အမှန်ပင်ဖြစ်၏။ အသိဉာဏ် အမြော်အမြင်ပြည့်ဝသော ပြည်သူများသည် နှလုံးသားများ နူးညံ့ပျော့ပျောင်းပြီး စိတ်ကောင်းစေတနာကောင်းကိုလည်း ရွေးချယ်တတ်မည်။ ဆုံးဖြတ်နိုင်မည်။ အမှန်အမှား ခွဲခြားနိုင်ကြမည်။ အတတ်ပညာ၊ နည်းပညာများ ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်မြှင့်တင်နိုင်ကြပါလိမ့်မည်။ လူ့ဘောင်ကို သာယာစည်ပင်စေလိမ့်မည်။

အလုပ်သမား၊ လယ်သမား၊ ကျောင်းသား ကျောင်းသူအားလုံးသည် စာအုပ်စာပေနှင့် ရင်းနှီးနေဖို့လိုပေသည်။ စာပေနှင့် အလှမ်းမကွာဖို့ အရေးကြီးလေသည်။ စာပေဗဟုသုတနိမ့်ကျသည်နှင့်အမျှ အဓိကနှင့်သာမညကို မခွဲခြားတတ်သဖြင့် အချိန်ကုန် လူပန်းဖြစ်ရမည့်အပြင် ခေတ်နောက်ကျရမည်။ ဆင်းရဲနွမ်းပါးကြရမည်။ အခြားသော လူမျိုးတို့ထက် လူမှုစီးပွားအခြေအနေ နိမ့်ကျရတတ်သည်။ အမှောင်ထုထဲဝယ် တဝဲလည်လည်။

စာပေမှတစ်ဆင့် အသိပညာ၊ ဗဟုသုတ၊ ရသအမြင် စသည်တို့ ရရှိလာကြလျှင် စာဖတ်သူများသည် မိမိတို့ဘဝ တက်လမ်းကိုဖြစ်စေ၊ နိုင်ငံတကာဖြစ်ပေါ်ပြောင်းလဲမှုများကိုဖြစ်စေ ကောင်းစွာသိမြင်သည်နှင့်အမျှ လူမှုစီးပွားဘဝကို ကောင်းသည်ထက် ပိုကောင်းအောင် ပြောင်းလဲပြုပြင်နိုင်ကြလိမ့်မည်။

လူသားတို့၏ လုပ်ဆောင်ချက်ကို အသိအမြင်က ဦးဆောင်ပါသည်။ အသိအမြင်ကို စာအုပ်စာပေတို့မှ ဈေးချိုချို အဖိုးသက်သက်သာသာနှင့် လွယ်ကူစွာရရှိစေနိုင်ပါသည်။ စာပေပြန့်ပွားအောင် ပြည်သူ့စာကြည့်တိုက်များ ရပ်ကွက်ကျေးရွာအနှံ့အပြားတည်ထောင်အောင်မြင်ကြလျှင် ပြည်သူအများ အကျိုးများပါသည်။

ဖျာပုံမြို့တွင် ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို ၂၀၀၈ ခုနှစ် ဧပြီ ၅ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲကို ကျွန်တော်တက်ရောက်ခဲ့သည်။ ဆရာချစ်စံဝင်း၊ ကြူကြူသင်း၊ ဆောင်းဝင်းလတ်နှင့်ကျွန်တော်တို့ ဇော်ဂျီစာကြည့်တိုက်ဘေးရှိကွင်းပြင်၌ ထိုညစာပေဟောပြောပွဲ ဟောပြောခဲ့သည်။ ဆရာဇော်ဂျီစာကြည့်တိုက်သည် (၁) အဆောက်အအုံ၊ (၂)စာအုပ် ၁၃၅၀၀ နှင့် စာနယ်ဇင်းမျိုးစုံ ၁၀၀၀၀ ကျော်၊ (၃)စာဖတ်သူ၊ (၄)ဝန်ထမ်း၊ (၅)ရန်ပုံငွေ ၁၈၃ ဒသမ ၆၅ သိန်း ဟူသော စာကြည့်တိုက်အင်္ဂါ(၅)ရပ်နှင့် ပြည့်စုံစွာ ရှင်သန်လျက်ရှိနေပါသည်။ စာကြည့်တိုက်အသင်းဝင် ၂၄၅၀ ရှိလေသည်။ နေ့စဉ် စာအုပ်ငှားသူ ၂၀၀ ကျော်ရှိနေသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်အသင်းဝင် လေးဦးက "မြန်မာစာဂုဏ်ထူး"ရပြီး အောင်မြင်ခဲ့ကြပါသည်။ စာကြည့်တိုက်၏ လက်ငင်းအကျိုးပေးပုံကို တွေ့မြင်နိုင်ပါသည်။

ပြည်သူ့စာကြည့်တိုက်များသည် အရွယ်မရွေး၊ ကျားမ မရွေး၊ အလုပ်အကိုင်မရွေး၊ ပညာရည်အဆင့်မရွေး၊ စာဖတ်သူအားလုံးကို ဘဝမြင့်မားအောင်၊ ထူးချွန်ပြောင်မြောက်အောင် အထောက်အကူပေးနေသော ပညာဘဏ်တိုက်ကြီးများ ဖြစ်ကြပါသည်။ စာကြည့်တိုက်မှ သုတရသပညာရပ်မျိုးစုံကို ဖြန့်ဖြူးပေးနေကြပါသည်။

ပြီးခဲ့သော သုံးလခန့်ကပင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာသို့ ကျွန်တော်တို့ရောက်ခဲ့ပါသေးသည်။ အဆိုပါ ကျုံတနီးကျေးရွာတွင် မွေးဖွားခဲ့သော မောင်ခင်အေးအမည်ရှိ လူငယ်လေးတစ်ဦး၏ဖြစ်စဉ်ကိုလည်း ကြားသိရပါသည်။ မောင်ခင်အေးကား သောင်းကျန်းသူများ နှိပ်စက်သတ်ဖြတ်သဖြင့် ဖခင်သေဆုံး၊ မိခင်ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်ခဲ့၊ မိဘမဲ့စစ်ပြေးဒုက္ခသည်အဖြစ် ရန်ကုန်ရှိ ဆွေမျိုးများထံ ဆင်းဆင်းရဲရဲနေခဲ့ရာမှ ငယ်စဉ်က အဘိုးကျောင်းအုပ်ဆရာကြီး၏ ပျိုးထောင်ပေးမှုကြောင့် စာဖတ်ကျင့်စွဲခဲ့သည်။

စာဖတ်ဝါသနာထုံသော မောင်ခင်အေးလေးသည် စာစုံဖတ်သည်။ လေးတန်း စကောလားရှစ် ဆု၊ ခုနစ်တန်း စကောလားရှစ် ဆုများရခဲ့သည်။ ၁၀ တန်းကိုလည်း မြန်မာစာနှင့်သင်္ချာ နှစ်ဘာသာဂုဏ်ထူးနှင့် ထူးချွန်စွာအောင်မြင်ခဲ့သည်။ ပညာရည်ထူးချွန်သော မောင်ခင်အေးသည် ပညာသင်ထောက်ပံ့ဆုများရကာ ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွင် တက်ခွင့်ရခဲ့သည်။ ဘွဲ့ရသည်။ မဟာဘွဲ့ထပ်မံရသည်။ ဒေါက်တာဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ရန်ကုန်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံရှိ အိုဆာကာ တက္ကသိုလ်တို့မှာ မြန်မာစာပါမောက္ခအဖြစ် သူဆောင်ရွက်ခဲ့ရသည်။ ပညာဖြင့် အသက်မွေးနိုင်ခဲ့သည်။

ထိုမောင်ခင်အေး တစ်ဖြစ်လဲ ဒေါက်တာဦးခင်အေး၊ ဇနီး ဆရာမ ဒေါ်စုစုနွယ်၊ သမီး မသူသူနွယ်အေး မိသားစုက ငွေကျပ် ၂၅ သိန်းနှင့် စာအုပ် ၅၇၆ အုပ် (တန်ဖိုး ၁၇ သိန်းခန့်)၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ကျပ် ၁၀ သိန်းနှင့် သုတရသစာအုပ်များနှင့် စာနယ်ဇင်း ၁၀၀၀ ကျော်တို့ကို မတည်လှူဒါန်းကာ သူ၏ဇာတိ ကျုံတနီးရွာမှာ "ပညာအလင်းကျေးရွာစာကြည့်တိုက်" ကို တည်ဆောက်ထူထောင်ပေးခဲ့ကြလေပြီ။ ဖြူစင်သော လူမှုရေးအလှူဒါန။

ကျုံတနီးရွာသား ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ဘဝ စစ်ပြေးဒုက္ခသည်လေး မောင်ခင်အေးကို ဆင်းရဲတွင်းမှ လွတ်မြောက်အောင် ကယ်တင်ပေးခဲ့သည်ကား စာဖတ်ကျင့်နှင့် စာအုပ်စာပေအသိဉာဏ်ဗဟုသုတ ဖြစ်ပေသည်။ မိဘမဲ့ဆင်းရဲသားကလေးငယ်တစ်ယောက်သည်ပင်လျှင် တက္ကသိုလ်ကြီးများမှာ မြန်မာစာပါမောက္ခ ဖြစ်လာရပါသေးသည်။ ပုံပြင်မဟုတ်ပါ။

ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့လူမျိုးသည် စာဖတ်ခြင်းဖြင့် မကြာမီ ကြီးမြင့်ထွန်းတောက်လာကြမည်မှာ သေချာပါသည်။ မြေကြီးလက်ခတ်မလွဲချေ။ ရွှေဥဒေါင်း၊ ဇော်ဂျီ၊ ဦးဖိုးကျား၊ ပါရဂူ၊ ပခုက္ကူဦးအုံးဖေ၊ ဗိုလ်ကလေးတင့်အောင်၊ ချစ်စံဝင်းနှင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်များကို ရှင်သန်ခိုင်မြဲအောင် စာဖတ်၍ အားပေးကြရမည်။ အမြို့မြို့အရွာရွာ ပြည်သူ့စာကြည့်တိုက်များလည်း အလားတူစွာ စည်ကားလာလျှင် ကျွန်ုပ်တို့ နိုင်ငံနှင့်လူမျိုး အညွှန့်တလူလူတက်ပြီဟု လက်ခမောင်းခတ်နိုင်ပေတော့မည်။

ဗဟုသုတနည်းပါး၍ အမြော်အမြင်မရှိသောလူမျိုးတို့သည် သူတစ်ပါး၏ နည်းမျိုးစုံဖြင့် အနိုင်ကျင့်ဖိနှိပ်ခံနေကြရကာ ဗဟုသုတပြည့်စုံပြီး အတတ်ပညာ၊ နည်းပညာရှိကြသော လူမျိုးများသည် လူနေမှုဘဝ၊ စီးပွားရေးအဆင့်မြင့်မားစွာ တည်ဆောက်နေနိုင်ကြသည်ကို ထင်ထင်ရှားရှား တွေ့နိုင်ပေသည်။

ပညာဗဟုသုတဖြည့်ဆည်းကြဖို့ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်ပါစေ။ စာကြည့်တိုက်ရှိ စာအုပ်စာပေမျိုးစုံကို မွှေနှောက်ဖတ်ရှုကြပါလေ။ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာဇော်ဂျီ၊ ဆရာပါရဂူ စသည့် စာဆိုကဝိပုဂ္ဂိုလ်များသည် ဝမ်းသာပီတိဖြင့် ကောင်းရာဘုံဘဝမှ ကြည့်နေကြလိမ့်မည်ဟု မြင်ယောင်မိပါ။

အသက်ကိုးဆယ်ကျော်ထိ သက်ရှိထင်ရှား ဆရာဗိုလ်ကလေးတင့်အောင်နှင့် အသက်ခုနစ်ဆယ်အရွယ် ဆရာချစ်စံဝင်းတို့သည် သူတို့ထူထောင်တည်ဆောက်ပေးသော သူတို့ဇာတိမြို့ရွာရှိ စာကြည့်တိုက်မှာ စာဖတ်သူများ စည်ကားပုံကို ကြည့်မြင်ပြီး ကြည်နူးကျေနပ်စွာ အသက်ရှည်ကြပါလိမ့်မည်။

အစ်ကိုလေး ဗိုလ်ကလေးတင့်အောင် ကျန်းမာပါစေ။

ဗိုလ်ကလေးမြို့ "ဗိုလ်ကလေးတင့်အောင်စာကြည့်တိုက်" ရှင်သန်ပါစေ။

ဆရာချစ်စံဝင်း ကျန်းမာပါစေ။

ကဝမြို့နယ် ရစ်ကံကြီးရွာ "ချစ်စံဝင်းစာဖတ်ခန်း" ရှင်သန်ပါစေ။

ရွှေတောင်ဝါးလယ်ရွာ "သခင်ကိုယ်တော်မှိုင်း စာကြည့်တိုက်" လည်း အသက်ဝင်ကာ ရှင်သန်ပါစေ။ ။

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ လွိုင်ကော်မြို့၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ယာဉ်ထိန်းဌာနမှ တာဝန်ခံရဲအုပ်လှိုင်ဦးက လမ်းအသုံးပြုသူများနှင့် ခြေကျင်လျှောက်သူများအတွက် လိုက်နာရမည့် စည်းကမ်းချက်များ၊ စက်ဘီးစီးသူများနှင့် ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကိုလည်းကောင်း၊ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးအဖွဲ့မှ ရဲအုပ်ကံဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရမှုနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း၊ တောင်ကြီး မူးယစ်အထူးအဖွဲ့မှ ရဲအုပ်တင်စိုးက မူးယစ်ဆေးဝါးအန္တရာယ် သိကောင်းစရာများကိုလည်းကောင်း ပညာပေးဟောပြောကြပြီး ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၀၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်

ရေကြည် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ရေကြည်ခန်းမ၌ မက်(စ်)မြန်မာကုမ္ပဏီအုပ်စု ရေကြည်ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးစိုက်တောင်သူများသို့ စိုက်ပျိုးစရိတ်၊ ရိတ်သိမ်းစရိတ် သွင်းအားစုနှင့် လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားပြီး မက်(စ်)မြန်မာကုမ္ပဏီအုပ်စုနှင့် ဧရာဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က ပံ့ပိုးပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၁-၂၀၁၂ ခုနှစ် စိုက်ပျိုးစရိတ် အစောဆုံးပြန်လည်ပေးသွင်းသည့် တောင်သူ ၁၀ ဦးအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ ဦးဇော်ဇော်က သွင်းအားစုငွေကျပ် သိန်း တစ်သောင်းငါးထောင် ပေးအပ်ရာ ကျွဲတလင်းကျေးရွာ တောင်သူများ၏ ကိုယ်စား ဦးတင်မောင်မြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မင်းဇော်ဦး-ရေကြည်)

# ဒလမြို့နယ်၌ စက်ချုပ်သင်တန်းဆင်း

ဒလ ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇူလိုင် ၁၃ ရက်က ဒလမြို့နယ် ညောင်ငုတ္တိုကျေးရွာ စက်ချုပ်သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက ထောက်ပံ့ ငွေကျပ် ၅၀၀၀၀ ကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်ထံ ပေးအပ်ပြီး သင်တန်းသူများ၏ စက်ချုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၁၅၁)

# မသန်သော်လည်း စွမ်းပါသည်

မောင်တင်လှိုင်(ဟိုတယ်/ခရီး)

နေပြည်တော် ဇူလိုင် ၂၀

ပုသိမ်မြို့ စဉ့်အိုးဖိုရပ် အမှတ်(၁) ရပ်ကွက် ကျွဲနှစ်ကောင်ကျောင်းတိုက် အတွင်းလမ်းတွင် နေထိုင်လျက်ရှိသည့် မိဘနှစ်ပါးမှမွေးဖွားပြီး မွေးဖွားစဉ်ကပင် ညာလက်ကောက်ဝတ်ပြတ်လျက် ခြေနှစ်ဖက်ဒူးဆစ်အထိသာရှိပြီး အိုးလုပ်ငန်းဖြင့် အသက်မွေးခြင်း၊ စက်များပြင်ဆင်ခြင်းဖြင့် ဘဝကိုရပ်တည်နေသူ ဦးအောင်မြင့်ဦး(ခ) ဦးစံထူးအား စာရေးသူ သွားရောက်တွေ့ဆုံမေးမြန်းလေ့လာခွင့် ရရှိခဲ့သည်။

ဦးအောင်မြင့်ဦး(ခ) ဦးစံထူးသည် ၁၉၂၄ ခုနှစ် နယုန်လဆန်း ၇ ရက်တွင် စဉ့်အိုးဖိုရပ် အမှတ်(၁)ရပ်ကွက်တွင် ဖခင်ဦးလှချစ်(ကွယ်လွန်)နှင့် မိခင်ဒေါ်တင်ကြည်တို့မှ မွေးချင်းလေးဦးအနက် အငယ်ဆုံးသားတစ်ဦးဖြစ်သည်။ ဦးအောင်မြင့်ဦးသည် မွေးရာပါ ကိုယ်အင်္ဂါချို့ယွင်းနေသူဖြစ်သော်လည်း ဖခင်သေဆုံးခဲ့ပြီးနောက် မိဘများ၏ လက်ငုတ်လက်ရင်းဖြစ်သည့် အိုးလုပ်ငန်းကို အမွေဆက်ခံ၍ အိုးလုပ်ငန်းဖြင့် အနှစ် ၂၀ ကျော် လုပ်ကိုင်ခဲ့ရာ ယနေ့အထိဖြစ်သည်။ (အောက်ပုံ)

အသက်မွေးဝမ်းကျောင်း အတတ်ပညာဖြစ်သည့် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး စက်မှုလက်မှု(ကျား) ကျောင်းတွင် ၁၉၇၆ ခုနှစ်က သင်တန်းကာလခြောက်လ တက်ရောက်သင်ယူခဲ့သည်။ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးအဖွဲ့မှ ၁၉၇၆ ခုနှစ်တွင် ခြေတုနှစ်ချောင်းတပ်ဆင်ပေးခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ခြေတုနှစ်ချောင်းပျက်စီး၍ ဒုတိယအကြိမ် ပြန်လည်တပ်ဆင်ခဲ့ရသည်။ အသက် ၂၅နှစ်တွင် ဒေါ်ခင်သန်းငွေးနှင့် အိမ်ထောင်ပြုပြီး သား မောင်ကျော်ညွန့်အား မွေးဖွားခဲ့သည်။ ယခုအခါ မောင်ကျော်ညွန့်သည် အသက် ၁၈ နှစ်ပြည့်ပြီး ပဉ္စမတန်းပညာကိုသာ သင်ကြားနေရသည်။ အကြောင်းကား ကျန်းမာရေးမကောင်းခြင်း၊ ဉာဏ်ရည်မမီသူဖြစ်ကြောင်း တွေ့ခဲ့ရသည်။ ဦးအောင်မြင့်ဦး(ခ) ဦးစံထူး-ဒေါ်ခင်သန်းငွေး၊ မောင်ကျော်ညွန့်တို့သည် မိဘဘိုးဘွားများလုပ်ငန်းဖြစ်သည့် အိုးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းပြု၍ ရိုးသားစွာလုပ်ကိုင်စားသောက်နေသူများဖြစ်ကြောင်း အိမ်နီးချင်းများ၏ ပြောပြချက်အရ သိရှိခဲ့ရသည်။ မိုးတွင်းကာလ အိုးလုပ်ငန်းအလုပ်ပါးချိန်တွင် စက်ဘီး၊ ဆိုင်ကယ်များပြင်ခြင်း၊ မော်တော်ကားအင်ဂျင်စက်များ၊ ပွဲထောင်ရေယာဉ်စက်များ ပြင်ဆင်သည့်လုပ်ငန်းများ လုပ်ကိုင်ပြီး ဇနီးနှင့် သားမှာလည်း အိုးလုပ်ငန်းကို လုပ်ကိုင်ခြင်း၊ ကျပန်းအလုပ်များ လုပ်ကိုင်လျက် ဘဝကို ရုန်းကန်နေထိုင်လျက်ရှိကြပေသည်။

ဦးအောင်မြင့်ဦးသည် အိုးလုပ်သည့်လုပ်ငန်းအဆင့်ဆင့်ကို ကျွမ်းကျင်သည့်အပြင် မော်တော်ကားစက်ပြင်လုပ်ငန်းလုပ်ကိုင်ရာတွင်လည်း တပည့်သုံးဦးရှိကြောင်း သိရသည်။ အားကစားအနေဖြင့် နှစ်ဘီးတပ်ပြိုင်ပွဲတွင်ပထမရရှိခဲ့ပြီး ရေကူးလည်းတတ်သဖြင့် ကိုယ်အင်္ဂါမသန်စွမ်းသော်လည်း စွမ်းဆောင်နိုင်သူဖြစ်ကြောင်း ဘဝကိုအရှုံးမပေးသူအဖြစ် အတုယူဖွယ်တွေ့ရှိရပါသည်။

# စိုက်ပျိုးရေးသင်တန်းတက်ရောက်ရန် အစ္စရေးနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းနှင့် အစ္စရေးသမ္မတနိုင်ငံ Telaviv မြို့ရှိ Rama Negiv Institute တို့၏ စိုက်ပျိုးရေးလက်တွေ့သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ သင်တန်းတက်ရောက်မည့် သင်တန်းသား ကိုးဦးတို့သည် ဇူလိုင် ၁၆ ရက် ညနေက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးစိုးဝင်းနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ (အောက်ပုံ) (၁၆၈)

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

လင်းခေး ဇူလိုင် ၂၀

မိုးပွင့်အဆင့်(၃) စီမံချက်အရ လင်းခေးခရိုင် မိုးနဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများ ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု နားခံကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းအောင်နိုင်နှင့် ဝန်ထမ်းများဆောင်ရွက်နေမှုကို လင်းခေးခရိုင် ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးထွန်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ကျော်တို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍အသေးစိတ်ရှင်းလင်းပြောကြားပြီးလုပ်ငန်းများဆောင်ရွက်နေမှုကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် လဝက)

# ကျောင်းသား ကျောင်းသူများအား အခွန်ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၀

ပြည်တွင်းအခွန်များဦးစီးဌာန တိုက်ကြီးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ အလယ်တန်းအဆင့် သတ္တမတန်းနှင့် အဋ္ဌမတန်းကျောင်းသား ကျောင်းသူများအား အခွန်ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၄ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တိုက်ကြီးမြို့ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်တင်တင်သန်းက ကျောင်းသား ကျောင်းသူများအား ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသည့် အခွန်(၄)မျိုးနှင့် ပတ်သက်၍ ပညာပေးရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်အခွန်ဦးစီးဌာန)

# ရွှေကျင်မြို့နယ်၌ ပျံ့ကျဈေးသည်သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်

ရွှေကူ ဇူလိုင် ၂၀

ကချင်ပြည်နယ် ရွှေကူမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပျံ့ကျဈေးဈေးငွေအသင်းဝင်များ၏ သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက အမှာစကားပြောကြားပြီး ပျံ့ကျဈေးသည် ဈေးငွေအသင်းဝင်များ၏ သားသမီး ၃၃ ဦးအတွက် ငွေကျပ် သုံးသိန်းကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံ ၆၂ စုံကို အမှုဆောင်အရာရှိနှင့် ဈေးအကျိုးတော်ဆောင် ဦးနေစိုးမိုးတို့က ကျောင်းသား ကျောင်းသူ မိဘများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်

ကျိုက်ထို ဇူလိုင် ၂၀

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပုံပြော၊ ကဗျာရွတ်ဆို၊ ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျောင်းရွာ ကျေးရွာအမကဌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးက ပြိုင်ပွဲဝင်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)


မြန်မာ့အလင်း မှုခင်းသတင်း


# ဟိုပင်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ဟိုပင် ဇူလိုင် ၂၀

မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့၊ ဟိုပင်လှုပ်ရှားမှုအဖွဲ့မှ ရဲအုပ်ဆန်းဦးခေါင်းဆောင်သောတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် နံနက် ၆ နာရီက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဟိုပင်မြို့ မြို့မမြောက်ရပ်ကွက်ရှိ အောင်ကိုမင်း(ခ) အားဟိုက်၏နေအိမ်သို့ ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်းအား အသင့်တွေ့ရှိရပြီး ၎င်း၏အိပ်ခန်း အိပ်ရာခေါင်းရင်းထောင့်မှ အစိမ်းနှင့် အဖြူရောင်ချည်မွေးရှည်များပါ ခွေးရုပ်ဝမ်းဗိုက်အတွင်း ချည်စများဖြင့် ရောနှောသို့ဝှက်ထားသည့် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော WY စာတန်းပါ အနီရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၂ ပြား၊ အလေးချိန် ၁၈ ဒသမ ၂ ဂရမ်ခန့်ပါ အထုပ်တစ်ထုပ် (ကာလတန်ဖိုးငွေကျပ် ၇၂၈၀၀၀) သိမ်းဆည်းရမိသဖြင့် အောင်ကိုမင်း(ခ) အားဟိုက် ၃၀ (ဘ)ဦးစိန်ကျားရောက်အား ဟိုပင်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (ဝ၆၂)

# လောင်းကစားပြုလုပ်သူ ဖမ်းဆီးအရေးယူ

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီခွဲက ပျဉ်းမနားရဲတပ်ဖွဲ့စခန်းမှ ဒုတိယရဲအုပ်ဝင်းအောင်နှင့် သက်သေများပါဝင်သောအဖွဲ့သည် လောင်းကစားဒိုင်ပြုလုပ်နေကြောင်း သတင်းရရှိထားသော ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ကျောက်ကျင်းရပ်ကွက်နေ မနီလာစန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မနီလာစန်း ၄၄ နှစ် (ဘ)ဦးနီ၊ တင်မြင့် ၃၇ နှစ် (ဘ)ဦးကံညွန့်၊ မမြမြ ၄၂ နှစ် (ဘ)ဦးစံရင်၊ မအိမ ၂၆ နှစ် (ဘ)ဦးသောင်းတန်၊ ဒေါ်ငွေးငွေး ၅၀(ဘ) ဦးမြင့်တို့ ငါးဦးအား လောင်းကစားပြုလုပ်သော ဖဲချပ်များ၊ ငွေကြေးများဖြင့် ဖဲရိုက်လောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ပျဉ်းမနားရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၅၄)

# နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

ကျောက်တန်း ဇူလိုင် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများ ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အထိ မိုးပွင့်အဆင့်(၃) စီမံချက်အရ ရေကျော်ကျေးရွာအုပ်စု ချောင်းစောက်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်လဝက)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

မိုးမောက် ဇူလိုင် ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထကပညာရတနာခန်းမ၌ ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ဟန်မွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးသိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ ဗန်းမော်-မြစ်ကြီးနား-လွယ်ဂျယ်လမ်းဆုံ ကျောက်တိုင်အနီးတွင် ဗန်းမော်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့နှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့တို့က ဌာနဆိုင်ရာ အရေးပေါ်ခေါ်ဆိုဆက်သွယ်ရန် ဖုန်းနံပါတ်များပါသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်များစိုက်ထူပြီး ပြည်သူများအား အသိပညာပေး နှိုးဆော်ထားကြောင်း သိရှိရသည်။ (မြို့နယ် ထွေ/အုပ်)

# ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင်ကျွန်း ဇူလိုင် ၂၀

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘောဂဗေဒ တစ်ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သော မခင်သီတာမြင့်အောင်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ချီးမြှင့်သော ပညာသင်စရိတ် ငွေကျပ်သုံးသောင်းနှင့် အလှူရှင်များက ပေးအပ်သော ထောက်ပံ့ငွေများကို အလှူရှင်များကိုယ်စား မြို့နယ်ဦးစီးမှူး ဒေါ်သီတာအောင်က ပညာသင်စရိတ်ဂုဏ်ပြုဆုငွေနှင့်အတူ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (ဝ၆၅)

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

➢ ဇမ္ဗူသီရိဆေးရုံကြီးမှ အခြေခံကျန်းမာရေး စစ်ဆေးခြင်း၊ အဆင့်မြင့်ကျန်းမာရေး စစ်ဆေးခြင်း၊ အထူးအဆင့်မြင့်ကျန်းမာရေး စစ်ဆေးခြင်းများကို ခေတ်မီဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရောဂါဗေဒကျွမ်းကျင်ပါရဂူကြီးများ၊ ဓာတ်ခွဲကျွမ်းကျင်သူများဖြင့် ဆီး၊ သွေး၊ နှလုံး၊ အသည်း၊ သည်းခြေ၊ ကျောက်ကပ်၊ အရိုးအဆစ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ ဆီးကျိတ်၊ မသားဥ၊ ရင်သား၊ ပန်ကရိယ၊ အူမကြီးတို့တွင် ဖြစ်လေ့ရှိသော ကင်ဆာရောဂါများ၊ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး၊ ခုခံအားကျဆင်းရောဂါများ ရှိ၊ မရှိကို တိကျမှန်ကန်စွာ စစ်ဆေးပေးနေပါသည်။

➢ **ထို့အပြင် ရောဂါအမျိုးအစားတစ်ခုချင်းစီကိုလည်း စိတ်တိုင်းကျ စစ်ဆေးနိုင်ပါသည်။**

➢ ဓာတ်ခွဲ၊ ဓာတ်မှန်အဖြေများအရ လိုအပ်လျှင် သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများနှင့် ချိတ်ဆက်၍ သင့်ကျန်းမာရေးအား ပကတိပြန်လည်ကောင်းမွန်သည်အထိ အကောင်းဆုံးဝန်ဆောင်မှု ပေးနေပါသည်။

➢ **ကာကွယ်ဆေး ထိုးနှံပေးနိုင်မှု အစီအစဉ်**

♦ **ကလေးသူငယ်များအတွက်**

ရောဂါ (၅)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ ပိုလီယိုရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ)၊

ရောဂါ (၄)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ)၊

ရောဂါ (၃)မျိုးကို ကာကွယ်နိုင်သော ကာကွယ်ဆေး (ဝက်သက်၊ ပါးချိတ်ရောင်၊ ဂျိုက်သိုးရောဂါ)၊

ရာသီအလိုက်ဖြစ်ပွားသော တုပ်ကွေးရောဂါ၊ ရေကျောက်ရောဂါ၊ Rota Virus ကြောင့်ဖြစ်သော ဝမ်းလျှောဝမ်းပျက်ရောဂါ။

♦ **လူကြီးများအတွက်** အသည်းရောင်အသားဝါ အေ၊ ဘီ၊ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာရောဂါ၊ ခွေးရူးပြန်ရောဂါ၊ မေးခိုင်ရောဂါ။

➢ သင့်ကျန်းမာရေးအတွက် **ဇမ္ဗူသီရိအထူးကုဆေးရုံကြီး** က အကောင်းဆုံး အထောက်အကူပြုပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

➢ ***ဆက်သွယ်စုံစမ်းရန်- ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ ပျဉ်းမနား-တောင်ညိုလမ်းမကြီး၊ ဇီဇဝါပန်းအဝိုင်းအနီး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဆေးရုံအုပ်ကြီး ဖုန်း-၀၆၇-၅၅၀၁၅၀၊ လက်ထောက်ဆေးရုံအုပ်ကြီး ဖုန်း-၀၉-၇၃၁၆၆၈၀၇၊ ရောဂါဗေဒဆရာဝန်ကြီး ဖုန်း-၀၉-၄၉၂၀၄၅၀၆၊ ဆက်ဆံရေးအရာရှိ ဖုန်း-၀၉-၄၉၂၀၅၄၅၄***


**အိုင်တီနည်းပညာ အိုင်တီနည်းပညာ** ကောင်းမြတ်သူ - စုစည်းသည်

## အရွယ်အစားကြီးသောတက်ဘလက် အမေဇုန်မှ ထုတ်လုပ်မည်

နယူးယောက် ဇူလိုင် ၂၀

ကမ္ဘာကျော်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အမေဇုန်က အကြီးဆုံး တက်ဘလက်ကွန်ပျူတာကို ထုတ်လုပ်ရန် စီစဉ်နေကြောင်း ဘီဂျီအာ သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ **(အောက်ဝဲပုံ)** အဆိုပါ တက်ဘလက်ကွန်ပျူတာသည် အရွယ်အစားအားဖြင့် ၁၀ လက်မအရွယ်ရှိမည်ဖြစ်ပြီး ၎င်းကို Kindle Fire ဟု အမည်ပေးထားသည်။ အက်ပဲလ်ကုမ္ပဏီက ပို၍ငယ်သော အိုင်ပက်နှင့် တက်ဘလက်များ ထုတ်လုပ်နေချိန်တွင် အမေဇုန်က ပို၍အရွယ်အစားကြီးသော တက်ဘလက်ကွန်ပျူတာကို ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

အမေဇုန်မှ ထုတ်လုပ်မည့် အဆိုပါ တက်ဘလက်ကွန်ပျူတာသည် အက်ပဲလ်မှ အကြီးဆုံး ထုတ်လုပ်ထားသည့် Hollywood ဟု အမည်ပေးထားသော တက်ဘလက်ကွန်ပျူတာထက်လည်း အရွယ်အစားပို၍ကြီးလိမ့်မည်ဟု ဆိုသည်။

အမေဇုန်မှ ထုတ်လုပ်သော တက်ဘလက်ကွန်ပျူတာများသည် လူကြိုက်များလျက်ရှိသည်။ အရွယ်အစားကြီးပြီး အသုံးပြုရန် ပိုမိုကောင်းမွန်သည့် အဆိုပါ အမေဇုန် တက်ဘလက်ကွန်ပျူတာများ မကြာမီဈေးကွက်သို့ တင်ပို့ရောင်းချနိုင်လိမ့်မည်ဖြစ်ကြောင်း အမေဇုန်က ပြောကြားသည်။

အက်ပဲလ်ကုမ္ပဏီက ipad တက်ဘလက်ကို တီထွင်ထုတ်လုပ်ရန်ကြိုးစားနေချိန် အမေဇုန်က ၁၀ လက်မအရွယ်ရှိ Kindle Fire တက်ဘလက်ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဇက်တီအီးရှယ်ယာများ သုံးနှစ်အတွင်း အနိမ့်ဆုံးကျဆင်း

*ဟောင်ကောင် ဇူလိုင် ၂၀*

*တရုတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဇက်တီအီးကုမ္ပဏီရှယ်ယာမှာ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ ၎င်းကုမ္ပဏီ၏ ရှယ်ယာသည် သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ ကျဆင်းခဲ့ရခြင်းဖြစ်သည်။ ဇက်တီအီးကုမ္ပဏီသည် အီရန်နိုင်ငံသို့ ဆက်သွယ်ရေးပစ္စည်းများ တင်ပို့နေသည်ဟု အက်ဖ်ဘီအိုင်က စုံစမ်းတွေ့ရှိခဲ့ပြီးနောက် ယင်းကဲ့သို့ ရှယ်ယာဈေးနှုန်းများ ပြုတ်ကျခဲ့ရသည်။ ယင်းကုမ္ပဏီ၏ ယခုပထမနှစ်ဝက် အသားတင်ဝင်ငွေသည် ယွမ် ၁၅၄ သန်း (အမေရိကန်ဒေါ်လာ ၂၄သန်း)နှင့် ယွမ် ၃၀၈ သန်းအကြားရှိကြောင်း ၎င်းကုမ္ပဏီမှ မကြာမီက ကြေညာခဲ့သည်။ အဆိုပါ ဇက်တီအီးကုမ္ပဏီသည် တရုတ်နိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီဟွာဝေးနှင့် အဓိကပြိုင်ဘက်ဖြစ်ပြီး အမေရိကန်နှင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်အောင်မြင်လျက်ရှိသည်။* ***(အင်တာနက်)***

**ဇက်တီအီးအရောင်းဝန်ထမ်းများက အိုင်ပက်ဖုန်းများကို ပြသနေစဉ်။**

**လှူဒါန်း**

**ရေတာရှည်မြို့နယ် ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ရေတာရှည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ အရာရှိဝန်ထမ်းများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ ဇူလိုင် ၄ ရက်က ကျင်းပသော သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် ဦးမြင့်ထံသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းစဉ်။**

(မြန်မာ့အလင်း)

## မော်လမြိုင်ကျွန်းမြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ် လူနေအိမ် ၁၅ လုံး ပြိုကျပျက်စီး

**မော်လမြိုင်ကျွန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၃၀ မှစတင်၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းပြီး နံနက် ၁၁ နာရီအချိန်တွင် မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် လူနေအိမ်ခြေအချို့ ပြိုလဲပျက်စီးခြင်းနှင့် နေအိမ်အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

**ပျက်စီး**

ယင်းမိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် ရှောက်ချောင်းကျေးရွာအုပ်စုအတွင်းရှိ မြင်းကချောင်းကျေးရွာတွင် လူနေအိမ်ခြေ ၁၄လုံးနှင့် ငွေစင်ရော်ကျေးရွာတွင် လူနေအိမ်ခြေတစ်လုံး ပြိုလဲပျက်စီးသွားသည့်အပြင် ကပ်ခိုကျေးရွာတွင်လည်း လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးသွားသည်။

မိုးသက်လေပြင်းမှာ မော်လမြိုင်ကျွန်းမြို့ပေါ်သို့ ဖြတ်သန်းတိုက်ခတ်ခဲ့သော်လည်း အပျက်အစီးမရှိဟုသိရသည်။ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းသဖြင့် မြို့ပေါ်လမ်းအချို့ ရေလွှမ်းမှုရှိခဲ့သည်။

**စီစဉ်ဆောင်ရွက်ပေး**

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုသတင်းရရှိလျှင်ရရှိခြင်း မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ဝင်များ ချက်ချင်းကွင်းဆင်းသွားရောက်ပြီး လိုအပ်သည်များ ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(၀၆၅)**

**ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု သာစည်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၈/၀) အနီးတွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပရာ ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ခါတော်မီပျိုးပင်ကို စိုက်ပျိုးပေးစဉ်။**

(မြန်မာ့အလင်း)

## ဖိတ်ကြားလွှာ

၁။ အထက(၁) သာကေတ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲအား ၂၉-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) တွင် ကျောင်းခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ ပူဇော်ကန်တော့ခံမည့် အောက်ပါ ဆရာ ဆရာမကြီးများမှာ ဆက်သွယ်မရသဖြင့် ဖိတ်စာပေးအပ်နိုင်ခြင်း မရှိသေးပါ-

| | |
|---|---|
| (၁) ဦးသောင်းခင် | (၉) ဒေါ်အေးအေးညွန့် |
| (၂) ဦးရဲမြင့် | (၁၀) ဒေါ်ခင်လှ |
| (၃) ဦးခင်မောင်ရင် | (၁၁) ဒေါ်သန်းသန်းဝင်း |
| (၄) ဒေါ်ကျင်လှ | (၁၂) ဒေါ်ခင်ခင်စီ |
| (၅) ဒေါ်မေမေသန်း | (၁၃) ဒေါ်ခင်စီလှ |
| (၆) ဒေါ်ခင်အေး | (၁၄) ဒေါ်ညိုညိုခင် |
| (၇) ဒေါ်တင်စိန် | (၁၅) ဒေါ်မြင့်မြင့်သန်း |
| (၈) ဒေါ်အေးအေးကြည် | (၁၆) ဒေါ်ကြင်စိန် |

၂။ အထက်ပါ ဆရာ ဆရာမကြီးများအနေဖြင့် ၂၉-၇-၂၀၁၂ရက် မတိုင်မီ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးနိုင်ပါရန်နှင့် ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

| ဦးကျော်မိုးသိမ်း | ဦးအောင်ကောင်းဇော် | မမိုးကေသီခိုင် |
|---|---|---|
| ဖုန်း-၀၉-၄၉၅၇၁၃၀၈ | ဖုန်း-၀၉-၇၃၀၁၇၁၃၆ | ဖုန်း-၀၉-၅၁၃၉၉၄၈ |

**ဖခင်အမည်မှန်**

အထက(၅)ဗိုလ်တထောင် တက္ကသိုလ်ဝင်တန်း (B)မှ မဟေမာကျော်နှင့် ဆဋ္ဌမတန်း (D)မှ မောင်သော်ဇင်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်သူရအောင် ဖြစ်ပါကြောင်း။

## ချမ်းသာမင်းခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

* အိန္ဒိယဘုရားဖူးခရီးစဉ်၊
သံဝေဇနိယလေးဌာန- အဝိဇဟိတလေးဌာန+ နယူးဒေလီ+ တာ့ပ်ချ်မဟာ+ဝေသာလီ+ရာဇဂြိုဟ်
၁၄ ညအိပ် ၁၅ရက်ခရီးစဉ် **ကျပ် ကိုးသိန်း၊**
၁၁ ညအိပ် ၁၂ ရက် ခရီးစဉ် **ကျပ် ရှစ်သိန်း** } **စရိတ်ငြိမ်း**
အောက်တိုဘာ ဒုတိယပတ်မှစ၍ ခရီးစဉ်များ ပို့ဆောင်ပေးပါမည်။

* **ထိုင်းခရီးစဉ် ( လေးညအိပ် ငါးရက်ခရီးစဉ်)**
- ဗန်ကောက်- အယုဒ္ဓယ-ပတ္တရား
- ဗန်ကောက်-ချင်းမိုင် } **ကျပ် ငါးသိန်းခွဲ**

* ၉-၈-၂၀၁၂ရက်မှ ၁၁-၈-၂၀၁၂ ရက်အထိ ချင်းမိုင် ဘုရင်မပန်းဥယျာဉ်တွင် ပန်းပွဲတော်ကျင်းပမည်ဖြစ်ပါ၍ လိုက်ပါလိုသူများ ယနေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ သီးခြားသွားရောက်လိုသော နေရာများအတွက် ညှိနှိုင်းဆောင်ရွက်ပေးပါမည်။

ရုံးချုပ်-အမှတ် ၆၁၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေဂုံတိုင်ရယ်ရှယ်ပလာဇာအိမ်ရာ၊ တတိယထပ်၊ ဗဟန်း၊ ရန်ကုန်။

**ဖုန်း- ၀၉- ၅၃၀၀၇၂၉၊ ၀၉- ၅၃၀၀၇၂၈၊ ၀၉-၇၃၁၅၆၁၉၀၊ ၀၉-၅၀၂၁၅၃၄၊ ၀၁- ၇၀၅၁၉၀**
**ပုသိမ် - နံ့သာကုန်း မိုးကုတ်ဓမ္မရိပ်သာ**
**ဖုန်း - ၀၉-၅၂၀၁၁၃၇၊ ၀၉- ၄၉၇၁၆၇၅၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကရင်ပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အစိုးရ၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ကရင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘားအံပညာရေးကောလိပ်၊ ဘားအံပြည်သူ့ဆေးရုံကြီး (သုံးထပ်)လူနာဆောင်၊ မြို့နယ်ခွဲဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆောင်ရွက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- **(က) အနည်းဆုံး ပေ (၄၀×၃၀)၊ သွပ်မိုး၊အုတ်ညှပ် တစ်ထပ်ဆောင်များ**
- **(ခ) အနည်းဆုံး ပေ (၆၀×၃၀)၊ သွပ်မိုး၊အုတ်ညှပ် တစ်ထပ်ဆောင်များ**
- **(ဂ) အနည်းဆုံး ပေ (၈၀×၃၀)၊ သွပ်မိုး၊အုတ်ညှပ် တစ်ထပ်ဆောင်များ**
- **(ဃ) အနည်းဆုံး ပေ (၉၀×၃၀)၊ သွပ်မိုး၊အုတ်ညှပ် တစ်ထပ်ဆောင်များ**
- **(င) အနည်းဆုံး ပေ (၁၀၀×၃၀)၊ သွပ်မိုး၊အုတ်ညှပ် တစ်ထပ်ဆောင်**
- **(စ) အနည်းဆုံး ပေ (၁၂၀×၃၀)၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်များ**
- **(ဆ) ဘားအံပညာရေးကောလိပ် (လေ့ကျင့်ရေးအလယ်တန်းကျောင်း) ပေ(၁၂၀×၃၀)တစ်ထပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ပေ (၄၈×၃၂×၁၂) လေးခန်းတွဲ (၁)ဆောင်**
- **(ဇ) ဘားအံပြည်သူ့ဆေးရုံကြီး သုံးထပ်လူနာဆောင်အသစ်ဆောက်လုပ်ခြင်း**
- **(ဈ) မြို့နယ်ခွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းများဆောက်လုပ်ခြင်း**

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ အချက်အလက်ပုံစံ၊ ဈေးနှုန်းပြည့်စုံစွာဖြင့် တင်ဒါခေါ်ယူရေး ကြီးကြပ်မှုကော်မတီ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးသို့ ၂၇-၇-၂၀၁၂ ရက် ၁၆:၀၀ နာရီအရောက် တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

- (က) ၀၅၈-၂၃၂၂၈ (ရုံးအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ်)
- (ခ) ၀၅၈-၂၁၄၅၅ (ပြည်နယ်ပညာရေးမှူးရုံး)
- (ဂ) ၀၅၈-၂၁၉၂၁ (ဘားအံပညာရေးကောလိပ်)
- (ဃ) ၀၅၈-၂၁၂၃၆ (ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံး)

**ကရင်ပြည်နယ်အစိုးရအဖွဲ့**

## အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစု လီမိတက်ပိုင် ထ/၅၅၇၁ ဟီးနိုး TE 21 ကုန်တင်မော်တော်ယာဉ်ကို ၂၇-၇-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၁၀:၀၀နာရီ၌ ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစု လီမိတက်ရုံးခန်းတွင် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည် ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို သိလိုပါက ပေါက်ခေါင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် ပေါက်ခေါင်းမြို့နယ် သမဝါယမအသင်းစု လီမိတက်တို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံတင်ရောင်းချရေးအဖွဲ့**
**ဖုန်း-၀၅၃-၄၅၀၂၃၊ ၄၅၅၅၆၊ ၀၉-၄၂၃၆၆၆၅၇၂**

## "အလိုရှိသည်"

[illegible]

CV Form [illegible]

[illegible]

## ရောင်းမည်

Alphard 2005 ၄ဃ/၈ထောင်ကျော် ခဲရောင်
နောက် Camera ဆုံလည်ခုံ
**ကျပ် သိန်း ၂၆၀ ညှိနှိုင်းဈေး။**
Mark X 2006 ၄ဃ/၈ထောင်ကျော် ခဲရောင်
**ကျပ် သိန်း ၂၉၀ ညှိနှိုင်းဈေး။**
သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက် ၊ ဓမ္မာရုံလမ်းမပေါ်၊
ပေ၂၀×ပေ ၆၀၊ ထောင့်ကွက်၊ နှစ်ထပ်တိုက် အဆောက်အအုံမြေပိုပါ၊
**ကျပ်သိန်း ၆၅၀၊ ညှိနှိုင်းဈေး။**
**ဖုန်း-၀၉-၄၅၀၀၁၃၁၉၇၊ ၄၅၀၀၁၃၁၉၈**

## ဦးမောင်မောင်သူရ(မြောင်းမြ) တရားလွှတ်တော်ရှေ့နေနှင့် အများသိရှိစေရန် ကြေညာခြင်း

ဦးမောင်မောင်သူရ (တရားလွှတ်တော်ရှေ့နေ)၏ ၁၅-၇-၂၀၁၂ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ် ၁၀၄၁ ဘီ၊ ကွင်းအမည် လှည်းကူး၊ ဦးပိုင်အမှတ် ၁/၄+၁/၄^က+၁/၄^ခ၊ ဧရိယာ၀ဒသမ ၉၀ အကျယ်အဝန်းရှိ ၃(ခ)မြို့မြေအမျိုးအစား မြေကွက်ဟုခေါ်သော ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၃၃ မြေကွက်သည် ကျွန်ုပ်ဦးသာအိ၏ မိဘများဖြစ်သော ဦးစွာလစ်၊ ဒေါ်အေးကြွယ် ဝယ်ယူထားသော မြေကွက်များထဲမှ မြေကွက်ဖြစ်ကြောင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသာအိ**
**၁၂/လကန(နိုင်)၁၃၂၃၃၄**
**ဈ/၁၈၈၊ မြို့မဗဟိုလမ်း၊ ဈေးကြီးရပ်ကွက်၊ လှည်းကူးမြို့**

## မွေးနေ့မင်္ဂလာဆုတောင်း

**ချစ်မေမေ Naw Pearl White (ခ) ဒေါ်မြလွင် ၏**

၂၁-၇-၂၀၁၂ရက်တွင် ကျရောက်သည့် (၉၁)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာတိုင် ဘုရားသခင် ထံတော်မှ ကောင်းချီးမင်္ဂလာ ကြွယ်ဝစွာခံစားနိုင်ပါစေ-

**ချစ်ခင်ပွန်း-ဗိုလ်မှူးစိန်ထွန်း(အငြိမ်းစား၊ လ/ထ စစ်ဥပဒေချုပ်)**

**ချစ်သော သားနှင့်သမီး၊ မြေးမြစ်များ**

## တတိယအကြိမ် ရခိုင်ဒုက္ခသည်များအား အလှူငွေပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကလေးရပ်ကွက်၊ ပင်ရွှေညောင်လမ်းရှိ အောင်မြေဖောဓိမဏ္ဍိုင်သာ အလိုတော်ပြည့်ကျောင်းတိုက်အတွင်း၌ ဒေါက်တာဘဒ္ဒန္တ အရိယဝံသ အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်း ပြည်ပ သာသနာပြု အလိုတော်ပြည့်ကျောင်းတိုက်များ၏ အဓိပတိ ကျေးဇူးတော်ရှင် အလိုတော်ပြည့်ဆရာတော်၏ ဦးဆောင်မှုဖြင့် စေတနာရှင်၊ ကုသိုလ်ရှင်များ လှူဒါန်းထားသော ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်ပစ္စည်းများ လှူဒါန်းပွဲသို့ စေတနာရှင်၊ ကုသိုလ်ရှင်များ လှူဒါန်းသည့် အခမ်းအနားကို ၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ရက် (၂၉-၇-၂၀၁၂ရက်၊ တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရခိုင်ပြည်နယ် ဒုက္ခသည်များအတွက် အလှူငွေပေးအပ်သည့်အခမ်းအနားကို ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ရပ်မိ၊ ရပ်ဖ၊ စေတနာရှင်၊ ကုသိုလ်ရှင်များ မည်သည့်ပစ္စည်းမဆို လာရောက်လှူဒါန်းနိုင်ပါကြောင်း အသိပေးတိုက်တွန်းနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း-၀၁-၅၄၅၃၃၇၊ ၀၉-၈၅၁၀၅၅၅၊ ၀၉-၅၀၁၄၅၀၀**

**For more information**

**Website: www.alodawpyei.org /Email.alodawpyei@myanmar.com.mm /**

**contact@alodawpyei.org**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊(၄)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၈၅၊ ၅+၆ HK လွှာ(ခြေရင်းခန်း)ရှိ တိုက်ခန်းကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်သူ ဦးအောင်ကျော်လွင်သည် ကျွန်ုပ်၏ မိတ်ဆွေကို ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီးဖြစ်ပါသည်။သို့ဖြစ်၍ အဆိုပါတိုက်ခန်းကို အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စအတွက် ကန့်ကွက်အရေးဆိုလိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါ ရုံးခန်းတွင် ရုံးချိန်အတွင်းအကြောင်းကြား အသိပေးပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်အရေးဆိုသူ မရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

**ဒေါ်မေဇင်ဦး LL.B, LL.M၊ အထက်တန်းရှေ့နေ(စဉ်-၂၄၄၈၈)၊ Myanmar Legal Advisors Group**

**အမှတ် ၃၃၃၊ အခန်း၃၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၃၉၂၈၅၁၊ ၃၉၂၇၃၅၊ ၀၉-၅၁၉၂၂၆၀**

## O.T.S(72) သူငယ်ချင်းများ

၁။ သူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ရန်နှင့် တွေ့ဆုံပွဲပြုလုပ်လိုပါ၍ အောက်ပါအတိုင်း တက်ရောက်ကြပါရန်-

(က) ၂၄-၇-၂၀၁၂ ရက် ၀၅း၃၀ အချိန် (အင်္ဂါနေ့) - မဟာဝိဇိတာရုံစာသင်တိုက်ခွဲ၊ ပြန်ကပြေးကျေးရွာ(ခေါ်) အောင်ဇမ္ဗူရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် ဖုန်း-၀၆၇-၅၅၀၂၄၂

(ခ) ၂၃-၇-၂၀၁၂ ရက် ၁၉း၀၀အချိန် (တနင်္လာနေ့) - တုံဂပူရီ စားသောက်ဆိုင်၊ နေပြည်တော် ဟိုတယ်ဇုန်၊ ဒက္ခိဏာသီရိမြို့၊ ဖုန်း-၀၆၇-၄၂၂၂၈၂

၂။ ဆက်သွယ်ရန်ဖုန်းများ - ၀၉-၅၃၉၄၃၇၁၊ ၀၉- ၈၆၂၂၆၈၇၊ ၀၉-၅၄၁၄၄၄၄၊၀၉-၄၉၂၀၇၇၂၇

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် (တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉ နာရီ

**နေရာ** - မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းခန်းမ

**အလုပ်အမှုဆောင်အဖွဲ့**

**မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း**

**မူဆယ်မြို့**

## စလေအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ

စလေနယ်သူနယ်သားများ၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ဝိုင်း စလေသင်္ဃိကကျောင်းတွင် ၂-၈-၂၀၁၂ ရက် (ကြာသပတေးနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်လှူဒါန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

## ပိုင်ရှင်မှတိုက်ရိုက်ရောင်းမည်

**(ပထမထပ်)ခေတ်မီ၊ လှပ အဆင့်မြင့်တိုက်ခန်း(ပွဲစားမလို)**

အလင်းရောင်နှင့် လေကောင်း၊ လေသန့် အလွန်ကောင်းသည့်ထောင့်ခန်း၊ (15'x50')Slide Door ပြတင်းပေါက်ကျယ်များ၊ အိမ်ရှေ့ ဘာဂျာဆွဲတံခါးမကြီးနှင့်အဆင့်မြင့် ပန်းကနုတ်သံပန်းများနှင့် ဆန်းရိုတ် တစ်အိမ်လုံးပြည့်တပ်ဆင်ထားသည်။ ပန်းကနုတ်၊ ကျွန်းတံခါးများတစ်အိမ်လုံးပြည့် တပ်ဆင်ပြီး [အိပ်ခန်း (၂)ခန်းပါ]၊ A/C(1)လုံး၊ မျက်နှာကြက် ဂျက်ဆင်ဘုတ် ပလာစတာကောနစ်၊ မီးအလှများနှင့် အဆင့်မြင့်မီးကြိုးများ တပ်ဆင်ထားသည်။ ပါကေးခင်းပြီး၊ ကြွေပြားခင်း/ကပ်ပြီး၊ မီးဖိုခုံနှင့် မှန်ဗီရိုများတပ်ဆင်ပြီး၊ ရေချိုးခန်း အဆင့်မြင့်ပြင်ဆင်ပြီး၊ ဘိုထိုင်၊ ရေမီး ကိုယ်ပိုင်၊ တိုက်သစ်အခန်းသစ် (အသင့်နေနိုင်)

**တာမွေ၊ မေတ္တာညွှန့် ကျပ်သိန်း (350)** **Ph:095053076**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်ပြည့်စုံမှူး ၁၂/သဃက(နိုင်)၁၈၄၆၃၈၏ ပတ်စပို့နံပါတ် M - 515657 ယုဇနပလာဇာဈေးတွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း-၀၉-၄၂၀၀၁၇၁၆၄**

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ကမ္ဘာအေးလမ်းမ၊ ဂုတ်ခြံ၊ မျက်နှာစာနှစ်ဖက်၊ လမ်းကျယ်၊ ကျောက်မျက်ရုံးရှေ့၊ နှစ်ထပ် RC၊ မြေအကျယ် (၄၅ပေ×၆၅ပေ)၊ MBR သုံးခန်း၊ အဲကွန်းလေးလုံး၊ ကြိုးဖုန်းတစ်လုံး၊ အိမ်အတွင်း/အပြင် ကြွေပြားကပ်၊ ကားဂိုဒေါင်ပါ၊ အိမ်အသစ်၊ ပတ်ဝန်းကျင်ကောင်း။ **(ကျပ်သိန်း ၇၅၀၀)**

၂။ သုဝဏ္ဏ VIP ကမာကြည်တံတားအနီး၊ မြေအကျယ် (ပေ ၁၀၀× ပေ ၁၃၀)၊ နှစ်ထပ် RC အဆောက်အအုံတစ်လုံး၊ MBR တစ်ခန်း၊ ရိုးရိုးအိပ်ခန်း(တစ်ခန်း)၊ အဲကွန်းသုံးလုံး၊ အိပ်ခန်းငါးခန်းနှင့် ကားလေးစီးရပ်နားနိုင်သော နှစ်ထပ် အဆောက်အအုံတစ်လုံး၊ ရေ၊ မီး၊ ကြိုးဖုန်းတစ်လုံး၊ ကမာကြည်လမ်းမကြီးဘေး၊ ခြံကျယ်ကျယ်နှင့် နေထိုင်လိုသူများ၊ လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် အထူးသင့်လျော်သည်။ **(ကျပ်သိန်း ၉၀၀၀)**

၃။ တာမွေတရားရုံး၊ တာမွေမြန်မာ့စီးပွားရေးဘဏ်အနီး စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ မေတ္တာညွှန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်းရှိ (၁၅ပေ× ပေ ၅၀) ပထမထပ် ရေ၊ မီး၊ ကြိုးဖုန်းပါပြင်ဆင်ပြီး။ **(ကျပ် ၂၇၅ သိန်း)**

### အငှား

၁။ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း(အပေါ်)၊ တတိယထပ် (ပေ ၂၀×ပေ ၆၀)၊ ကြိုးဖုန်းပါ၊ ရုံးခန်းဖွင့်လိုသူများ၊ နေထိုင်လိုသူများအတွက် အချက်အချာကျ နေရာကောင်း၊ သွားရေးလာရေးအထူးလွယ်ကူသည်။ **(ကျပ် နှစ်သိန်းခွဲ)**

**ဆက်သွယ်ရန် ဖုန်း-၂၄၁၁၉၄၊ ၂၄၆၇၉၂၊ ၀၉-၅၁၇၈၉၇၉၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၇၃၂၂၄၄၀၀**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးရွှေထွန်း(အောင်ခေတ်မီဆန်စက်၊ မြောင်းမြ)၏ သမီး မရွှန်းလဲ့ရွှေ (ဘာသာစုံဂုဏ်ထူးရှင်)နှင့် ဦးကိုကိုနိုင်(မနော်သုခဆန်စက်၊ မြောင်းမြ)၏ သမီး မမေသူကို(ငါးဘာသာဂုဏ်ထူးရှင်) တို့သည် ဂုဏ်ထူးများဖြင့်အောင်မြင်ကြသဖြင့် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

**ဆန်စက်လုပ်ငန်းရှင်များအသင်း(မြောင်းမြမြို့)**

**Alligator Industry Co., Ltd.**
**No.9, Lion City Bldg., Shwe Marlar Avenue, Bayint Naung Road, Kamayut Township, Yangon, Myanmar.**
**Tel:09-73228482, 09-73228472**
**(For Local Service Only)**

Alligator Industry Co.,Ltd is actively seeking for qualified employees for the following posts:

**1. Sales Manager** **Male(1)Post**

- -Graduate with DMA, MBA (or) Marketing related education
- -Aged above 30 years, can travel to rural area.
- -Able to use Computer, Internet & Email for routine works and for presentation
- -At least 5 years experience in Sales and Marketing is a must,
- -Experience in Agricultural Machinery Field is preferred
- -Pleasant personality good communication, active, self motivated and expert managerial skill are additional.
- -Proficiency in English 4 skills

**2. Marketing Manager** **Male(1)Post**

- -Graduate with DMA, MBA(or) Marketing related education
- -Aged above 30 years, can travel to rural area.
- -Able to use Computer, Internet & Email for routine works and for presentation
- -At least 5 years experience in Marketing is a must,
- -Experience in Agricultural Machinery Field is preferred
- -Sound Marketing knowledge and creativity are additional.
- -Pleasant personality and effective communication skill
- -Proficiency in English 4 skills

**3. Sales Engineer** **Male(5)Posts**

- -B.E (Mechanical) A.G.T.I, B.Tech
- -Aged below 30 years, can travel to rural area
- -Experience in Agricultural Machinery Business is preferred.
- -Able to use computer for routine office works
- -Pleasant personality, good interpersonal skill, active and self motivated

**4. Technical Manager** **Male (1)Post**

- -B.E (Mechanical)
- -At least (5)years work experiences in Engineering field.
- -Experiences in Farm Machinery is priority
- -Be able to speak and write English

Interested applicants are requested to send detailed up-to-date CV with relevant documents, copy of labor registration card, copy of NRC card, recommendation from police force, non-returnable photograph and contact phone number to the above address.

**Closing Date: 31-7-2012**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့ အထက-၁၊ ၂၀၁၂ခုနှစ်တက္ကသိုလ်ဝင်တန်းအောင် မခင်မေဦး၏ ဖခင် ဦးမလန်လ(ခ) ဦးမကန်လမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမလန်လ(ခ)ဦးမကန်လ**

## ဗိုလ်လောင်း(၂၈)မိသားစုများသို့

ဗိုလ်လောင်း(၂၈)၊ ရွှေရတုအလွန် (၅၁)နှစ်ပြည့် အထိမ်းအမှတ် မိတ်ဆုံပွဲနှင့် ကွယ်လွန်ပြီးသူ သူငယ်ချင်းများအားရည်စူး၍ ကောင်းမှုကုသိုလ်ပြုပွဲကို ၃၀-၈-၂၀၁၂ရက်တွင် ကျင်းပပြုလုပ်ရန် အစီအစဉ်ရှိပါသဖြင့် သူငယ်ချင်းများနှင့် ကွယ်လွန်သူများ၏ မိသားစုများအား ဖိတ်ကြားနိုင်ရန် အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ကြပါရန်။

**ဗိုလ်ကြီးအောင်ငြိမ်း(ငြိမ်း)**
ဖုန်း-၀၉-၅၀၁၇၂၉၅၊ ၀၁-၃၇၆၇၈၇

**ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)**
ဖုန်း-၀၉-၅၀၀၁၁၄၁၊ ၀၁-၅၁၀၃၀၉

**ဒုတိယဗိုလ်မှူးကြီးစောခင်ထွန်း(ငြိမ်း)**
ဖုန်း-၀၉-၆၃၅၅၁၇၊ ၀၁-၆၅၀၅၁၈

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ကိုမျိုးသက်၏ နိုင်ငံကူးလက်မှတ်အမှတ် M-၄၀၆၃၁၇ မှာ ခရီးသွားရင်းပျောက်ဆုံးပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ကိုမျိုးသက် ဖုန်း-၃၇၂၂၇၃**

## ဖခင်အမည်မှန်

ဘားအံမြို့ ထုံးအိုင် အထက၊ VII C တွင် ပညာသင်ကြားနေသော မိခိုင်သဇင်ငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ဖြစ်ပါသည်။

**ဦးထွန်းထွန်းဝင်း**

## အမြန်ပြန်လာပါ

မောင်အောင်ထွန်း(ခ) အရင်းရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ မိသားစုအားလုံး စိတ်ပူနေပါသည်။ လက်ခံထားသူများအား ကျေးဇူးတင်ပါသည်။ **ဦးစိန်ဝင်း-ဒေါ်တင်ဝင်း**

## ကားရောင်းမည်

မစ်ဆူဘီရှီကန်တာ ၁၀ပေ **4D.32 88 Model**(က)ကုန်စည် ၈က/ခြောက်ထောင်ကျော် ဆေးဘော်ဒီ လိုင်စင်ပြီး၊ အမည်ပေါက်။
**ဖုန်း-၀၉- ၈၆၂၆၅၅၉၊ ၀၉-၄၂၀၀၀၁၁၈၃**

**TRADE MARK CAUTION**

The Thai Churos Ltd., of 5-7 Sap Road, Siphraya Sub-District, Bangrak District, Bangkok 10500, Thailand, is the Owner of the following Trade Marks:-



Reg. No. 2549/1994

Reg. No. 5001/2012

Reg. No. 5002/2012

in respect of "All goods in International Class 30".

Fraudulent imitation or unauthorised use of the said Trade Marks will be dealt with according to law.

Win Mu Tin
M.A., H.G.P., D.B.L.
for The Thai Churos Ltd.
P.O. Box 60, Yangon
Dated 21 July 2012



## ကျေးဇူးဆပ်ပါမည်

ကျွန်မ နော်ရည်မွန်ထွေး၏ နိုင်ငံကူးလက်မှတ်အမှတ် (M062179) မှတ်ပုံတင်အမှတ် ၁၄/သပန(နိုင်) ၀၉၃၁၆၇ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**နော်ရည်မွန်ထွေး(ဘေဘီလေး)**
**ဖုန်း-၀၉-၄၂၅၀၁၄၉၅၁၊ ၀၁-၅၀၂၂၆၅**



## နှစ်(၄၀)ပြည့် ပတ္တမြားရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဦးအေးကို(အင်ဂျင်နီယာမှူး-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)နှင့် ချစ်မေမေ ဒေါ်မာမာတိုး B.Sc (Physics) (1970) တို့၏ ၂၁-၇-၂၀၁၂ ရက်တွင် ပြည့်မြောက်သော မင်္ဂလာရက်မြတ်မှသည် နောင်ရာပြည့်နှစ်များတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတို့ကို သားတို့နှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**တစ်ဦးတည်းချစ်သား- ဦးကျော်စွာကို-ဒေါ်အေးအေးအောင်**
**မန်နေဂျင်းဒါရိုက်တာ၊ ကျော်စွာကုမ္ပဏီလီမိတက်၊ မကွေးမြို့**
**ချစ်မြေး- မောင်ကောင်းမြတ်ပိုင်**
**ဒုတိယတန်း၊ အထက(၁)၊ မကွေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၈၇၄/ခ၊ မြေကွက်တည်နေရာအမှတ်(၈၇၄/ခ)၊ မေခလာလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ရှုရီအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ရှုရီ(အပျိုကြီးဘ၀)၊ ဖခင်ဦးစိန်၊ (မိခင်)ဒေါ်အေးကြည်တို့ အသီးသီးကွယ်လွန်သဖြင့် ဦးတင်ဌွေး ၁၂/ဥကတ(နိုင်)၀၃၀၅၆၃၊ ဒေါ်အေးအေး ၁၂/ဥကတ(နိုင်)၀၀၅၈၂၆တို့က သားသမီးနှင့်မောင်နှမများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၀၄၊ ၁၁၀၅၊ ၁၁၀၆ မူလအမည်ပေါက် ဒေါ်ချလွှန်းမြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်အောင် ၁၂/ခရန(နိုင်)၀၇၉၀၅၇က အရောင်းအဝယ်စာချုပ်မူရင်း၊ မြေကွက်စလစ်မူရင်းနှင့်ငွေသွင်းချလန်စလစ်မူရင်းများတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ အောက်ဖော်ပြပါရုံးသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၁၊ မြေကွက်အမှတ် ၅၄၁/က၊ မြေကွက်တည်နေရာအမှတ် ၅၄၁/က၊ ယုဇနလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးဟုတ်ကြည်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးဟုတ်ကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်ဖြူဝင်း ၁၂/ဒဂတ(နိုင်)၀၁၃၂၁၃က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၇-စီ၃၊ မြေကွက်အမှတ် ၁၆၅၊ မြေကွက်တည်နေရာအမှတ် ၁၉၊ လက်ပန်လမ်း၊ စမ်းချောင်းမြို့နယ် ဒေါ်ကြည်ကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်ကြည် ၁၂/စခန(နိုင်)၀၀၄၅၂၇နှင့် ခင်ပွန်း ဦးမြင့်သိန်းတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သည့် ၁။ ဒေါ်ခင်လေးကြည် ၁၂/စခန(နိုင်)၀၀၄၈၂၀၊ ၂။ ဦးစိုးအောင် ၁၂/အစန(နိုင်)၀၄၆၈၀၉၊ ၃။ ဒေါ်မေဦးခိုင် ၁၂/စခန(နိုင်)၀၀၄၈၁၉တို့က ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၄၅**

| | | |
|---|---|---|
| ဒေါ်တင်တင်ဝင်း(ခ)ဒေါ်တင်တင်အေး | **နှင့်** | ၁။ ဦးစန်းလွင် |
| (၎င်း၏ အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါ်ဇေပရယ်အေးအေးမြင့် |
| ဦးသောင်းထွန်းလင်း) | | ၃။ ဒေါ်ချယ်ရီမြင့် |
| | | ၄။ ဒေါက်တာဒေါ်ခင်မြဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဒေါ်ချယ်ရီမြင့် အမှတ် ၃၊ တတိယထပ်၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက တရားပြိုင်(၁) ဦးစန်းလွင်ဝယ်ယူသည့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၄၁၂၇/၀၅အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၃၇၉၈/၁၉၉၈အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားပြိုင်(၁) လက်ဝယ်ရှိသောမြေကွက်သည် တရားလိုနှင့် တရားပြိုင်(၄)တို့ အနိုင်ဒီကရီရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄၅/၁၉၉၈ တွင်ပါဝင်သောကြောင့် ထိုမြေကွက်အား တရားလိုနှင့်တရားပြိုင်(၄)တို့က ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထိုမြေကွက်အား တရားပြိုင်(၁)မှ တရားလိုနှင့် တရားပြိုင်(၄)တို့သို့ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်၊ အင်္ဂါနေ့) မွန်းမတည့်မီ ၁၁နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်ရှေ့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်၍စစ်ဆေးသွားမည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်နုသာ**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် အောက်ပါပစ္စည်းများကို နေပြည်တော် ပေါင်းလောင်းဂိုဒေါင်အရောက် တန်ဖိုးမြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Switch Yard Equipments | (9)Items |
| (ခ) | Control Card & Control Devices | (30)Items |
| (ဂ) | 3Ton Hand Pallet Truck | (2)Numbers |
| (ဃ) | Control & Protective Devices | (17)Items |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၂ ခုနှစ် ဩဂုတ် ၆ ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆**

## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ အထက-၄၊ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ခမ်းနားစွာ ၂၀၁၂ခုနှစ် အောက်တိုဘာ ၂၅ရက် (တနင်္ဂနွေနေ့)တွင် အထက-၄ ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ပူးပေါင်းပါဝင်ကြပါရန် (ရန်ကုန်) ဦးအောင်ကို ဖုန်း-၀၉-၅၁၁၀၀၉၈၊ ဦးခွန်မင်းဆွေ ဖုန်း-၀၉-၅၁၄၃၂၀၃၊ (နေပြည်တော်) ဦးစိုးသီဟ ဖုန်း-၀၉-၄၃၀၉၂၂၉၈၊ (မန္တလေး)ပါမောက္ခ ဒေါ်လီဝေဘာ ဖုန်း-၀၉-၅၂၂၈၄၁၂၊ (တောင်ကြီး) ဦးစိုးလွင် ဖုန်း-၀၉-၅၂၁၁၁၀၀၊ ဒေါက်တာစံပါယ်ဝင်း ဖုန်း-၀၉-၅၂၂၈၇၁၊ နန်းယုဇနလင်း ဖုန်း-၀၉-၅၂၁၂၅၈၁၊ (မကွေး) ဒေါက်တာကျော်ဇေယျာမြင့် ဖုန်း-၀၉-၂၀၄၃၈၉၁။

## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၈၃

| | | |
|---|---|---|
| ဦးလောဂါနသန်(ဒု-ဥက္ကဋ္ဌ) | **နှင့်** | ၁။ ဒေါ်ခင်ထွေး |
| (ဆုတောင်းပြည့်စရီမာရီယမ္မာန် | | ၂။ ဦးသန်းစိုး(ခ)ကာလီမူတူး |
| ဘုရားကျောင်းဂေါပကအဖွဲ့၏ | | (ဂေါပကအဖွဲ့ဟောင်း) |
| တာဝန်ပေးခြင်းခံရသူ) | | |
| **တရားလို** | | **တရားပြိုင်များ** |

တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်း ၈ အရ အထက်ပါအမှုတွင် အကျိုးသက်ဆိုင်သူများ သိစေရမည်။

တရားလိုဖြစ်သည့် ရန်ကုန်မြို့၊ ဆုတောင်းပြည့်စရီမာရီယမ္မာန်ဘုရားကျောင်းဂေါပက၏ တာဝန်ပေးအပ်ခြင်းခံရသူ ဦးလောဂါနသန်က တရားပြိုင်များဖြစ်သည့် ဒေါ်ခင်ထွေးနှင့် ဦးသန်းစိုး(ခ)ကာလီမူတူး(ဂေါပကအဖွဲ့ဟောင်း)တို့အပေါ် ၂၅-၉-၂၀၀၃ရက်စွဲပါစာချုပ်သည် တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ ဘုရားကျောင်းပိုင် သာသနာ့မြေပေါ်တွင် တရားမဝင်ဆောက်လုပ်ထားသော မီးသွေးဆိုင်များအား ဖယ်ရှားကာ မြေလက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုထားပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှုတွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တရားလိုအနေဖြင့်ဖြစ်စေ၊ တရားပြိုင်အနေဖြင့်ဖြစ်စေ ပါဝင်လိုသူများအားလုံး ရုံးချိန်းရက်ဖြစ်သည့် ၂၀၁၂ခုနှစ် ဇူလိုင် ၂၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်) နံနက် ၁၀နာရီတွင် ရုံးသို့ လာရောက်တင်ပြနိုင်ကြောင်း ကြေညာလိုက်သည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင်မောင်လတ်**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၄၂**

| | | |
|---|---|---|
| ဒေါ်တင်တင်ဝင်း(ခ)ဒေါ်တင်တင်အေး | **နှင့်** | ၁။ ဦးဇော်ထွဋ် |
| (၎င်း၏ အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါက်တာဒေါ်ငြိမ်းငြိမ်းချို |
| ဦးသောင်းထွန်းလင်း) | | ၃။ ဒေါ်ဇေပရယ်အေးအေးမြင့် |
| | | ၄။ ဒေါ်ချယ်ရီမြင့် |
| | | ၅။ ဒေါက်တာဒေါ်ခင်မြဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဒေါ်ချယ်ရီမြင့် အမှတ် ၃၊ တတိယထပ်၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင် ဦးဇော်ထွဋ်ဝယ်ယူသည့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၁၀၉၄/၀၂အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၃၇၉၈/၉၈အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် (၁)၊ (၂) တရားပြိုင်များလက်ဝယ်ရှိသော မြေကွက်သည် တရားလိုနှင့် တရားပြိုင်(၅)တို့ အနိုင်ဒီကရီရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄၅/၉၈ တွင် ပါဝင်သောကြောင့် ထိုမြေကွက်အား တရားလိုနှင့် တရားပြိုင် (၅)တို့မှ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထိုမြေကွက်အား တရားပြိုင်(၁)၊ (၂)တို့မှ တရားလိုနှင့် တရားပြိုင်(၅)တို့သို့ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်၊ အင်္ဂါနေ့) မွန်းမတည့်မီ ၁၁နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်ရှေ့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်နုသာ**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် လယ်ဝေးမြို့နယ်၊ အမှတ် ၅ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ အင်တိုင်းသာမြောက်၊ ဦးပိုင်အမှတ် ၃၁၊ ဧရိယာ ၀ဒသမ ၀၆၃ဧကရှိ ဒေါ်အေးအေးမူအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်နီနီဝင်း ၉/လဝန(နိုင်)၁၁၂၂၄၉ (ဘ) ဦးစောဝင်းက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၉စီ၂၊ မြေကွက်အမှတ် ၉၇၊ ၀ဒသမ ၀၄၇ဧက၊ ဦးကျော်စွာမြင့် ၃/ဘအန(နိုင်)၀၀၃၉၅၂ နှစ် ၆၀ မြေငှားဂရန်အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ သုံးထပ်တိုက်မှာ ဦးကျော်စွာမြင့်၏မိခင် ဒေါ်ကျင်မြ ၁၀/မဒန(နိုင်)၁၁၇၆၈၇ပိုင် ဖြစ်ပါသည်။

၎င်းမြေကွက်နှင့်မြေကွက်ပေါ်ရှိ သုံးထပ်တိုက်တို့ကို ဒေါ်ကျင်မြနှင့် သားဦးကျော်စွာမြင့်တို့ သဘောတူညီချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အိမ်အမှတ် ၅၆/၆Fနေ ကျွန်ုပ်၏မိတ်ဆွေ ဦးထင်ကျော်လင်း ၈/ပခက(နိုင်)၀၀၁၃၅၆က စရန်ပေးစာချုပ်ဖြင့် ဝယ်ယူထားရှိပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ရေးချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ တိုက်အဆောက်အအုံနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဘထွန်း H.G.P, B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (၇၇၃၇)**
**အမှတ်၅၀၊ ဘဏ်လမ်း၊ အခန်း(၁)၊ ဒုတိယထပ်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

[illegible]

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညညာ/၉၊ ဦးပိုင်အမှတ် ၄၀၊ ၆၁လမ်း×၆၂လမ်း၊ ဗထူးလမ်း × အောင်ဆန်းလမ်းကြား၊ တပ်သားမျိုးနိုင် အမည်ပေါက် မြေကွက်အား ဦးဝင်းမောင်(ခ)ဦးငွေးဝင်း ၁၃/တခလ(နိုင်)၀၃၄၃၀၅ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူ၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညညာ/၈၊ ဦးပိုင်အမှတ် ၂၃၊ ၆၂လမ်း၊ မင်းရဲကျော်စွာလမ်းနှင့် ဗထူးလမ်းကြား၊ ဒုတပ်ကြပ်ညွန့်ဝေအမည်ပေါက် မြေကွက်အား ဦးဝင်းမောင်(ခ)ဦးငွေးဝင်း ၁၃/တခလ(နိုင်)၀၃၄၃၀၅ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း၊ ဂရန်မိတ္တူ၊ အမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၁၀၊ မြေကွက်တည်နေရာအမှတ် ၁၁၀၊ ဘရဏီ ၂လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးကျော်သိန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်သိန်း ၁၂/ဥကတ(နိုင်)၁၁၆၂၄၆က ဂရန်ပျောက်ဆုံးကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ငမိုးရိပ်၊ မြေကွက်အမှတ် ၆၈၊ မြေကွက်တည်နေရာအမှတ် ၆၈၊ ၁၀ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးချင်ဝမ်းတိန်(ခ)ဦးဝင်းသိန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချင်ဝမ်းတိန်(ခ)ဦးဝင်းသိန်း ၁၂/သဃက(နိုင်)၁၃၆၆၆၇ကွယ်လွန်သဖြင့် ဒေါ်စိန်တင် ၁၂/တမန(နိုင်)၀၆၇၆၀၈၈ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ GP No-$\frac{၁၁၁၆၈/၁၁}{၂၁-၆-၁၁}$ ရသူ ဒေါ်တင်မျိုးဝင်း ၁၄/နေဖ(နိုင်)၁၁၂၈၃၆က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၄၄**

| | | |
|---|---|---|
| ဒေါ်တင်တင်ဝင်း(ခ) | နှင့် | ၁။ ဒေါ်မာမာစိုး |
| ဒေါ်တင်တင်အေး(၄င်း၏ | | ၂။ ဒေါ်ဇေပရယ်အေးအေးမြင့် |
| အခွင့်ရကိုယ်စားလှယ် | | ၃။ ဒေါ်ချယ်ရီမြင့် |
| ဦးသောင်းထွန်းလင်း) | | ၄။ ဒေါက်တာဒေါ်ခင်မြဝင်း |
| **တရားလို** | | **တရားပြိုင်များ** |

ဒေါ်ချယ်ရီမြင့် အမှတ် ၃၊ တတိယထပ်၊ ဦးရွှေဂွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားပြိုင်(၁)ဒေါ်မာမာစိုးဝယ်ယူသည့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် ၉၂/၀၂အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၃၇၉၈/၁၉၉၈ အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်တရားပြိုင် (၁) လက်ဝယ်ရှိသော မြေကွက်သည် တရားလိုနှင့် တရားပြိုင်(၄)တို့ အနိုင်ဒီကရီရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄၅/၁၉၉၈ တွင် ပါဝင်သောကြောင့် ထိုမြေကွက်အား တရားလိုနှင့် တရားပြိုင်(၄)တို့မှ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် ထိုမြေကွက်အား တရားပြိုင်(၁)မှ တရားလိုနှင့် တရားပြိုင်(၄)တို့သို့ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၇ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်၊ အင်္ဂါနေ့) မွန်းမတည့်မီ ၁၁ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်ရှေ့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်၍ စစ်ဆေးသွားမည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်နုသာ**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၄၁ နှင့်ပတ်သက်၍ တရားလွှတ်တော်ရှေ့နေ ဦးမြဟန် (စဥ်-၂၇၀၁)၏ ၂၆-၆-၂၀၁၂ရက်နှင့် ၇-၇-၂၀၁၂ရက်များတွင် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၇များ၌ တရားလွှတ်တော်ရှေ့နေ ဦးမြဟန်အား လွှဲအပ်ညွှန်ကြားချက်ပေးအပ်သူများတွင် ကွယ်လွန်သူ (ဘ) ဦးထွန်းမြင့်၏သမီး ကျွန်မ ဒေါ်ချိုမာမြင့် မပါဝင်ခဲ့ပါ။ သို့ရာတွင် ၃-၇-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒေါ်တင်ရီ ၁၂/စခန(နိုင်)၀၂၁၇၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကျော်မြင့် (စဥ်-၆၁၇၂)၏ ရှင်းလင်းကြေညာချက်၌ ဒေါ်ဂန့်ဂေါ်ထွန်းမြင့် ပါ(၄)ဟူ၍ ကြေညာချက်ခေါင်းစဉ်တွင် ဖော်ပြထားသဖြင့် သတင်းစာတွင်တစ်စုံတစ်ရာကြေညာခြင်းမရှိသော ကျွန်မအား အသိပေးရှင်းလင်းကြေညာနေသည့်သဘော သက်ရောက်နေပါသည်။ ယင်းအိမ်မြေကိစ္စတွင် ကျွန်မအနေဖြင့်မည်သည့်သတင်းစာတွင်မျှကြေညာခဲ့ခြင်း သို့တည်းမဟုတ် ကြေညာရန်ညွှန်ကြားခဲ့ခြင်း တစ်စုံတစ်ရာမရှိပါ။ ညီအစ်ကိုမောင်နှမကြားတွင် စိတ်ဝမ်းကွဲစေမည့် မည်သည့်အကြောင်းအရာတစ်စုံတစ်ရာကိုမျှ ဆောင်ရွက်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုမာမြင့်**
**၁၂/စခန(နိုင်)၀၀၅၄၇၉**
**အိမ်အမှတ် ၄၀၊ ပထမထပ်(ဝဲ)၊ အိမ်ကြီးလမ်း၊**
**အမှတ်(၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**

## ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်မြို့) (၃၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

| | |
|---|---|
| **ကျင်းပမည့်ရက်** | -၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက် ၁၂-၈-၂၀၁၂ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်နေရာ** | -ချမ်းမြေ့ရိပ်သာကျောင်း အမှတ် ၅၅/က၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့ |
| **ရေစက်ချချိန်** | -နံနက် ၉း၀၀နာရီ |
| **နံနက်စာကျွေးမွေးချိန်** | -နံနက် ၁၀း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ |
| **တရားနာချိန်** | -မွန်းလွဲ ၁း၃၀နာရီ |

**မှတ်ချက်။** ၁။ လှူဖွယ်ပစ္စည်းများကို နံနက် ၈နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။
၂။ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ ဆွမ်းအလှူရှင်များ၏ လိပ်စာများ အပြောင်းအလဲရှိပါက အမှန်တကယ်ဆက်သွယ်နိုင်သော လိပ်စာများကို ရုံးခန်းသို့အသိပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

**ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ (ရန်ကုန်မြို့)**

[illegible]

## ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်) အစည်းအဝေးဖိတ်ကြားခြင်း

ကော့သောင်းမြို့နယ်အသင်း(မှတ်ပုံတင်အမှတ်-၁၉၉၇)သို့ ရပ်ဝေးရပ်နီးနေ ကော့သောင်းမြို့သူ၊ မြို့သားများ အသင်းဝင်နိုင်ရန်အတွက် ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေ အစည်းအဝေးသို့ အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၀၁၂ခုနှစ် ဇူလိုင် ၂၉ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ
**နေရာ** - M3 စားသောက်ဆိုင်ခန်းမ၊ တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်းမြို့နယ်။

**စုံစမ်းမေးမြန်းနိုင်ရန် ကျင်းပရေးကော်မတီ**

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်အောင် | ဖုန်း-၀၉-၅၆၈၀၂၉၉ |
| ၂။ | ဦးချစ်ခိုင် | ဖုန်း-၀၉-၈၇၆၃၂၀၀ |
| ၃။ | ဦးကွာကွာ(ခ)ဦးကိုကွိုင်း | ဖုန်း-၀၉-၅၀၈၃၇၄၈ |

[illegible]

ရှင်တို့မြေကြီးဈေးသား ဓမ္မပါလ

[illegible]

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ မီးသင့်ဖယောင်းပျက် ရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက်ပိဿာ ၅၀၀၀ကျော်အား တင်ဒါစနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာနမှ ဝယ်ယူ၍ ၁-၈-၂၀၁၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဝင်းကြိုင် (ရုံးအဖွဲ့မှူး)**

## ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့်မိတ်ဆုံပွဲ

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)မှ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် မိတ်ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် ဇီးကုန်းမြို့နယ်သူ မြို့နယ်သားများ (အသင်းဝင်ဖြစ်စေ၊ အသင်းမဝင်သေးသူဖြစ်စေ)ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၈-၂၀၁၂ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉ နာရီ (ဝါဆိုသင်္ကန်းကပ်လှူပါမည်)
**နေရာ** - နေနတ်သားစာသင်တိုက် (ကိုးထပ်ကြီးဘုရားရှေ့)၊ စမ်းချောင်းမြို့နယ်

လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | ဒေါ်လှမြင့် | ဖုန်း-၀၁-၅၀၄၈၉၅၊ ၀၉-၅၀၄၄၀၈၉ |
| (၂) | ဒေါ်မြင့်မြင့်ထူး | ဖုန်း-၀၁-၅၂၄၆၂၉၊ ၀၉-၄၃၁၂၅၁၄၇ |
| (၃) | ဦးမောင်အေး | ဖုန်း-၀၁-၅၃၇၂၄၇၊ ၀၉-၇၃၂၀၆၂၈၈ |
| (၄) | ဦးမြင့်စိုး | ဖုန်း-၀၁-၅၇၀၅၈၃၊ ၀၉-၄၉၂၄၂၁၁၃ |
| (၅) | ဦးမြင့်ထွန်း | ဖုန်း-၀၉-၇၃၀၅၂၂၆၀ |

နံနက် ၁၀ နာရီတွင် နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။

## ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၄)၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်ရှိ အိမ်မြေနှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၄)၊ ပန်းခြံလမ်းရှိ အိမ်ခြံမြေသည် ဦးမောင်မောင်ဂရန်အမည်ပေါက် ပိုင်ဆိုင်ပါသည်။ ဦးမောင်မောင်သည် စွန့်မှုစလင်ဘာသာဝင်တစ်ဦးဖြစ်ပြီး ဒေါ်စိန်တင်နှင့်အိမ်ထောင်ပြုခဲ့ရာ ဒေါ်စိန်တင်ဘက်မှ သမီးဒေါ်ခင်စိန် ပါရှိလာပါသည်။ ကျွန်တော်ဦးစိုးတင့်၏ဖခင် ဦးသိန်းဟန်ကိုလည်း ဦးမောင်မောင်နှင့်ဒေါ်စိန်တင်တို့က ကိတ္တိမသားအဖြစ် မွေးစားခဲ့ပါသည်။

၂။ မွေးစားမိခင် ဒေါ်စိန်တင်မှာ ၁၉၅၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ မွေးစားဖခင် ဦးမောင်မောင်မှာ ၁၉၈၃ခုနှစ်တွင် အသီးသီးကွယ်လွန်သွားခဲ့ကြပါသည်။ ၄င်းတို့ကွယ်လွန်စဉ်က အထက်ပါအိမ်နှင့်မြေကို အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။

၃။ မွေးစားမိခင် ဒေါ်စိန်တင်ဘက်မှ ပါရှိလာသော သမီးဒေါ်ခင်စိန်သည် ဦးထွန်းရှိန်နှင့်အိမ်ထောင်ကျခဲ့ပြီး သမီးဒေါ်သိန်းနုကို မွေးဖွားခဲ့ပါသည်။ ဒေါ်ခင်စိန်သည် ၁၉၄၈ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် ဦးသိန်းဟန်နှင့်ဒေါ်သိန်းနုနှစ်ဦးတို့သည် ဦးမောင်မောင်၏ အမွေခံများဖြစ်ကြပါသည်။

၄။ ဦးထွန်းရှိန်သည် ကွယ်လွန်သူ အမွေရှင်များနှင့် ဆက်စပ်မှုမရှိဘဲ ဦးမောင်မောင်ကျန်ရစ်ခဲ့သော အမွေပစ္စည်းကို အမွေရှင်မှ စွန့်မှုစလင်ဘာသာဝင်ဖြစ်ကြောင်း သိလျက်နှင့် ၁၉၇၇ ခုနှစ်တွင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဗုဒ္ဓဘာသာကိုးကွယ်သူ၏ ထုံးနည်းများကျင့်သုံး၍ အမွေဆက်ခံပိုင်ဆိုင်ခြင်းစာချုပ် မှတ်ပုံတင်အမှတ် ၃၉၄ အရ ကြေညာစာချုပ်ပြုလုပ်ခဲ့ပါသည်။

၅။ ထို့ကြောင့် ယင်းစာချုပ်ကိုအခြေပြု၍ ဆက်လက်ပြီး နည်းလမ်းအမျိုးမျိုးကျင့်သုံး၍ ပိုင်ဆိုင်ခွင့်လုပ်ဆောင်သမျှသည် တရားဝင်မည်မဟုတ်ပါကြောင်း အမွေခံတစ်ဦးဖြစ်သူ ကျွန်တော်၏ဖခင် ဦးသိန်းဟန်မှာ ၁၈-၈-၁၉၉၀ ရက်က ကွယ်လွန်သွားပါသဖြင့် ကျွန်တော်ဦးစိုးတင့်သည် ဦးသိန်းဟန်၏သားကြီးတစ်ဦးဖြစ်ပြီး အကျိုးဆက် ဆက်ခံသူအဖြစ် ကောင်းမွေဆိုးမွေများရထိုက်ခွင့်ရှိသည်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ အထက်ပါနေရပ်လိပ်စာရှိ အိမ်ခြံမြေနှင့်ပတ်သက်၍ ပြင်ဆင်ခြင်း၊ ပြောင်းလွှဲခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ကြပါရန် သတိပေးတားမြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုးတင့်** | **ဒေါ်ခင်ကြည် (ဝါးခယ်မ)** |
| **၁၂/လမန(နိုင်)၀၂၆၃၆၀** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၄၆၉၆)** |
| **အမှတ် ၈၁၊ စိမ်းလဲ့သာယာလမ်း၊** | **အမှတ် ၅၅၇၊ နိဗ္ဗိန္ဒလမ်း၊** |
| **(၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊** | **နံ့သာကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၇၃၀၃၆၆၄၀** |

[illegible]

## Career Enhancement Program

Certificate in Financial Management

Certificate in SME Development

Certificate in Micro Finance


## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရွှေညောင်မြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်း (A)မှ မဥမ္မာ၏ဖခင်အမည်မှန်မှာ ဦးလွတ်(ဒ်)နတ်(သ်)(ခ)ဦးဌေးအောင် ၁၃/ရစန(နိုင်)၀၄၆၂၇၅ဖြစ်ပါကြောင်း။

## မနောရမ္မပညာဒါန သင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာဆရာမများကိုယ်တိုင် အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမန်၊ မလေး၊ ထိုင်း၊ အီလက်ထရွန်နစ်၊ လျှပ်စစ်ဝိုင်ယာရိန်း၊ စာရင်းကိုင် (LCCI)သင်တန်းများနှင့် ဆေးဝါးသုတသင်တန်းများကို ပညာဒါနအဖြစ် သင်ကြားပေးမည်။

**သင်တန်းအားလုံး** ၂၈-၇-၂၀၁၂ရက်ဖွင့်မည်။

**စုံစမ်းရန်** မနောရမ္မပညာဒါနကျောင်း (ဗဟိုလမ်း)စမ်းချောင်း၊ ဖုန်း-၅၃၇၀၂၆၊ ၅၁၈၀၂၄


စိန်ဝင်းနိုင် (1)

50% Discount

Ph : 096805568 , 0973238003 , 092058355


## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၆၀အမည်ပေါက် ဦးဌေးနိုင်၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သိင်္ဂီထွန်း ၁၂/ရကန(နိုင်)၀၂၆၃၅၀ က မြေကွက်စလစ်မူရင်းတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ ၂)မြေနှင့် အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၄၃ မူလအမည်ပေါက် ဒေါ်လှစိန်၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နှင်းနှင်းအေး ၁၄/ကကန(နိုင်) ၁၁၅၃၇၂ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ ၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်း-၂၀)
**မော်လမြိုင်ခရိုင်တရားရုံး၌**
**၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၃၅**

| | | | |
|---|---|---|---|
| ဒေါ်သောင်းအိန် | **နှင့်** | ၁။ ဦးမင်းသန်း | ၁၄။ ဦးဘန်တိတ် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါ်မနီ | ၁၅။ ဦးချိန်တိတ် |
| ဒေါ်အုန်းကြည်(ခ)မဗယ်) | | ၃။ ဒေါ်မြင့်စိန် | ၁၆။ ဒေါ်စောရှင် |
| ကလော့သော့ရွာ၊မုဒုံမြို့နယ်။ | | ၄။ ဒေါ်သိန်းသိန်း | ၁၇။ ဦးတိတ်ကြည် |
| | | ၅။ ဒေါ်သန်းသန်း | ၁၈။ ဒေါ်မိငယ် |
| | | ၆။ ဦးသန်းထွန်း | ၁၉။ ဦးထွန်းအေး |
| | | ၇။ ဒေါ်မော်လီ | ၂၀။ ဦးစိန်သော့ |
| | | ၈။ ဒေါ်မေသန်း | ၂၁။ ဦးသိန်းရှင် |
| | | ၉။ ဒေါ်စန်းမိုး | ၂၂။ ဦးစောလွင် |
| | | ၁၀။ ဦးအောင်မြင့် | ၂၃။ ဦးစောအောင် |
| | | ၁၁။ ဒေါ်ဌေးရီ | ၂၄။ ဒေါ်စန်းရီ |
| | | ၁၂။ ဒေါ်ထွေးကြည် | ၂၅။ ဒေါ်နှင်းသုတ် |
| | | ၁၃။ ဒေါ်အုန်းကြည် | |
| | | အရှေ့ပိုင်း၊ကလော့သော့ရွာ၊ မုဒုံမြို့နယ်။ | |
| **တရားလို** | | **တရားပြိုင်များ** | |

တရားပြိုင်အမှတ်စဉ်(၁)ဦးမင်းသန်း၊ (၂)ဒေါ်မနီ၊ (၃)ဒေါ်မြင့်စိန်၊ (၄)ဒေါ်သိန်းသိန်း၊ (၅)ဒေါ်သန်းသန်း၊ (၆)ဦးသန်းထွန်း၊ (၇)ဒေါ်မော်လီ၊ (၈)ဒေါ်မေသန်း၊ (၉)ဒေါ်စန်းမိုး၊ (၁၀)ဦးအောင်မြင့်၊ (၁၁)ဒေါ်ဌေးရီ၊ (၁၂)ဒေါ်ထွေးကြည်၊ (၁၃)ဒေါ်အုန်းကြည်၊ (၁၄)ဦးဘန်တိတ်၊ (၁၅)ဦးချန်တိတ်၊ (၁၆)ဒေါ်စောရှင်၊ (၁၇)ဦးတိတ်ကြည်၊ (၁၈)ဒေါ်မိငယ်၊ (၁၉)ဦးထွန်းအေး၊ (၂၁)ဦးသိန်းရှင်၊ (၂၂)ဦးစောလွင်၊ (၂၃)ဦးစောအောင်၊ (၂၄)ဒေါ်စန်းရီ၊ (၂၅)ဒေါ်နှင်းသုတ် အရှေ့ပိုင်း၊ ကလော့သော့ရွာ၊ မုဒုံမြို့နယ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဒေါ်သောင်းအိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အုန်းကြည်(ခ)မဗယ်)က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၂ခုနှစ် ဩဂုတ် ၆ ရက် (၁၃၇၄ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**တင်ထူး**
**ဒုတိယခရိုင်တရားသူကြီး၊ မော်လမြိုင်ခရိုင်တရားရုံး**


သင်သိလျှ ဖြစ်နေပါသလား....?
CD HIV


## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (င)၊ မြေကွက်အမှတ် ၇၅၁ဒ၊ မြေကွက်တည်နေရာအမှတ် ၇၅၁ဒ၊ နွယ်နီ ၁၄လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမြင့်သူ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးမြင့်သူ ကွယ်လွန်သဖြင့် ဒေါ်အက်စ်ကော့နန် ၁၂/မရက(နိုင်)၀၈၀၆၁၃က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၂၁၈၂ အမည်ပေါက်ဦးဝင်းသန်း၊မြေကွက်အမှတ် ၂၁၉၄ အမည်ပေါက် ဦးဇော်လေးနိုင်၊ မြေကွက်အမှတ် ၂၁၉၉ အမည်ပေါက် ဦးတင်ထွန်းအောင်၊ မြေကွက်အမှတ် ၂၁၈၃ အမည်ပေါက် ဦးသိုက်နိုင်ထွန်းတို့၏ မြေကွက်များအား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးလှအောင် ၁၂/မရက(နိုင်)၀၄၄၉၀၈ က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းတင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ မြေယာရုံးခွဲ ၂၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
**ပေါင်းတည်မြို့နယ်တရားရုံး**
**၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၄၅**

| | | |
|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ ဦးဇင်ထွန်း |
| မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်း | | (လုပ်ငန်းရှင်) |
| ရောင်းဝယ်ရေးဘဏ် | | ၂။ ဒေါ်တင်တင်စန်း |
| ရန်ကုန်မြို့။ | | (လုပ်ငန်းရှင်၏ဇနီး) |
| | | ပေါင်းတည်မြို့။ |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၇၃ တွင် ရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၂ခုနှစ် ဩဂုတ် ၂၄ရက် (၁၃၇၄ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်နေရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အမှတ် ၃၅၊ ၁၅လမ်း၊ မင်းကွက်၊ (၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ဦးပိုင်အမှတ်(၂၅/ဈ)၊ ဘိုးဘွားမြေ၊ ဧရိယာ ၀ဒသမ၀၁၅၄ဧကပေါ်ရှိ နှစ်ထပ်အုတ်ညှပ်တိုက်တစ်လုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၂ခုနှစ် ဇူလိုင် ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**မြင့်မြင့်ဌေး**
**မြို့နယ်တရားသူကြီး**
**မြို့နယ်တရားရုံး၊ ပေါင်းတည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် ၁၊ မြေကွက်အမှတ် ၂၂၇ အမည်ပေါက် ဦးကြည်လွင်၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်စန်းဝေ ၁၂/ကတန(နိုင်)၀၅၇၂၂၇က မြေကွက်စလစ်မူရင်းနှင့် ငွေသွင်းချလန်မူရင်းပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ (မြေယာရုံးခွဲ ၂)၊မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ ၂၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၆၇၁ အမည်ပေါက် ဦးစိုးမြင့်၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးလွင်ဦး ၁၂/ကတန(နိုင်) ၀၉၇၆၉၁ က မြေကွက်စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး၊ (မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် ၄၂၄ အမည်ပေါက် ဦးချစ်စံ၏ မြေကွက်ကို ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်သန်း ၁၂/ကတန(နိုင်) ၀၀၈၇၁၆ က မြေကွက်စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ-၂)မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့် ၂၊ မြေကွက်အမှတ် ၁၁၀၃ အမည်ပေါက် ဒုရဲမှူးအောင်မြင့် (ငြိမ်း) ၁၂/မရက(နိုင်)၀၆၅၄၂၈က မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ ၂)၊ မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မူရင်းအား ဖျက်သိမ်းပြီး မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ ၂**
**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ ဇီးပင်ကြီး၊ အထက (ခွဲ)၊ သတ္တမတန်း(B)မှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးရန်နိုင်စိုး ၉/ပဥလ(နိုင်)၀၀၀၀၀၁ ဖြစ်ပါသည်။ **ဦးရန်နိုင်စိုး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်သန့်ကျော်စွာ၏ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၉/လဝန(နိုင်)၀၁၇၀၁၆ဖြစ်ပါသည်။ **ဦးဝင်းလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီ လုံးချင်းအိမ်ရာ တိုက်အမှတ်(၃၅) အမည်ပေါက်ပိုင်ရှင် ဒေါ်မူမူချိုထံမှ ဦးနိုင်လင်းထွေး ၁၂/မဂဒ(နိုင်)၁၀၁၉၅၅က စာချုပ်စာတမ်းများဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ရှင်အမည်ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအားခွင့်ပြုရန်မသင့်ပါကစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်၄၇ အမည်ပေါက် ဦးအောင်လွင်၏မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခိုင်ခိုင်ကျော် ၁၂/အစန(နိုင်)၁၀၄၇၆၇က မြေကွက်စလစ် (မူရင်း)တင်ပြ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ဘုရားကုန်းအဆင့်(၂)၊မြေကွက်အမှတ်၂၃၄အမည်ပေါက်ဦးထွန်းသိန်း၏ မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်မြင့် ၉/မနတ(နိုင်)၀၇၆၉၁၇က မြေကွက်စလစ်(မူရင်း) တင်ပြ၍ငွေသွင်းချလန်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ ၂)မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးပါရန်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၂၀၊ မြေကွက်တည်နေရာအမှတ် ၃၉၊ ဗိုလ်လရောင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးအေးမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးအေးမြင့် (လူပျိုကြီး) ကွယ်လွန်သဖြင့် (၁)ဒေါ်အေးအေးကြည် ၁၂/ဗဟန(နိုင်)၀၄၃၉၃၈၊ (၂)ဒေါ်စမ်းစမ်းဝေကြည် ၁၂/ဗဟန(နိုင်)၀၄၄၀၅၈၊ (၃) ဒေါ်မိုးမိုးကြည် ၁၂/ဗဟန(နိုင်)၀၄၄၆၆၉တို့က တူ၊တူမတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၁၀ ရပ်ကွက်၊ ၄၈လမ်း၊ တိုက်အမှတ် ၁၃၅/၁၃၉မြေတိုင်းရပ်ကွက် ၁၀H³၊မြေကွက်အမှတ်I၈(A) မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြေငှားစာချုပ်အမှတ်တိုး/၃/၂၀၀၃အမှုတွဲအမှတ် ဗတထ/၈၇သတ/၁/၀၃ဖြင့် ဦးအဂျဲ(ခ) မိုင်ဟင်းဒါးရှာရ်မားက အမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်မြေပေါ်ရှိအဆောက်အအုံတို့ဖြစ်ပါသည်။

အဆိုပါအဆောက်အအုံအမှတ် ၁၃၅/၁၃၉ရှိတိုက်ခန်းများနှင့်ပတ်သက်၍ ကျွန်တော်ဦးအဂျဲ၏ သဘောတူညီခွင့်ပြုချက်မရယူဘဲ မည်သူမျှလွှဲပြောင်းရောင်းချခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ပါရန် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေသန့်ဇင်**
**B.A(Law),LL.B**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၀၈၉)**
**အမှတ်(၂၄၆)၊ ရှုမျှော်ခင်းလမ်း**
**သစ်တောရပ်ကွက်၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၆**

## ကျေးဇူးအထူးတင်ရှိခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် IIG၊ မဟာမြိုင်လမ်းနေ ဦးအောင်ဖြူဝင်း(TROVER PU LAY) အသက်(၅၈)နှစ် ကွယ်လွန်ချိန်မှစ၍ လိုက်ပါကူညီဆောင်ရွက်ပေးပါသော မင်္ဂလာတိုက်ဆရာတော် (ဒယ်အိုးဆရာတော်)နှင့်တကွ ဆရာတော်များ၊ ကျောင်းတိုက်ရှိ မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်မှ ဆွေမျိုးမိတ်ဆွေများ၊ ကိုယ်တိုင်၊ တယ်လီဖုန်းတို့ဖြင့်သတင်းမေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊သတင်းစာတွင်ဝမ်းနည်းကြေကွဲကြောင်း ပေးပို့သော မိတ်ဆွေသင်္ဂဟများ၊ နေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေးနှင့် တရားတော်နာအခမ်းအနားသို့ ကြွရောက်ခဲ့သူများနှင့် မေတ္တာဖြင့် အကျွေးအမွေးလှူဒါန်းကူညီပေးခဲ့သူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးအထူးတင်ရှိခြင်း

ဦးအောင်ဖြူဝင်း နာမကျန်းစဉ်ပြုစုသော ပေါင်းတည်မြို့နယ်မှ ဆရာဝန်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ဝန်ထမ်းများ၊ ပညာရေးဌာနမှ ပညာရေးမှူးနှင့်ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပေါင်းတည်မြို့ရှိ ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့နှင့် အမှုထမ်းများ၊ မြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ဓာတ်ပုံ၊ ဗီဒီယိုဖြင့် မှတ်တမ်းတင်ပေးသူများ၊ ပေါင်းတည်မြို့ရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ နာရေးကိုလိုက်ပါပို့ဆောင်သူများအားလုံးနှင့် ကျေးဇူးတင်သင့် တင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် နာမကျန်းစဉ်မှ မြေကျသည်အထိ ဦးဆောင်ကူညီဆောင်ရွက်ပေးပါသော ဦးလေးဦးသိန်းလွင်(အင်္ဂလိပ်စာ)အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၄၀၈(ခ)၊ မြေကွက်တည်နေရာအမှတ် ၄၀၈/ခ၊ ဗိုလ်စောဦးပန်းခြံ ၁လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမျိုးမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမျိုးမြင့် AA-၀၉၃၄၃၈ကိုယ်တိုင်ကဂရန်မူရင်းပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍နှစ်၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျေးဇူးတင်ရှိခြင်း

၁၇-၇-၂၀၁၂ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပြီဖြစ်သော ကျေးဇူးရှင်ဖခင်ကြီး ဦးမောင်မောင်ကြည် မကျန်းမာစဉ်အတွင်း ပြုစုကုသပေးခဲ့သော သုခကမ္ဘာဆေးရုံမှ ဆရာဝန်ကြီးများနှင့် ဆရာ ဆရာမများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် လိုလေသေးမရှိ အဘက်ဘက်မှ မေတ္တာဖြင့် အကူအညီပေးကြသော ဦးရေခဲနှစ်ခြင်းအသင်းတော်၊ ရွာမအသင်းတော်၊ ကြည့်မြင်တိုင်အသင်းတော်များမှ သင်းအုပ်ဆရာကြီးများအမှုပြုသော ဓမ္မဝန်ဆောင်များနှင့် အသင်းသူအသင်းသားများ၊ ပါရမီကွန်ဒို တိုက် (၇+၁) A မှ ကော်မတီလူကြီးများနှင့် တိုက်မိသားစုများ၊ ဆွေမျိုးများ၊ မိတ်ဆွေများနှင့်တကွ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးသိန်းဇော် ၅/ကဆန(နိုင်)၀၀၂၄၂၂၏ နိုင်ငံကူးလက်မှတ် PP-M ၃၁၇၉၅၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၀၁၁၅၂၁**

## ဦးဇော်မင်းသိန်း ၁၃/တကန(နိုင်)၀၂၃၆၈၂နှင့် အများသိစေရန်

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ငွေစန္ဒာလမ်းသွယ်(၁)နေ ဒေါ်နန်းစံလှိုင်း ၁၃/ကဟန(နိုင်)၀၀၀၄၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇော်မင်းသိန်းနှင့် အများသိစေရန် ကြေညာလိုက်သည်မှာ-

ဒေါ်နန်းစံလှိုင်းသည် တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၇ ၌ ချမှတ်ခဲ့သော ၆-၅-၂၀၀၂ ရက်စွဲပါ စီရင်ချက်အမိန့်နှင့်ဒီကရီအရ ဦးဇော်မင်းသိန်းနှင့် လင်မယားအဖြစ်မှ ကွာရှင်းခွင့်ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဇော်မင်းသိန်းသည် ဒေါ်နန်းစံလှိုင်းနှင့် တစ်စုံတစ်ရာပတ်သက်ခြင်းမရှိတော့ပါကြောင်းနှင့် ဦးဇော်မင်းသိန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း၊ နောက်နောင် ဒေါ်နန်းစံလှိုင်းအား ထိပါးနှောင့်ယှက်မှုတစ်စုံတစ်ရာမျှ မပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဥမ္မာဝင်း (အထက်တန်းရှေ့နေ)**
**အမှတ် စ/၅၄၄၊ ဒေါနလမ်း၊ နယ်မြေ (၇)၊ စိန်ပန်းရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၂၉၅၄**

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဒေါ်စန်းစန်းမြင့် ၁၃/ရငန(နိုင်)၀၂၂၅၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့၊ ရွာမရပ်ကွက်၊ ရွှေပွင့်လင်းဘုရားလမ်း၊ အကွက်အမှတ် ၄၊ ဦးပိုင်အမှတ်(၁၈/၃)၊ မျက်နှာစာအကျယ် ၁၁၄ ပေ၊ ဧရိယာ ၀ ဒသမ ၅၃၀ ဧကရှိသော ဦးတင်ညိုအမည်ပေါက် မြေကွက်သည် ဦးတင်ညို၏သားတစ်ဦးဖြစ်သော ဦးဇော်ဝင်းနှင့် ၎င်း၏တရားဝင်ဇနီး ဒေါ်စန်းစန်းမြင့်တို့နှစ်ဦး၏ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးပိုင်ပစ္စည်းဖြစ်ခြင်းကြောင့် ဒေါ်စန်းစန်းမြင့်၏ စာဖြင့်ရေးသား သဘောတူညီမှုမရရှိဘဲ ဦးဇော်ဝင်းနှင့်၎င်း၏ကိုယ်စားလှယ်စာရသူတို့အပါအဝင် မည်သူတစ်စုံတစ်ဦးမျှ ကျော်နင်းဝင်ရောက်ခြင်း၊ ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုရန်တားမြစ်ပါသည်။မလိုက်နာဘဲ ကျူးလွန်သူအား ဆိုင်ရာဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်သဖြင့် ဆက်လက်ဖြစ်ပေါ်လာသော ဥပဒေဆိုင်ရာအကျိုးဆက်ဟူသမျှသည် ကျူးလွန်သူအပေါ်သို့သာ တာဝန်ကျရောက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သဇင်နွယ် LL.B** | **ဦးမြင့်စိုး(ဖြူး) LL.B** |
| **အထက်တန်းရှေ့နေ (၃၀၈၅၁/၀၉)** | **တရားလွှတ်တော်ရှေ့နေ (၃၅၀၆/၈၆)** |

**အမှတ် ၅၀(ဒုတိယထပ်)၊ အခန်း ၉၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၅၁၈၁၁/၂၊ မြေကွက်တည်နေရာအမှတ် ၅၁၈၁၁/၂၊ ရော၃လမ်း၊ (၈၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးမြင့်လှိုင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးမြင့်လှိုင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၁၂၇/၁၂ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဌေးဌေးဝင်း၅/ကဘလ(နိုင်)၁၃၄၇၈၁က ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်၃၁၉၊ မြေကွက်တည်နေရာအမှတ်၆၁၊ဇေယျာသီရိ၄လမ်း၊ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးထွန်းအောင် ၁၂/ဥကတ(နိုင်)၀၅၈၄၅၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးထွန်းအောင်ကွယ်လွန်သဖြင့် ဒေါ်တင်မြ ၁၂/ဥကတ(နိုင်)၁၉၈၁၂၆က သေစာရင်းနှင့်တကွ ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်၅၃၈ အမည်ပေါက် (ဦးသိန်းထိုက်)၏ဇနီး ဒေါ်ဝင်းဝင်းနိုင် ၁၂/ကတန(နိုင်)၀၁၉၁၁၆ကမြေကွက်စလစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေး စီမံကိန်းရုံး၊ မြေယာရုံးခွဲ၂၊မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ၂၊ မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊စံချိန်မီအဆင့်(၂)၊မြေကွက်အမှတ်၁၁၈၂အမည်ပေါက်ဦးမြင့်ကျော်အောင်၏မြေကွက်အားလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်သန်းသန်းညွန့် ၁၂/ကတန(နိုင်)၀၀၂၈၃၀က ငွေသွင်းချလန်(မူရင်း)တင်ပြပြီးမြေကွက်စလစ်(မူရင်း)ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး (မြေယာရုံးခွဲ၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအသိပေးကြေညာပေးအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ်၅၉၇မူလအမည်ပေါက် ဦးသောင်းထွန်း ၁၂/ကတန(နိုင်)၀၀၉၂၂၃က မြေကွက်စလစ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာပါ၍ ကန့်ကွက်ရန်ရှိပါကကြော်ငြာပါသည့်ရက်မှ၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးစီမံကိန်းရုံး(မြေယာရုံးခွဲ-၂) မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါကမြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအယ်လင်ချား(လ်)ချစ်သာ

**ALLAN CHARLES CHIT THA**
**(CDC - 21693)**
**(Uniteam Shipping Co.)**

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၄၊ အခန်း ၄နေ [ဒုတိယဗိုလ်မှူးကြီး W.C.J Boudille (ငြိမ်း)-ဒေါ်စောရင်]တို့၏မြေး၊ [ဗိုလ်မှူးချစ်သာ (ငြိမ်း)-ဒေါ်စီစီ]တို့၏သား၊ ဒေါ်ကြည်လှိုင်(ခ)ဒေါ်ဝင်းရီ(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမိုက်ကယ်ခင်မောင်လတ်(Ex R/O New Asia Shipping Co.)-ဒေါ်ကယ်ရယ်အင်နီချစ်သာ(ပါမောက္ခ၊ ညွှန်ကြားရေးမှူး၊ ငြိမ်း)၊ Seameo Chat တို့၏မောင်၊ ဒေါ်စူစန်အင်(န်)ချစ်သာ(ခ)ဒေါ်စုစုဆွေ-ဒေါက်တာဦးမြင့်ဆွေ (တိုင်းကျန်းမာရေးဦးစီးမှူး၊ ငြိမ်း)၊ (ဦးဗင်ဆင်ချားလ်ချစ်သာ)-ဒေါ်ခင် စန်းငွေ၊ ဒေါ်အဲလ်လစ်ဇဘက်အင်နီချစ်သာတို့၏အစ်ကို၊ တူ၊ တူမ ၁၁ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့) ညနေ ၅း၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် စိန့်ဂျွန်းကန်တော်မင် ကက်သလစ်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မူမူသန်း (စလေ)

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်အိမ်ရာ၊ တိုက် ၁၊ အခန်း ၁၀၃နေ (ဦးသန်းမြ-ဒေါ်ထွေး)တို့၏သမီး၊ ဦးထွန်းလှိုင်၏ဇနီး၊ ဦးကျော်မင်းလှိုင်-ဒေါ်နှင်းဝေနိုင်၊ ဒေါက်တာသိန်းဇံ-ဒေါ်ခင်စုစုမြတ်လှိုင်၊ ဗိုလ်ကြီးသန်းထွေး-ဒေါ်ဝေဝေမာလှိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၂ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

နာရေးကူညီမှုအသင်း(စစ်တွေ)

## ဒေါ်စောနု

**အသက်(၈၂)နှစ်**

စစ်တွေမြို့၊ မကျည်းမြိုင်အကွက်(၆)၊ အမှတ် မကမ ၃၃နေ (ဦးညိုထွန်းဦး-ဒေါ်စောသာ)တို့၏သမီး ဒေါ်စောနု (နာရေးကူညီမှုအသင်းဝင်)သည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၂ ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုပ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူအသင်းသားများအား အသိပေးအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၇-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၄၀ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ **သုတရောင်စုံပန်းခင်း**
- ၈း၁၀ ကဗျာပန်းဥယျာဉ်
- ၈း၂၀ တေးသရုပ်ဖော်အစီအစဉ်
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၄၀ International News
- ၈း၅၀ Local Talent

**နေ့လယ်ပိုင်း**

- ၁၁း၂၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၅ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၃း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၂၃)
- ၁၄း၃၅ အတီးပြိုင်ပွဲ
- ၁၄း၅၀ International News

**ညပိုင်း**

- ၄း၅၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)
- ၅း၁၀ International Science News
- ၅း၁၅ **စိမ်းလန်းစိုပြည် မူဆယ်မြေ**
- ၅း၃၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၅း၃၅ ရောင်စုံရေးသီတေးပန်းချီ (တွံတေးသိန်းတန်)
- ၆း၀၀ ညနေခင်းသတင်း
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၃၅ **အနုပညာရှင်နှင့် ရင်ခုန်စရာ ညချမ်း**
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများတဲ့အချစ်** (အပိုင်း-၁၆)
- ၈း၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်းများ
- \- မိုးလေဝသအခြေအနေ
- \- ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ** (မိခင်မေတ္တာ)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ** (အပိုင်း-၂၃)
- \- ဂီတတံခါးလေးဖွင့်ပါဦး

## MRTV-4 ရုပ်မြင်သံကြား

**၂၁-၇-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

- ၅း၄၀ **ခန္ဓာဉာဏ်ရောက်** တရားတော် (မြောက်ဦးဆရာတော် ခနဝါသီ အရှင်ဝါယာမိန္ဒ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈၉)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **“ကောင်းကင်ရိပ်မြို့”** (အပိုင်း ၁)
- ၁၀း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော**(အပိုင်း-၃)
- ၂း၂၀ မြန်မာ့ရုပ်သံဇာတ်လမ်းတွဲ **The Sign of Love (အချစ်သင်္ကေတ)** (အပိုင်း-၁)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၉၀)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကောင်းကင်ရိပ်မြို့** (အပိုင်း-၂)
- ၁၁း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဖူးစာရှင် ကိုလူချော** (အပိုင်း-၄)

## မြဝတီရုပ်မြင်သံကြား

**၂၁-၇-၂၀၁၂ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၅ တရားတော်
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း

**နေ့လယ်ပိုင်း**

- ၁၁း၂၀ မျိုးချစ်တပ်မတော်
- ၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သူစေညွှန်ရာစေ** လူမင်း၊ ထက်ထက်မိုးဦးနှင့် သရုပ်ဆောင်များ ဒါရိုက်တာ-မောင်အောင် (ရူပဗေဒ)
- ၁၄း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှင်သန်နေသရွေ့** (အပိုင်း-၄၄)

**ညပိုင်း**

- ၄း၅၀ ကုန်သွယ်သုတ
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၄၀ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထောင်စုနှစ်သမီးပျို** (အပိုင်း-၄၀)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- \- နိုင်ငံတကာသတင်း
- \- မိုးလေဝသသတင်း
- \- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံများ ချစ်ခြင်းများဖြင့်** (အပိုင်း-၁၉)
- \- မြဝတီရုပ်မြင်သံကြားသတင်း
- \- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှုတ်ဖျားထက်ကသစ္စာ** (အပိုင်း-၁)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဟန်

**လ/ထညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက(သန်းခေါင်စာရင်း)**
**သမ္မာဝါဏိဇ္ဇ သက်န်းတိုက်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၂၃၃(က)၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် နိဗ္ဗာန်လမ်းထောင့် သမ္မာဝါဏိဇ္ဇသက်န်းတိုက်နေ (ဦးဘိုးဟန်-ဒေါ်မြ)တို့၏သား၊ ဒေါ်အေးမြင့်(ခ) Lucy ၏ခင်ပွန်း၊ ဒေါက်တာမောင်မောင်မြင့်-ဒေါ်မေဇင်ဟန်၊ ဦးခင်ဇော်-ဒေါ်နုယဉ်ဟန်တို့၏ဖခင်၊ မောင်ကျော်သက်ပိုင် (သင်္ဘောလျှပ်စစ်အင်ဂျင်နီယာ၊ Mariner )-မခင်မြတ်သူ၊ မမြနှင်းပွင့် [Final Part 2 IM (1)]၊ မောင်ဇော်ဇော်ပိုင်၊ ဗိုလ်ကြီးထွန်းထွန်းဝင်း(ခန္ဓာဗေဒဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ မနန်းဦးခင်တို့၏အဘိုးသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ဦးဝိစာရလမ်း၊ အမှတ်(၂)တပ်မတော်ဆေးရုံ ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ငွေအင် (နဘုလယ်/ထားဝယ်)

**အသက်(၈၆)နှစ်**

ထားဝယ်မြို့၊ ဇရစ်ရပ်၊ အမှတ် ၃၅၄၊ ကလောင်ဆွေလမ်းနေ (ဦးကျင်ဖေ-ဒေါ်ဖွားအေးဆင်)တို့၏သမီး၊ (ဦးဘစော)၏ဇနီး၊ ဒေါ်မာမာအေး၊ ဦးအောင်မျိုး-ဒေါ်သိန်းသိန်းဝင်း၊ ဦးအောင်မိုး-ဒေါ်မိုးမိုးအိ၊ ဦးအောင်ဇော်-ဒေါ်သီတာ၊ ဦးအောင်ထွေး-ဒေါ်ညွန့်တင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ဇယာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်စိန်တင်

**အသက်(၈၅)နှစ်**

ဒေါ်လှဦးနွယ် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဒီဇိုင်းနှင့်ပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန)၏မိခင် ဒေါက်တာဒေါ်စိန်တင် အသက်(၈၅)နှစ်သည် ၁၇-၇-၂၀၁၂ရက် ည ၇း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂)၊ ဆည်မြောင်းဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အုန်းကြည်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၉၀နေ (ဦးသာဝင်း-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးအုန်းမောင်)၏ဇနီး၊ ဦးတင်ဝင်း(ခ)ဦးပျော့-ဒေါ်စမ်းစမ်းထွေး(ကြေးမုံသတင်းစာတိုက်)၊ ဦးဟန်ရှိန်(ခ)ဦးကော့-ဒေါ်ဥမ္မာကျော်(အထက-၅၊ ဗိုလ်တထောင်)တို့၏မိခင်၊ မသက်စုကြည်၊ မမေသင်းခိုင်တို့၏အဘွားသည် ၂၀-၇-၂၀၁၂ရက် ည ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ငြိမ်း (နှင်းဆီဇာဘော်လီ၊ ဗိုလ်ချုပ်ဈေး)

**(မရမ်းရွာ၊ ချောင်းဆုံမြို့)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇင်ယော်လမ်း၊ ၁၄/၂ရပ်ကွက်၊ အမှတ် ၁၂၈နေ (ဦးသာခင်-ဒေါ်သန်းနု)တို့၏သမီး၊ (ဦးသိန်းလှိုင်-ဒေါ်အုန်းမြ)တို့၏သမီးချွေးမ၊ ဦးလှကြည်၏ဇနီး၊ (ဒေါ်ရင်သိန်း)၊ (ဦးခင်အောင်)တို့၏ညီမ၊ (ဒေါ်လှငြိမ်း)၊ ဦးတင်အောင်၊ (ဒေါ်ငြိမ်းငြိမ်းဝင်း)၊ ဒေါ်ချို၊ ဒေါ်နီ(ခေတ္တ-ဂျပန်)တို့၏အစ်မကြီး၊ ဦးဆန်းဦး၊ (ဦးချိုဦး)တို့၏မိခင်ကြီးသည် ၂၀-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်မွှေး (မော်လမြိုင်)

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုခမ္မာ ၄လမ်း၊ အမှတ် ၁၀၇၈နေ (ဦးစိန်မြင့်-ဒေါ်သန်းခင်)တို့၏သမီး၊ ဦးဟုတ်လှိုင်-(ဒေါ်ကျင်စု)တို့၏သမီးချွေးမ၊ (ဦးမောင်ငယ်)-ဒေါ်ဘို့၊ ဦးမောင်နု-ဒေါ်အိမ်မွှေး၊ ဦးညွန့်လှိုင်-ဒေါ်တင်ကြည်တို့၏ညီမ၊ ဦးစိုးညွန့်-(ဒေါ်တင်တင်အေး)၊ (ဦးမျိုးညွန့်-ဒေါ်မြင့်မြင့်သန်း)တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ဦး(ကထိက၊စာရင်းအင်းပညာဌာန၊ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဦးသန်းဝင်း-ဒေါ်ခင်ယုယုကျော်၊ မဖြိုးသဉ္ဇာနိုင်တို့၏အဒေါ်၊ လင်ကျန့်ပေါ-မယဉ်နွယ်မျိုး၊ မောင်မင်းသူအောင်တို့၏မိခင်၊ ဦးမျိုးအောင်(ခ)ဦးခင်ဝမ်း၏ဇနီး၊ မောင်လွင်မင်းခန့်၏အဘွားသည် ၁၉-၇-၂၀၁၂ရက်(ကြာသပတေးနေ့)နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးအေး

**အင်းလျားလိတ်ဟိုတယ်(ငြိမ်း)**

**အသက်(၇၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင် ၄လမ်း၊ အမှတ် ၈၆နေ (ဦးစံလှိုင်)-ဒေါ်အုန်းသွင်တို့၏သား၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းမ၊ အမှတ် ၂၂နေ(ဦးဘအုန်း-ဒေါ်စိန်ခ)တို့၏သားသမက်၊ ဒေါ်တင်ကြည်၏မောင်၊ မောင်ဖြိုးမင်းအေး၊ မနီနီအောင်တို့၏ဖခင်၊ ဒေါ်စိန်စိန်ရီ(အင်းလျားလိတ်ဟိုတယ်၊ ငြိမ်း)၏ခင်ပွန်းသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မြင့်ဆွေ

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၄၅၄နေ (ဦးမောင်စိုး၊ မြန်မာ့လေကြောင်း)၏ဇနီး၊ ဦးအောင်နိုင်ဝင်း၊ ဒေါ်သီတာစိုး၊ဦးလှိုင်အေး-ဒေါ်ကေသွယ်ဦး၊ ဦးလွင်မိုးဇော်-ဒေါ်စန်းသီရိ၊ ဦးသိန်းတင်-ဒေါ်စန္ဒီထွန်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၂ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စော

**အသက်(၁၀၀)**

ရန်ကုန်မြို့၊ အမှတ် ၄၁(ဃ)၊ လေဆိပ်လမ်းသွယ်(၂)၊ စော်ဘွားကြီးကုန်းရပ်၊ အင်းစိန်မြို့နယ်နေ (ဦးဖိုးရ-ဒေါ်ဖြူဖြူ)တို့၏သမီး၊ (ဦးဘနောင်)၊ (ဦးမင်းနောင်)၊ (ဦးညွန့်)၊ (ဒေါ်အုန်း)၊ (ဦးစိုး)တို့၏ညီမ၊ (ဒေါ်ခင်ခင်ဦး)၊ (ဒေါ်ရီရီ)၊ (ဒေါ်ခင်ယုံ)တို့၏အစ်မ၊ (ဒေါ်ခင်စန်းကြွယ်)၊ ဦးသိန်းအောင်ကြွယ်၊ဒေါ်မေပုလဲကြွယ်၊ တူ၊တူမ ၂၂ယောက်တို့၏အဒေါ်သည် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘစိန် (ပုသိမ်)

**ရွှေမြန်မာမျက်စိအားတိုးဆေးတိုက်**

**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေလဝင်းလမ်း၊ အမှတ် ၁၁ (ပထမထပ်)နေ (ဦးအောင်ဘ-ဒေါ်မျှင်)တို့၏သား၊ [ဒေါ်အုန်းမြိုင်(ခ)ဒေါ်ပု]၏ခင်ပွန်း၊ ဒေါ်သန်းသန်းဦး(အထပြ၊အထက-၃၊ ကြည့်မြင်တိုင်)၊ ဒေါ်သန်းသန်းဝေ(ရွှေမြန်မာမျက်စိဆေး)၊(ဦးတင်ဟန်)-ဒေါ်သင်းသင်းဝေ၊ ဦးဘဏ်လင်းထွန်း(C/E Uniteam Co.,Ltd.)-ဒေါ်နှင်းမာအောင်၊ ဦးတင်အောင်ထွန်း(ကနေဒါ)၊ဒေါက်တာဝင်းဝင်းကြည်(ဟသ်ာတ တက္ကသိုလ်၊ ရူပဗေဒဌာန)၊ ဒေါက်တာကျော်ကျော်ထွန်း-ဒေါ်ဇာဖြူတင်စိုးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းကြည် (ကျိုက်မရော)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၃၉(က)နေ(ဦးထွန်းကျော်-ဒေါ်ဖွားသီ)တို့၏သမီး၊ (ဦးထွန်းအောင်)၏ဇနီး၊ (ဦးပါပု-ဒေါ်မာတင်)တို့၏ချွေးမ၊ (ဦးသန်းဖေ-ဒေါ်ချစ်မြ)၏ညီမ၊ (ဦးချစ်ငွေ)-ဒေါ်မာစိန်၊ ဦးအောင်သန်း-(ဒေါ်အေးကြည်)တို့၏အစ်မ၊ (ဦးဝင်းကြည်)-ဒေါ်ခင်ကြည်ယု၊ဦးငွေနီ-ဒေါ်စန်းကြည်၊(ဦးလှဝင်း)-ဒေါ်နွဲ့နွဲ့ဝေ၊ဦးခင်ညို-ဒေါ်စန်းစန်းအေး၊ဦးငွေစိုး-ဒေါ်လှလှငွေ၊ဦးသန်းစိုး-ဒေါ်အေးအေးစန်း၊ (ဦးအောင်စိုး)-ဒေါ်သန်းသန်းညွန့်တို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## မောင်ထွဋ်ဘိုဘို(ခ)ဖြိုးဖွေး

**(ပထမနှစ်၊ ပထဝီဝင်)**

**အသက်(၂၃)နှစ်**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ငါးထပ်ကြီးတောင်ရပ်ကွက်၊သဇင်လမ်းသွယ်၊အမှတ် ၉၇/A နေ ဦးဘိုဘိုမောင် (Bosun)-ဒေါ်မိမိသွင်တို့၏သားငယ်လေး၊ မောင်အောင်ဘိုထက်၊ မောင်အောင်မျိုးသန်း၊ မောင်နန္ဒလင်း၊မောင်ပြည့်ဖြိုးသွင်၊မောင်ကျော်ကျော်ခိုင်တို့၏ညီ၊ မဇင်မျိုးသန့်၏မောင်၊ မအိအိဖြိုးသွင်၏အစ်ကိုသည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တတေဇိန္ဒ

**သာသနဓဇဓမ္မာစရိယ၊ တိုင်းသံဃာ့ဝန်ဆောင်**
**သမ္မုတိရသံဃာ့ကိုယ်စားလှယ်၊ မြို့နယ်သံဃနာယက(ဟောင်း)**
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါ**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ မဏိစည်သူလမ်း၊ တံတားဦးကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်သည် ၁၉-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၃-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကျီစုသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သားသံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအားသိစေရန် အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဈာပနကျင်းပရေးကော်မတီ

## ဦးဝင်းမြင့်

**ကုန်သွယ်ရေး(ငြိမ်း)**

**အသက်(၈၅)နှစ်**

(ဦးအုန်းချိန်-ဒေါ်သန်း)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ (ဒေါ်သန်းရင်)၏ခင်ပွန်း၊ ဒေါ်ဥမ္မာကြည်(ဆ/မ)၊ ဦးမြတ်သင်(Victoria Co., Ltd.)-ဒေါ်ဖြူဖြူစိုး(ဆ/မ)၊ (ဦးစိုးဝင်း)-ဒေါ်နုနုတင်၊ ဦးတိုးဝင်း(P.S.C မန်နေဂျာ)-ဒေါ်သူဇာခင်၊ ဦးမောင်မောင်မြင့်(စီမံကိန်းမန်နေဂျာ၊ လောင်ဗျစ်ကျောက်မျက်ကုမ္ပဏီ)-ဒေါ်တင်မေအေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့် (ဟသ်ာတ)

**(ရွှေမြသာ ဘီစကစ်စက်ရုံမှူး)**
**စိန့်ဂျွန်းကျောင်းသားဟောင်း**
**Batch (49-50)**

**အသက်(၈၁)နှစ်**

ဟသ်ာတမြို့နေ (ဦးကျောက်-ဒေါ်သန်းစိန်)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ ၃၊ ခိုင်သဇင်လမ်း၊ အမှတ် ၃၃၀နေ (ဒေါ်အက်စတာသင်)၊ ဒေါ်အေးကြည်တို့၏ခင်ပွန်း၊ ဦးရဲတင့်-ဒေါ်ငွေရီမြင့်၊ ဒေါ်သက်တင်မြင့်၊ (ဦးအောင်မိုးမြင့်)၊ ဦးစောသတော-ဒေါ်လှလှ၊ ဦးမိုးကျော်မြင့်-ဒေါ်နန်းရင်၊ ဦးနေစိုး-ဒေါ်ချိုချိုအောင်၊ ဒေါ်ဥမ္မာစိုး၊ ဦးသန်းစိုးတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၁၂ရက် (သောကြာနေ့)ညနေ ၆း၃၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကျေးဇူးအထူးတင်ရှိခြင်း

**လွင်နှင့်စွမ်းကုမ္ပဏီ မိခင်ကြီး**
**ဘုရား၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်း အမကြီး**

## ဒေါ်ဆီး(ခ)ဒေါ်ကျင်စွမ် (မြိတ်)

**အသက်(၈၁)နှစ်**

ကျေးဇူးရှင်မိခင်ကြီး နာမကျန်းချိန်မှ ကွယ်လွန်ချိန်အထိ ကူညီစောင့်ရှောက်ကုသပေးခဲ့ကြသော ပါမောက္ခဒေါက်တာဦးဝင်းနိုင်၊ အသည်းသမားတော် ဒေါက်တာဦးမိုးအောင်ကျော်နိုင်တို့အားလည်းကောင်း၊ သွေးအလှူရှင်များအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက် နာရေးကိစ္စတွင် လှူဖွယ်ပစ္စည်း၊ ဝတ္ထု၊ အစားအသောက်များနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ကိုယ်တိုင်၊ တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် သတင်းမေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ပန်းခွေ၊ ပန်းခြင်းပေးပို့ခဲ့ကြသူများနှင့်သတင်းစာများတွင် ဝမ်းနည်းကြေကွဲကြောင်း ပေးပို့ခဲ့ကြသော ဌာနဆိုင်ရာ၊ အသင်းအဖွဲ့များနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ နာရေးအခမ်းအနားသို့ ကြွရောက်ပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့နှင့် မော်တော်ယာဉ်နှင့် ဘတ်စ်ကားများ ကူညီပေးခဲ့သော မိတ်ဆွေများအားလည်းကောင်း၊ နေအိမ်၌ပြုလုပ်သော ရက်လည်ဆွမ်းကျွေးနှင့် တရားတော်နာသို့ ကြွရောက်ခဲ့ကြသူများနှင့် မေတ္တာဖြင့်အကျွေးအမွေးများ လှူဒါန်းကူညီပေးခဲ့သော မိတ်ဆွေအားလည်းကောင်း၊ စ-လယ်-ဆုံး အင်တိုက်အားတိုက် ကူညီခဲ့ကြသည့် ကုမ္ပဏီမှဝန်ထမ်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## စောဂျွန်

**S.S.O.E**

**အသက်(၄၆)နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နမ္မတူမြို့နယ်၊ ဘော်တွင်းမြို့နေ (ဦးစောဆာဒူဝေါ - ဒေါ်နော်မာ)တို့၏တတိယသား၊ စောနိုမူဖော၊ စောဂျိမ်း-ဂျာနန်တို့၏ညီ၊ နော်ပုလဲ-စောနယ်လ်ဆင်၊ နော်သာမီး-စောဂျော်ဒင်၊ နော်ဘွဲဖော-ကိုသန်းနိုင်တို့၏အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေး စောဂျွန် (Swiss Singapore Overseas Enterprises Pte.,Ltd.) သည် ၁၉-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ည ၁၁း၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၇-၂၀၁၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေး ခရစ်ယာန်သုသာန်၌ဝတ်ပြုဆုတောင်းပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းဆွေ

**(ပြည်ထောင်စုဘဏ်၊ ငြိမ်း)**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(၈)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၂၆(A)နေ(ဦးကျော်ထွန်း-ဒေါ်ထွေး)တို့၏သမီး၊ (ဦးမောင်မောင်-ဒေါ်သန်းရီ)တို့၏သမီးချွေးမ၊ ဦးအောင်ခင် (ပြည်ထောင်စုဘဏ်၊ ငြိမ်း)၏ဇနီး၊ ဦးလှပြုံး - ဒေါ်ခင်ထွေးမြင့်တို့၏ညီမ၊ ဒေါ်ဇင်မာသူ၏အဒေါ်၊ မောင်သိန်းကျော်မင်း၊ (မောင်အောင်ဇော်မင်း)တို့၏မိခင်သည် ၂၀-၇-၂၀၁၂ရက် နံနက် ၁း၄၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

# ကချင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ သတ်မှတ်ကာလ အချိန်မီပြီးစီးရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

ပညာရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ဆောက်လုပ်နိုင်ရန်အတွက် တင်ဒါခေါ်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက် ညနေ ၅ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ကချင်ပြည်နယ်အတွင်း ၂၀၁၂ -၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ကျောင်းများ၊ ဆောက်လုပ်မည့်ကုမ္ပဏီများ အခြေအနေကို တင်ပြဆွေးနွေးသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျို၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမင်းချစ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း အခြေခံပညာကျောင်းများဆောက်လုပ်ရေး အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာန၏ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးမှူးက စီစဉ်ကြီးကြပ်ဆောင်ရွက်ရေး၊ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်အတွင်း အခြေခံပညာကျောင်းများ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ သက်ဆိုင်ရာဒေသအလိုက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက လုပ်ငန်းများအောင်မြင်ရေး ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်တွင်းဘိလပ်မြေလုပ်ငန်း၌ အကျိုးတူပူးပေါင်းရန် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ စိတ်ဝင်စားလာကြ

**သတင်းမှတ်စုနှင့်ဓာတ်ပုံ - ခင်ရတနာ**

**ရန်ကုန် ဇူလိုင် ၂၀**

ပြည်တွင်းဈေးကွက်အတွင်း နေရာရယူလိုကြသည့် ပြည်ပမှ ဘိလပ်မြေလုပ်ငန်းရှင်အချို့ ပြည်တွင်း ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများ **(အပေါ်ပုံ)**နှင့် ပူးပေါင်းလိုကြခြင်းကြောင့် လေ့လာမှုများပြုလုပ်လာကြောင်း သိရှိရသည်။

ဘိလပ်မြေသည် ဆောက်လုပ်ရေးလုပ်ငန်းများ၌ မရှိမဖြစ်အရေးကြီးသည့် အဓိကလိုအပ်သော ပစ္စည်းဖြစ်ရာ လက်ရှိဈေးကွက်အတွင်း၌ ပြည်တွင်းထုတ် ဘိလပ်မြေတံဆိပ်များသာမက ပြည်ပမှတင်သွင်းသည့် တံဆိပ်များပါ နေရာယူလျက်ရှိနေသည်။

"လက်ရှိမှာ ပြည်တွင်းက လိုအပ်ချက်ကို ပြည်တွင်းစက်ရုံတွေရဲ့ ထုတ်လုပ်မှုနဲ့ ဘယ်လိုမှကို မမျှတပါဘူး။ အရည်အသွေးပိုင်းရော၊ လိုအပ်ချက်အရရော ပြည်ပက ဘိလပ်မြေတွေကိုပဲ အားကိုးနေရတုန်း ဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းပုဂ္ဂလိက ဘိလပ်မြေစက်ရုံတွေကိုလည်း ပြည်ပစီးပွားရေးလုပ်ငန်းရှင်တွေ လာရောက်လေ့လာမှုတွေ လုပ်နေပါတယ်။ အစိုးရကလည်း ဘိလပ်မြေစက်ရုံတည်ဆောက်ခွင့်တွေကို လုပ်ငန်းရှင်တွေ ချပေးထားတာရှိတော့ နိုင်ငံတကာက ဘိလပ်မြေထုတ်လုပ်မှု ပညာရှင်တွေက ပြည်တွင်းအကျိုးတူပူးပေါင်းလိုတဲ့ လုပ်ငန်းရှင်တွေကို တွေ့ဆုံညှိနှိုင်းလိုကြပါတယ်"ဟု အေဘီစီရှိ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆



# အဝေးကြည့်မှန်ပြောင်း တပ်ဆင်ထားသည့် အာကာသလေ့လာရေးယာဉ် ဥရောပအာကာသအေဂျင်စီမှ လွှတ်တင်မည်

**အာကာဟိန်း – ရေးသားသည်**

*ပါရီ ဇူလိုင် ၂၀*

*ဥရောပအာကာသအေဂျင်စီက အာကာသလေ့လာရေးယာဉ်တစ်စင်းကို ၂၀၁၉ ခုနှစ်၌ လွှတ်တင်ရန်စီစဉ်ထားကြောင်း၊ ၎င်းအာကာသလေ့လာရေးယာဉ်သည် အာကာသရှိ ကြယ်တာရာအစုအဝေးကို လေ့လာသုတေသနပြုရန်နှင့် အရည်အသွေးကောင်းမွန်သောဓာတ်ပုံများ ထုတ်ပြန်ပေးသွားရန်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီက ဇူလိုင် ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)***

*အဆိုပါ အာကာသလေ့လာရေးယာဉ်တွင် အက်လစ်ဟု အမည်ပေးထားသော အာကာသအဝေးကြည့်မှန်ပြောင်းတစ်ခုကိုလည်း တပ်ဆင်ထားမည်ဖြစ်ပြီး အာကာသရှိ အရောင်ကင်းမဲ့သော ကြယ်တာရာနှင့် ဂြိုဟ်များကို လေ့လာသွားမည်ဖြစ်သည်။ ထို့အပြင် ထူးခြားသော ကြယ်တာရာများနှင့် ကြယ်တာရာအစုအဝေးများကိုလည်း လေ့လာကာ ပုံရိပ်များ ထုတ်ပြန်ပေးသွားမည်ဖြစ်သည်။*

*စာမျက်နှာ ၃ ကော်လံ ၄* ✻


**မြန်မာ့အလင်း ပတ်စရာ မှတ်စရာ**

**မိုးရာသီနှင့် ရွှေဈေးကွက်** စာ-၃



**အာဂျင်တီးနားဖော်ဒယ်နဲ့တွဲနေတဲ့ ရုပ်ရှင်မင်းသမီး ရှာရွန်စတုန်း** စာ-၅

**အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ မန်စီးတီးကို ပြောင်းရွှေ့မှာလား** စာ-၇

**ထစ်ချုန်းမိုး** နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# မြို့လယ်ကောင် ရေတွေကြီးပါလို့ ခရီးကမတွင်

**သတင်းနှင့်ဓာတ်ပုံ ကိုကြီးတင်**

**ရန်ကုန် ဇူလိုင် ၂၀**

ဇူလိုင်၂၀ရက်(သောကြာနေ့)။

မွန်းလွဲ ၂ နာရီကျော်ကတည်းက ကောင်းလိုက်တဲ့မိုး. . .။ ဘယ်အငြိုးနဲ့များ သဲကြီးမဲကြီးရွာနေသည်မသိ။ တစ်ချက်တစ်ချက် လေကြမ်းလေးကပင် မြှောက်ထိုးပင့်ကော် အားပေးနေသယောင်ယောင်. . . .။

ရန်ကုန်မြို့ထဲ လမ်းမကြီးတစ်လျှောက် မဟာဗန္ဓုလလမ်းမကြီးပေါ် လူသွားစင်္ကြံမှ လမ်းသွားလမ်းလာများ လမ်းလျှောက်၍မရတော့။ လမ်းဘေးဈေးသည်များရဲ့ ထီးကြီးများက လမ်းလုံးပြည့် ပိတ်မိုးထားခြင်းကြောင့်ပါ။

*စာမျက်နှာ ၃ ကော်လံ ၁* ●

**သဘာဝဘေးအန္တရာယ်သတင်း** မြင့်မောင်စိုး – ရေးသားသည်

# တရုတ်နိုင်ငံ ကျန်စုပြည်နယ်၌ ငလျင်လှုပ်၊ ပြည်သူများ စိုးရိမ်ထိတ်လန့်၍ လမ်းများပေါ်တွင်ဆင်းနေကြရ

**ကျန်စု ဇူလိုင် ၂၀**

တရုတ်နိုင်ငံ ကျန်စုပြည်နယ်အရှေ့ပိုင်း ရန်ကျိုးမြို့၌ ဇူလိုင် ၂၀ ရက် ညပိုင်းက အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ဒေသခံပြည်သူများ စိုးရိမ်ကြောက်လန့်ပြီး လမ်းများပေါ်တွင် ဆင်းနေကြရကြောင်း **(ယာပုံ)** ဆင်ဟွာသတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၁ မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ပြီး ကျန်စုပြည်နယ်အရှေ့ပိုင်း ရန်ကျိုးမြို့ကို ရိုက်ခတ်မှုရှိကြောင်း တရုတ်မြေငလျင်ကွန်ရက်စင်တာက ပြောကြားသည်။

ယင်းငလျင်သည် မြောက်လတ္တီကျု ၃၃ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၁၁၉ ဒသမ ၆ ဒီဂရီတို့အကြား မြေအောက်အနက်

*စာမျက်နှာ ၈ ကော်လံ ၃* ▲

# ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်

နေပြည်တော် ဇူလိုင် ၂၀

**ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။**

**အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။** (သတင်းစဉ်)